မြန်မာ့သမိုင်းတွင် တစ်ဦးတည်းသော

သူရဘွဲ့ရ အမျိုးသမီး

# သူရမချစ်စို

မေမြို့ ချစ်ဆွေ



မြန်မာ့သမိုင်းတွင် တစ်ဦးတည်းသော
သူရဘွဲ့ရ အမျိုးသမီး

# သူရမချစ်ပို

## မေမြို့ချစ်ဆွေ

မျက်နှာဖုံးဒီဇိုင်း – မောင်မြင့်ဖေ (လူထု)

ပထမအကြိမ်

၂၀၁၄ ခုနှစ် ၊ စက်တင်ဘာလ

[redacted]

အုပ်ရေ – 1500

တန်ဖိုး – [redacted]

ထုတ်ဝေသူ – ဦးငြိမ်းချမ်း (မြ – ၀၁၂၅၁)
ကြီးပွားရေးစာအုပ်တိုက်
၂၂၁၊ ၈၄ လမ်း နှင့် ၃၃ လမ်းထောင့်၊
မန္တလေး။
ဖုန်း ၀၂ – ၃၉၅၁၅ ၊ ၆၀၁၃၆

ပုံနှိပ်သူ – ဦးငြိမ်းချမ်း (မြ – ၀၃၁၉၅)
လူထုကြီးပွားရေးပုံနှိပ်တိုက်
၂၂၁၊ ၈၄ လမ်းနှင့် ၃၃ လမ်းထောင့်၊
မန္တလေး။
ဖုန်း ၀၂ – ၃၉၅၁၅ ၊ ၆၀၁၃၆

၈၀၈.၈၄

မေမြို့ချစ်ဆွေ
သူရမချစ်ပို / မေမြို့ချစ်ဆွေ။
မန္တလေး။
ကြီးပွားရေးစာအုပ်တိုက်၊ ပထမအကြိမ်၊ ၂၀၁၄။
၁၂၀ – စာ၊ ၁၄.၃ စင်တီ X ၂၂ စင်တီ။
(၁) သူရမချစ်ပို။

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျေးဇူးတင်လွှာ | ၁ |
| ၂။ | အမှာစာ | ၃ |
| ၃။ | နိဒါန်း | ၄ |
| ၄။ | ပြင်ဦးလွင်ကို သိမ်းပိုက်ခဲ့သော ကေအင်ဒီအို၏ နောက်ခံသမိုင်း | ၅ |
| ၅။ | ပြင်ဦးလွင်ရှိ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးများ အပြောင်းအလဲ | ၂၀ |
| ၆။ | မိတ္ထီလာကို ကေအင်ဒီအိုများ သိမ်းခြင်း | ၂၅ |
| ၇။ | ဗမာ့လေကြောင်း (UBA) မှ ခရီးသည်တင် ဒါကိုတာလေယာဉ်နှစ်စီး မိတ္ထီလာလေယာဉ်ကွင်းတွင် ကေအင်ဒီအိုများ သိမ်း | ၃၁ |
| ၈။ | ကေအင်ဒီအိုနှင့် သူရမချစ်ပို | ၄၀ |
| ၉။ | ပြင်ဦးလွင်တိုက်ပွဲ | ၅၉ |
| ၁၀။ | ပြင်ဦးလွင် ကေအင်ဒီအိုများလက်မှ ပြန်လည်သိမ်းပိုက်ခြင်း | ၇၄ |
| ၁၁။ | မြင်းခြံကို ကေအင်ဒီအိုများ သိမ်းခြင်း | ၇၇ |
| ၁၂။ | မန္တလေးကို ကေအင်ဒီအိုများ သိမ်းပြီ | ၈၁ |
| ၁၃။ | မန္တလေးကို ပြန်လည်သိမ်းပိုက်ရန် စီစဉ်ခြင်း | ၈၇ |
| ၁၄။ | မိတ္ထီလာ ပြန်လည်သိမ်းပိုက်ခြင်း | ၈၉ |
| ၁၅။ | ဗိုလ်မှူးတင်မောင် ( သိပ္ပံမှူးတင် ) ပြောသော ပြင်ဦးလွင်နှင့် ကေအင်ဒီအို | ၉၂ |

၁၆။ ပြင်ဦးလွင်နှင့် မန္တလေးမြို့များကို ကေအင်ဒီအိုလက်မှ ၉၅
ပြန်လည်သိမ်းပိုက်ခဲ့ပုံ ဒုဗိုလ်မှူးကြီးဘဖြူပြောကြားပုံ
၁၇။ လားရှိုးကို ပြန်လည်သိမ်းပိုက်ခြင်း ၁၀၀
၁၈။ တောင်ကြီးကို ကေအင်ဒီအိုသိမ်းခြင်းနှင့် ဗိုလ်မှူးကြင် ကျဆုံးခြင်း ၁၀၃
၁၉။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးကြီးမောင်မောင်နှင့် ၁၀၅
အရာရှိများ လွတ်မြောက်လာပုံ
၂၀။ ဗိုလ်မှူးကြီးဟောင်းတင်မောင် ( မြတ်ထန် ) ပြောသော ဗိုလ်နေ်ဆိုင်း ၁၀၇
၂၁။ ပြင်ဦးလွင်သမိုင်းအတွက် အမှတ်တရ တပ်မတော် အင်ဂျင်နီယာ ၁၁၁
တပ်ဖွဲ့နေ့ ဖေဖော်ဝါရီ ၂၄ ရက်
၂၂။ နိဂုံး ၁၁၆

■

# ကျေးဇူးတင်လွှာ

"မြန်မာ့သမိုင်းတွင် တစ်ဦးတည်းသော သူရဘွဲ့ရအမျိုးသမီး သူရမချစ်ပို" သမိုင်းဝင်စာအုပ် ဖြစ်ပေါ်လာရေးအတွက် အကူအညီ ပေးခဲ့ကြသော . . .

ဒုဗိုလ်မှူးကြီးတင်မောင်(ငြိမ်း) သိပ္ပံမှူးတင်၊ ပြင်ဦးလွင် စစ်တက္ကသိုလ်၊ ကျောင်းအုပ်ကြီး ဗိုလ်ချုပ်အောင်လင်းဒွေး၊ တပ်မတော်အင်ဂျင်နီယာကျောင်း ကျောင်းအုပ်ကြီး ဒုဗိုလ်မှူးကြီး အေးလွင်၊ ပြင်ဦးလွင် စစ်တက္ကသိုလ်၊ စာကြည့်တိုက်မှူး ဗိုလ်ကြီး လှထွန်း၊ ဒေါက်တာစောဖိုးအောင် (ကွယ်လွန်) ၏သမီး ဒေါ်ရင်ရင်မေ၊ ဒေါက်တာဘရှင်(ကွယ်လွန်) ၏သား ဦးသိန်းထွန်း၊ ကိုယုန်မြင့်ပိုင် (ကွန်ပျူတာ)၊ ဦးညိုမှိုင်း(အားမာန်သစ်စာပေ၊ ရန်ကုန်) လူထုကြီးပွားရေးပုံနှိပ်တိုက်မိသားစုတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မေမြို့ချစ်ဆွေ

■

# အမှာစာ

၁၈၈၆ ခုနှစ်၊ မြန်မာတို့၏ နောက်ဆုံးဘုရင်ဖြစ်သော သီပေါမင်း၏ သားတော် မြင်စိုင်းမင်းသားသည် ပြင်ဦးလွင်မှ သူ့ကျွန်မခံများနှင့်အတူ ဓါးပင်ကြီး စခန်းမှနေ၍ ပြင်ဦးလွင်ကို သိမ်းပိုက်ရန် တက်ရောက်လာသော နယ်ချဲ့အင်္ဂလိပ် တပ်များအား ခုခံတွန်းလှန်နေစဉ် အခွင့်ကောင်းယူ၍ သီပေါစော်ဘွားက ပြင်ဦးလွင် ကို သူပိုင်သည်ဟုဆိုကာ သူ၏ပဒေသရာဇ်တပ်များက သိမ်းပိုက်ခဲ့လေသည်။

ပြင်ဦးလွင်ကို သီပေါစော်ဘွားတပ်က အကြမ်းဖက် သိမ်းပိုက်လိုက်ပြီဆို သော သတင်းကိုရရှိပြီးနောက် မြင်စိုင်းမင်းသားနှင့်အတူ ကျောက်ဆည်နယ်ဖက် တွင် အင်္ဂလိပ်တပ်များအား စစ်ဆင်ရေးလုပ်နေသော ပြင်ဦးလွင်မှ သူ့ကျွန်မခံ များက ၁၈၈၆ ခုနှစ်၊ မတ်လနှင့် ဧပြီလတွင် ပြင်ဦးလွင်ကို ပြန်လည်သိမ်းပိုက်ရာ စစ်ပွဲမှာ တစ်နေ့နှင့် တစ်ညကြာပြီးနောက် နှစ်ဖက်အကျအဆုံး (၄၁) ဦး ရှိခဲ့သည်။

ဤသည်မှာ ပြင်ဦးလွင်သမိုင်းတွင် တိုင်းရင်းသားအချင်းချင်း ဖြစ်ပွားခဲ့ ရသော ပထမစစ်ပွဲပင် ဖြစ်လေသည်။

တဖန် ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့ မြန်မာနိုင်ငံပြည်တွင်း စစ်တွင် ကေအင်ဒီအိုခေါ် ကရင်များက ပြင်ဦးလွင်ကို သိမ်းပိုက်ခဲ့သည်။ ထိုအခါ ပြင်ဦးလွင်မှ အရပ်သားများသည် တပ်မတော်အင်ဂျင်နီယာတပ် (ဘီအီးတပ်)နှင့် အတူ ပြင်ဦးလွင်ကိုပြန်လည်သိမ်းပိုက်ခဲ့ရာ လူပေါင်း (၁၉၄၆) ဦး ကျဆုံးခဲ့လေသည်။

ဤစစ်ပွဲမှာ ပြင်ဦးလွင်သမိုင်းတွင် တိုင်းရင်းသားအချင်းချင်း ဖြစ်ပွားခဲ့ ရသော ဒုတိယအကြိမ် စစ်ပွဲဖြစ်လေသည်။

ဤစစ်ပွဲတွင် တပ်မတော်အင်ဂျင်နီယာတပ် (ဘီအီးတပ်)မှ တပ်ကြပ် လှမောင်၏ ဇနီးဖြစ်သူ မချစ်ပိုသည် ကေအင်ဒီအို ကရင်များကို ရှေ့တန်းမှ အသက်ကို ပဓာနမထားဘဲ တိုက်ခိုက်ခဲ့သဖြင့် နိုင်ငံတော်က မချစ်ပိုအား "သူရဘွဲ့" ချီးမြှင့်ခဲ့သည်။

သို့သော် မချစ်ပိုမှာ "သူရဘွဲ့" ရသည်ကိုပင် မသိသွားရရှာပေ။

**မေမြို့ချစ်ဆွေ**

# နိဒါန်း

ပြည်တွင်းစစ် အစောဆုံးကာလက ဖြစ်သည်။

၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဗိုလ်မှူးကြီးမောင်မောင်သည် မိတ္ထီလာစစ်မျက်နှာတွင် ကေအင်ဒီအိုလက်တွင်းသို့ ကျရောက်ဖမ်းဆီးခြင်း ခံရလိုက်သည်။

ထိုနေ့မှာပင် ဗိုလ်နော်ဆိုင်း ခေါင်းဆောင်သော ကရင်လက်နက်ကိုင်တို့က မိတ္ထီလာလေယာဉ်ကွင်းကို သိမ်းပိုက်ခဲ့ပြီးနောက် မြန်မာ့လေကြောင်း (UBA) ခရီးသည်တင် လေယာဉ်နှစ်စီးကို ရရှိလိုက်သည်။

ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ထိုလေယာဉ်နှစ်စီးဖြင့် ဗိုလ်နော်ဆိုင်းက ဗမာ့တပ်မတော်တံဆိပ် တပ်ဆင်ထားသော ယူနီဖောင်းများကို ဝတ်ဆင်စေပြီး ဗမာ့တပ်မတော်ဟန်ဆောင်ကာ လက်နက်အပြည့်အစုံဖြင့် ပြင်ဦးလွင်အနီးစခန်း လေဆိပ်သို့ ပျံသန်းခဲ့ပြီးနောက် အနီးစခန်းလေဆိပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ပြင်ဦးလွင်မြို့ကို သေနတ်တစ်ချက်မှ မပစ်ဖောက်ရဘဲ အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည်။

ထိုဖြစ်စဉ်နှင့်အတူ ထူးခြားသော ဖြစ်စဉ်အဖြစ် နိုင်ငံတော်က မချစ်ပိုဆိုသော အမျိုးသမီးတစ်ဦးအား "သူရ" ဘွဲ့ချီးမြှင့်သည့် ဖြစ်စဉ်မှာလည်း မြန်မာ့သမိုင်းတွင် ထူးခြားသောဖြစ်စဉ် ဖြစ်ခဲ့သည်။

❑ ❑ ❑

အခန်း ( ၁ )

# ပြင်ဦးလွင်ကို သိမ်းပိုက်ခဲ့သော ကေအင်ဒီအို၏ နောက်ခံသမိုင်း

## နယ်ချဲ့ပယောဂ

မြန်မာနိုင်ငံကို အင်္ဂလိပ်က စစ်ပွဲသုံးကြိမ်ဖြစ်ပွားအောင် ဖန်တီးပြီးနောက် မြန်မာတစ်နိုင်ငံလုံးကို ၁၈၈၅ ခုနှစ်တွင် သိမ်းပိုက်အုပ်ချုပ်ခဲ့သည်။ နယ်ချဲ့တို့၏ ပရိယာယ်တစ်ခုဖြစ်သော "သွေးခွဲအုပ်ချုပ်ရေးစနစ်" ဖြင့် အုပ်ချုပ်သောကြောင့် မြန်မာနိုင်ငံအတွင်းရှိ လူမျိုးစုများအတွင်း သံသယများ၊ အာဃာတများ၊ မုန်းတီးမှုများ ပေါ်ပေါက်ခဲ့ရသည်။ အထူးသဖြင့် မြန်မာနိုင်ငံအတွင်းရှိ ကရင်တိုင်းရင်းသားများနှင့် မြန်မာတိုင်းရင်းသားတို့အကြားတွင် လူမျိုးရေးသံသယများ၊ အာဃာတများ၊ မုန်းတီးမှုများဖြစ်အောင် နယ်ချဲ့အင်္ဂလိပ်က ဖန်တီးခဲ့သောကြောင့် ယင်းအကြောင်းတရားများ၏ အကျိုးဆက်အဖြစ် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိချိန်တွင် ပြည်တွင်းဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်ရာ၌ ကေအင်ဒီအိုခေါ် ကရင်လက်နက်ကိုင် အဖွဲ့အစည်းနှင့် ကရင်သေနတ်ကိုင်တပ်ရင်းများ တောခိုကာ ဆူပူသောင်းကျန်းမှုသည်လည်း တစ်ခုအပါအဝင် ဖြစ်ခဲ့ပေသည်။

နယ်ချဲ့အင်္ဂလိပ်က မြန်မာတစ်နိုင်ငံလုံးကို စတင်သိမ်းပိုက် အုပ်ချုပ်ချိန်ကပင် ကရင်နှင့်မြန်မာကို သွေးကွဲစေရန် သွေးခွဲခဲ့သည်။ ဤကဲ့သို့ ပြုလုပ်ခဲ့သည့် လုပ်ရပ်များတွင်လည်း အမေရိကန်နှင့် အင်္ဂလိပ်ခရစ်ယာန် သာသနာပြုများကလည်း တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ခဲ့ပေသည်။ မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင်

ထိုးကျိုးစည်ပေါက် သူ့ကျွန်ဘဝသို့ ရောက်ခဲ့ရသော်လည်း မြန်မာ့ထီးကနက်ကို ပြန်လည်စိုက်ထူရန် မျိုးချစ်မြန်မာနှင့် တိုင်းရင်းသားများက နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ ဤသို့ ဆင်နွှဲခဲ့သည့် နယ်ချဲ့တော်လှန်ရေးများကို နှိမ်နင်းရန် အင်္ဂလိပ်က ကရင်လူမျိုးများအား လက်နက်တပ်ဆင်ပေးပြီး အသုံးပြုခဲ့ကြသည်။ ယင်းသို့ ကရင်လက်နက်ကိုင် အဖွဲ့အစည်းများကို စုစည်းပြီး မျိုးချစ်မြန်မာ တော်လှန်ရေးတပ်သားများကို နှိမ်နင်းတိုက်ခိုက်စေရာတွင် အင်္ဂလိပ်နှင့် အမေရိကန် ခရစ်ယာန်သာသနာပြုများလည်း ပါဝင်ခဲ့ပေသည်။

၁၈၈၇ ခုနှစ်တွင် အင်္ဂလိပ်အစိုးရသည် စစ်တပ်အတွင်းသို့ မြန်မာလူမျိုးများအား ပါဝင်ခွင့်ကို ရပ်ဆိုင်းလိုက်ပြီး ကရင်လူမျိုးများနှင့် နောင်အခါတွင် ကချင်၊ ချင်းစသည့် တောင်တန်းသားများကိုသာ စုဆောင်းပါဝင်စေခဲ့သည်။ ၁၈၈၇ ခုနှစ်တွင် အထက်မြန်မာနိုင်ငံ၌ ပေါ်ပေါက်ခဲ့သည့် နယ်ချဲ့အင်္ဂလိပ် တော်လှန်ရေးလှုပ်ရှားမှုများကို နှိမ်နင်းရန် ကရင်လက်နက်ကိုင် တပ်ဖွဲ့တစ်ခုကို အသုံးပြုခဲ့သည်။ ထို့ကြောင့် ကရင်နှင့် မြန်မာလူမျိုးများအကြား အမြင်မကြည်လင်မှုများ၊ အာဃာတများ၊ မုန်းတီးမှုများသည် အကျိုးဆက်အဖြစ် ပေါ်ပေါက်လာခဲ့ရသည်။ အလားတူပင် အောက်မြန်မာနိုင်ငံ၌ ပေါ်ပေါက်ခဲ့သည့် နယ်ချဲ့အင်္ဂလိပ် တော်လှန်ရေးများတွင်လည်း မျိုးချစ်မြန်မာအင်အားစုများကို နှိမ်နင်းတိုက်ခိုက်ရန် ကရင်လူမျိုးများကို အင်္ဂလိပ်က အသုံးချခဲ့ကြသည်။ တောင်ငူတွင် ဖြစ်ပွားသည့် နယ်ချဲ့တော်လှန်ရေးတိုက်ပွဲများတွင် ကရင်လူမျိုးများကို ခရစ်ယာန်သာသနာပြုများက ဦးဆောင်မှုပေးကာ တော်လှန်ရေးအင်အားစုများကို တွန်းလှန်တိုက်ခိုက်စေသည်။ မဟာဝန်ရှင်တော်မင်းကြီးဘားနဒ် (Commissioner Bernard) ကလည်း လက်နက်များ တပ်ဆင်ပေးခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်၏ သွေးခွဲအုပ်ချုပ်မှုစနစ်နှင့် တိုင်းရင်းသားလူမျိုးများအချင်းချင်း သွေးကွဲစေရန်ဆောင်ရွက်ခဲ့သည့် လုပ်ရပ်များနှင့်ပတ်သက်၍ ဖော်ပြရန် ထင်ရှားသည့်သာဓကတစ်ရပ်မှာ ဒေါနယ်မက္ကင်ဇီစမီတန် (Donald Mackenzie Smeaton) ဆိုသူရေးသားသည့် "ဗြိတိသျှအစိုးရအပေါ် သစ္စာစောင့်သိသည့် မြန်မာနိုင်ငံမှ ကရင်လူမျိုးများ" စာအုပ်တွင် မြန်မာနိုင်ငံ၌ ဗြိတိသျှအုပ်စိုးမှုကို အခွန့်ရှည်စေရန် ရဲဝံ့စွန့်စားစွာနှင့် သစ္စာရှိစွာ၊ ကာကွယ်စောင့်ရှောက်ခဲ့သူများမှာ ကရင်လူမျိုးများပင်ဖြစ်ကြောင်း၊ ကရင်လူမျိုးများသာ သစ္စာရှိစွာ

ရဲဝံ့စွန့်စားစွာ ဗြိတိသျှအစိုးရ၏ အမှုတော်ကို ထမ်းဆောင်ခြင်း မပြုခဲ့လျှင် မျိုးချစ်မြန်မာ တော်လှန်ရေးအင်အားစုများသည် အောက်မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်နိုင်မည် ဖြစ်ကြောင်း၊ ထိုနယ်ချဲ့အင်္ဂလိပ် တော်လှန်ရေးစစ်ပွဲတွင် ကရင်လူမျိုးများသာ မြန်မာများဘက်မှ ပါဝင်ပါက ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို ဆက်လက်သိမ်းပိုက် အုပ်ချုပ်ရန် အခက်အခဲများနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း စသည်ဖြင့် ရေးသားဖော်ပြထားသည်ကို ထောက်ရှုခြင်းဖြင့် သိသာနိုင်မည် ဖြစ်ပေသည်။

ကရင်များ၏ လူမျိုးရေးသွေးကွဲမှု စိတ်ဓာတ်မှာ ၁၈၈၁ ခုနှစ်ကတည်းကပင် အရှိန်ရစပြုပြီး ဖြစ်ပေသည်။ ကရင်လူမျိုးများသည် ၁၈၈၁ ခုနှစ်တွင် "ဒေါကလူ" ခေါ် ကရင်အမျိုးသားအသင်းကို တည်ထောင်ဖွဲ့စည်းနိုင်ခဲ့သည်။ ကရင်အမျိုးသား အသင်းသည် နိုင်ငံရေးအသင်းအဖွဲ့အသွင်ဖြင့် ခရစ်ယာန်ဘာသာဝင် ကရင်များနှင့် ခရစ်ယာန်ဘာသာဝင် မဟုတ်သော ကရင်များ၊ အခြားကရင်မျိုးနွယ်စုများ ပေါင်းစည်းရေးကိုဦးတည်ပြီး ရည်ရွယ်ချက်များအဖြစ် ဗြိတိသျှအာဏာပိုင်များနှင့် နားလည်မှုရရှိရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ ကရင်လူမျိုးများ၏ လူမှုရေး၊ စီးပွားရေးတိုးတက်မှုများကို ပညာပေးခြင်းဖြင့်လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့်လည်းကောင်း ဆောင်ရွက်ရေးနှင့် ကရင်လူမျိုးများအား မြန်မာလူမျိုးတို့၏ လွှမ်းမိုးခြင်းမှ ကာကွယ်စောင့်ရှောက်ရေး စသည်တို့ဖြစ်သည်။ ယင်းကရင်အမျိုးသားအသင်းကိုလည်း ခရစ်ယာန်သာသနာပြုများက ဦးဆောင်လမ်းညွှန်မှုများ ပြုလုပ်ခဲ့ကြသည်။ ၁၉၁၉ ခုနှစ်တွင် ဝတ်လုံတော်ရ စောဖေသာက ကရင်ဗုဒ္ဓဘာသာများဖြင့် "မြန်မာပြည်ကရင်အမျိုးသားအဖွဲ့" ကို တည်ထောင်သည်။ ယင်းအဖွဲ့သည် "ဒေါကလူ" အဖွဲ့ကဲ့သို့ပင် မြန်မာပြည်ဥပဒေပြုအဖွဲ့တွင် ပါဝင်ဆောင်ရွက်ပြီး အဖွဲ့ဝင်များမှာ အများအားဖြင့် ဗုဒ္ဓဘာသာများ ဖြစ်ကြသောကြောင့် မြန်မာလူမျိုးများနှင့် ပိုမိုရင်းနှီးချစ်ကြည်မှုကို လိုလားကြသည်။

၁၉၃၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပေါ်ပေါက်ခဲ့သည့် ဆရာစံဦးဆောင်သော တောင်သူလယ်သမား အရေးတော်ပုံကြီးတွင်လည်း အရေးတော်ပုံတပ်သားများကို နှိမ်နင်းရန် နယ်ချဲ့အင်္ဂလိပ်အစိုးရက ကရင်လူမျိုးများကို အသုံးချခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်အုပ်ချုပ်ခဲ့သည့် ၁၈၈၆ ခုနှစ်က ပေါ်ပေါက်ခဲ့သော နယ်ချဲ့တော်လှန်ရေးအင်အားစုများကို နှိမ်နင်းရန်

ကရင်လူမျိုး လက်နက်ကိုင်အဖွဲ့များကို အသုံးချသကဲ့သို့ ၁၉၃၁ ခုနှစ်တွင်လည်း နယ်ချဲ့အင်္ဂလိပ်အစိုးရက ဆရာစံဦးဆောင်သည့် တောင်သူလယ်သမားအရေးတော်ပုံကြီးကို ဖြိုခွဲရန် ကရင်လူမျိုးလက်နက်ကိုင်အဖွဲ့များကို အသုံးပြုခဲ့သည်။ ကရင်လူမျိုး လက်နက်ကိုင်အဖွဲ့များသည် ဆရာစံ၏ ဂဠုန်တပ်ဖွဲ့များ၏ တိုက်ခိုက်မှုများကို တွန်းလှန်ကြသကဲ့သို့ နယ်ချဲ့အင်္ဂလိပ်အစိုးရက ဂဠုန်တပ်ဖွဲ့များကို ထိုးစစ်ဆင်ရာတွင်လည်း ပူးပေါင်းပါဝင် တိုက်ခိုက်ခဲ့ကြသည်။ ဤအချက်များကား နယ်ချဲ့ပယောဂကြောင့် တိုင်းရင်းသားလူမျိုးအချင်းချင်း စိတ်ဝမ်းကွဲရသည့် အချက်များပင် ဖြစ်ပေသည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားပြီးနောက် ၁၉၄၂ ခုနှစ်တွင် ဂျပန်တပ်မတော်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်တို့ မြန်မာနိုင်ငံအတွင်းသို့ ချီတက်ဝင်ရောက်လာသောအခါ နယ်ချဲ့အင်္ဂလိပ် စစ်တပ်များသည် မြန်မာနိုင်ငံအတွင်းတွင် မြေလှန်စနစ်ကို ကျင့်သုံးခဲ့ကြသည်။ နယ်ချဲ့အင်္ဂလိပ် စစ်တပ်များသည် ရန်ကုန်မြို့တွင် အရေးကြီးသည့် အာရ်၊ အီး၊ တီ ဓာတ်အားပေးစက်ရုံကြီး၊ မော်လမြိုင်အင်န်၊ အီး၊ အက်စ် ဓာတ်အားပေးစက်ရုံကြီး၊ မြန်မာပြည် မီးရထားခေါင်းတွဲစက်ရုံကြီး၊ ရောဝတီ မီးသင်္ဘောကြီးငယ်များမှအစ ရေနံမြေ ရေနံထုတ်လုပ်ရေးနှင့်ပတ်သက်သော ရေနံတွင်းများ၊ သံလျင်ရေနံချက်စက်ရုံများအားလုံး၊ ပို့ဆောင်ရေးမော်တော်ယာဉ်များအားလုံး၊ သရက်၊ အာလံ (ယခုအောင်လံ) ရှိ ဘိလပ်မြေစက်၊ ဆီစက်၊ ဝါစက်များ၊ မြင်းခြံမြို့ ဝါနှင့်ချည်မျှင်စက်၊ ဆပ်ပြာစက်များ၊ နမ္မတူနှင့်မော်ချီးဘော်တွင်းများ၊ စစ်ကိုင်းရှိ အင်းဝတံတားကြီး စသည်တို့ကို ဖျက်ဆီးပစ်ခဲ့ကြသည်။ ထို့ပြင် နယ်ချဲ့အင်္ဂလိပ် စစ်တပ်များသည် ဧရာဝတီမြစ်ညာအရောက်တွင် လှေစီးနှင့် ကုန်တင်သင်္ဘောများအားလုံးကို ဖောက်ခွဲနှစ်မြှုပ်ပစ်ခြင်း၊ ငွေစက္ကူများကို မီရှို့ပစ်ခြင်း၊ ငွေဒင်္ဂါးများကို ရေထဲသို့သွန်ချခြင်း၊ မီးရထားတွဲများအားဖျက်ဆီးပစ်ခြင်း စသည်တို့ကို ပြုလုပ်သွားခဲ့ကြသည်။

ထိုမျှမက နယ်ချဲ့အင်္ဂလိပ် စစ်ပြေးအစိုးရသည် မြန်မာနိုင်ငံအတွင်းသို့ ချီတက်ဝင်ရောက်လာသည့် ဂျပန်တပ်များနှင့်ပတ်သက်၍ သတင်းပေးရန်၊ ဂျပန်တို့ကို ပြောက်ကျားစစ်ဖြင့် ဆင်နွှဲတိုက်ခိုက်ရန် ပဥ္စမံတပ်သားများအဖြစ် အင်္ဂလိပ်စစ်တပ်မှ ကရင်တပ်သားအချို့ကို လက်နက်ခဲယမ်းမီးကျောက်နှင့် ငွေကြေးအပြည့်အစုံပေးအပ်ကာ ကိုယ်ရောင်ဖျောက်နေထိုင်ရန် ညွှန်ကြားခဲ့သည်။ ဗြိတိသျှတပ်မှ

ဗိုလ်မှူးဆီးဂရင်းဆိုသူသည် ဗြိတိသျှတပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားသော အခါတွင် လိုက်ပါသွားခြင်းမပြုဘဲ ကရင်နီနယ်တွင် နောက်ချန်နေရစ်ပြီး ဒေသခံ တိုင်းရင်းသားလူမျိုးများကို စည်းရုံးသိမ်းသွင်းကာ ဂျပန်ဆန့်ကျင်ရေးလုပ်ငန်းများ ကို ဆောင်ရွက်ခဲ့သည်။ ဖာပွန်တွင် ယင်းကရင် လက်နက်ကိုင်ပြောက်ကျားများ နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်တို့ တိုက်ပွဲဖြစ်ပွားကာ နှစ်ဖက်စလုံး အကျအဆုံး များခဲ့ရသည်။ ထိုအတောအတွင်း မြောင်းမြစီရင်စု၊ ဗမာ့လွတ်လပ်ရေးတပ်မတော် အုပ်ချုပ်ရေးဆိုင်ရာ သခင်အချို့နှင့် အင်္ဂလိပ်တို့ ချန်ထားခဲ့သည့် လက်နက်ကိုင် ကရင်တပ်သားအချို့တို့ တစ်ဦးအပေါ်တစ်ဦး အထင်အမြင် လွဲမှားမှုများကြောင့် လူမျိုးရေးပဋိပက္ခအသွင်ဆောင်သည့် အဓိကရုဏ်းကြီးပေါ်ပေါက်ခဲ့ရာ ကရင်– မြန်မာ နှစ်ဘက်စလုံး အတန်ပင် နစ်နာဆုံးရှုံးခဲ့ကြရသည်။ သို့သော် ထိုပဋိပက္ခ မှာ ကရင်–မြန်မာ နှစ်ဖက်ခေါင်းဆောင်များ၏ လျင်မြန်စွာ ဖြေရှင်းပေးမှုကြောင့် ဆက်လက် ပြန့်ပွားမှုမရှိဘဲ ပြေငြိမ်းခဲ့ရသည်။

## ကရင်ပြည်နယ်ရရှိရေး

ကရင်လူမျိုးများသည် နယ်ချဲ့၏ ပယောဂကြောင့် မြန်မာလူမျိုးများထက် ဗြိတိသျှတို့အား ပိုမိုအားကိုးကြသည်။ မဟာမိတ်တပ်များ မြန်မာနိုင်ငံကို ပြန်လည် သိမ်းပိုက်ပြီးနောက် ဗိုလ်ချုပ်အောင်ဆန်း၏ ဦးဆောင်မှုအောက်တွင် မြန်မာပြည် သူတစ်ရပ်လုံးက လုံးဝလွတ်လပ်ရေးရရန် မျှော်မှန်းချက်ဖြင့် နိုင်ငံရေးလှုပ်ရှားမှုများ စတင်ဆောင်ရွက်ကြရာတွင် ကရင်လူမျိုးများကလည်း သီးခြားပြည်နယ်တည် ထောင်ရေးအတွက် စိုင်းပြင်းလာကြသည်။ "ကရင်ဆိုရှယ်လစ် ဆားဗစ်ဆက် ကလပ်" ခေါ် ကရင်ပေါင်းသင်းဆက်ဆံရေးအသင်းက မြန်မာတစ်နိုင်ငံလုံးရှိ ဖက်ဆစ်ဂျပန်လက်အောက်မှ လွတ်မြောက်သည့်ဒေသများမှ ကရင်လူမျိုးများကို ရန်ကုန်မြို့တွင် စုစည်းပြီး လူထုအစည်းအဝေးကြီးတစ်ရပ်ကို ၁၉၄၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှ ဇူလိုင်လ ၅ ရက်နေ့အထိ ကျင်းပပြုလုပ်ကာ "ကရင် ဗဟိုအစည်းအရုံး" ကို ဖွဲ့စည်းသည်။ အစည်းအရုံးဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက် မှာ ကရင်လူမျိုးများ နိုင်ငံရေးအားဖြင့် တစ်စည်းတစ်လုံးတည်း ဖြစ်စေရန်ဖြစ် သည်။ အစည်းအဝေးမှ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ ပဲခူးခရိုင်မှ ညောင်လေးပင် ခရိုင်ခွဲ၊ ထိုင်းနိုင်ငံနယ်စပ်နှင့် ဆက်စပ်လျက်ရှိသည့် ကရင်လူမျိုးများနေထိုင်ရာ

ဒေသများကိုပေါင်းစပ်ပြီး ကရင်ပြည် နယ်စပ်အဖြစ် ဖွဲ့စည်း၍ ဗြိတိသျှဘုရင်ခံ၏ လက်အောက်တွင် ကရင်လူမျိုးများက အုပ်ချုပ်စေရန် ဆုံးဖြတ်သည်။ ထို့ပြင် အစည်းအဝေးမှ စောဘဦးကြီးခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို အင်္ဂလန်သို့စေလွှတ်၍ သီးခြားကရင်ပြည်နယ် ရရှိရေးအတွက် ဗြိတိသျှအာဏာပိုင်များထံ တင်ပြတောင်းဆိုရန်လည်း ဆုံးဖြတ်ကြသည်။

၁၉၄၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့မှ ၆ ရက်နေ့အထိ ရန်ကုန်မြို့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကရင်ညီလာခံကိုကျင်းပပြီး ကရင်ဗဟိုအစည်းအရုံးက သီခြားကရင်ပြည်နယ် တည်ထောင်ရေးအဆိုကို တင်သွင်းသည်။ အချို့သော ကရင်ကိုယ်စားလှယ်များက ယင်းကိစ္စမှာ စောလွန်းသေးသည်ဟု ယူဆကာ ကန့်ကွက်ကြသော်လည်း အဆိုမှာ အတည်ဖြစ်သွားသည်။ ၁၉၄၆ ခုနှစ်၊ ဇူလိုင်လတွင် မစ္စတာ ဆစ် (ဒ်) နီလူနီ၊ စောဘိုးချစ်၊ စောသာဒင်နှင့် စောဘဦးကြီးတို့ပါဝင်သော ကရင်ကိုယ်စားလှယ်အဖွဲ့ကို အင်္ဂလန်နိုင်ငံသို့စေလွှတ်ပြီး ဗြိတိသျှအစိုးရ၏ သဘောထားကို စုံစမ်းစေသည်။ ကရင်ကိုယ်စားလှယ်အဖွဲ့သည် မြန်မာများက ကရင်လူမျိုးများအား မျိုးပြုတ်အောင်လုပ်နေကြသည်။ ထို့ကြောင့် ဗြိတိသျှပါလီမန်က ကရင်နိုင်ငံ တစ်နိုင်ငံဖြစ်ပေါ်အောင် အထူးအက်ဥပဒေ ပြုလုပ်ပေးပါဟု တောင်းဆိုသော စာတမ်းတစ်ခုကို အင်္ဂလန်နိုင်ငံတွင် ရိုက်နှိပ်ဖြန့်ဝေခဲ့သည်။ သို့သော် ယင်းတို့၏ ရည်ရွယ်ချက် အောင်မြင်မှုမရှိခဲ့ပေ။

ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသောအခါ ကရင်ဗဟိုအစည်းအရုံးကြီးက ရန်ကုန်မြို့တွင် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်နေ့မှ ၆ ရက်နေ့အထိ ညီလာခံတစ်ရပ်ကို ကျင်းပပြီး အင်္ဂလန်နိုင်ငံသို့ သွားရောက်ခဲ့သည့် ကရင်ကိုယ်စားလှယ်အဖွဲ့ အောင်မြင်မှုမရရှိခဲ့ပုံကို ရှင်းလင်းပြောကြားပြီး အောင်ဆန်း–အက်တလီစာချုပ်ကို ရှုတ်ချသည်။ စောဘဦးကြီးကိုလည်း ဘုရင်ခံ၏ အမှုဆောင်ကောင်စီမှ နုတ်ထွက်စေကာ "ကရင်ဗဟိုအစည်းအရုံး" (ကေစီအို) ကိုလည်း "ကရင်အမျိုးသားသမဂ္ဂ" (ကေအင်ယူ) (**Karen National Union - KNU**) ဟု ပြောင်းလဲမှည့်ခေါ်ပြီး တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို သပိတ်မှောက်ရန် ဆုံးဖြတ်ကြသည်။ ဤဆုံးဖြတ်ချက်များကို သဘောမတူသော "ကရင်လူငယ်များအစည်းအရုံး" (ကေဝိုင်အို) (**Karen Youth Organization - KYO**) သည် ကရင်အမျိုးသားသမဂ္ဂ (ကေအင်ယူ) မှ ခွဲထွက်ပြီး ၁၉၄၇ ခုနှစ်၊ မတ်လတွင် သီးခြားအဖွဲ့အစည်း တည်ထောင်ကြသည်။

## ကေအင်ဒီအို ဖွဲ့စည်းခြင်း

ကေအင်ယူ အဖွဲ့ချုပ် (Karen National Union - KNU) သည် ၁၉၄၇ ခုနှစ်၊ မေလတွင် ကရင်အမျိုးသား ကာကွယ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး ဇူလိုင်လတွင် ကာကွယ်ရေးသင်တန်းများကို စတင်ခဲ့သည်။ ထိုသင်တန်းဖွင့်ပွဲတွင် စောဘဦးကြီးက ကရင်အမျိုးသားတို့သည် အမျိုးသားနိုင်ငံထူထောင်ရန် လိုလားနေကြပြီဖြစ်ကြောင်း၊ ကရင်လူငယ်များအစည်းအရုံး (ကေဝိုင်အို) (Karen Youth Organization - KYO) ဥက္ကဋ္ဌစောစံဖိုးသင်သည် နိုင်ငံရေးအရောင်အသွေး ပြောင်းသွားပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ အမှန်မှာ ကေဝိုင်အိုအဖွဲ့သည် အခြေခံဥပဒေအရ ထူထောင်ပေးမည့် ကရင်ပြည်နယ်ကိုသာ လိုလားကြသည်။ ကေအင်ယူအဖွဲ့နှင့်အပြိုင် စည်းရုံးလှုပ်ရှားမှုများကို ကေဝိုင်အိုအဖွဲ့က လုပ်ဆောင်ခဲ့သည်။ ကေအင်ယူအဖွဲ့က တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကို သပိတ်မှောက်သော်လည်း ကေဝိုင်အိုအဖွဲ့က ထောက်ခံ၍ ပါဝင်အရွေးခံခဲ့သည်။ (မှတ်ချက်–ဖက်ဆစ်တော်လှန်ရေးကာလမတိုင်မီ ကရင်ခေါင်းဆောင်များဖြစ်ကြသော စောကြာဒိုး၊ စောထွန်းစိန်၊ စောစံဖိုးသင်၊ မန်းဝင်းမောင် (သမ္မတဟောင်း)၊ မန်းဘခိုင် (ဗိုလ်ချုပ်တို့နှင့်အတူကျဆုံး) စသည့် ကရင်အမျိုးသားခေါင်းဆောင်များသာမက ကရင်လူငယ်မြောက်မြားစွာလည်း ဗမာ့ကာကွယ်ရေးတပ်မတော်အတွင်း ဝင်ရောက်ကြ၍ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်မှုအောက်တွင် အတူတကွ ပါဝင်ပူပေါင်း၍ သွေးစည်းညီညွတ်ခဲ့ကြသဖြင့် ဖက်ဆစ်ဂျပန်တို့အား တိုက်ခိုက်အောင်နိုင်ခဲ့ကြခြင်းဖြစ်သည်။)

၁၉၄၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၁၈၀ တွင် "ကရင်နီပြည်နယ် သံလွင်ခရိုင်၊ ထို့ပြင် နိုင်ငံတော်သမဂ္ဂကခန့်ထားသည့် အထူးကော်မရှင်အဖွဲ့က သတ်မှတ်သော ကရင်အမျိုးသားများ နေထိုင်ကြသည့် ကရင်နီပြည်နယ်နှင့် သံလွင်ခရိုင်တို့၏ ဆက်စပ်ဒေသများကို ထိုဒေသသုံးခု၌ နေထိုင်ကြသူများနှင့်တကွ ထိုဒေသမှအပဖြစ်သော မြန်မာနိုင်ငံ၌ နေထိုင်ကြသည့် ကရင်အမျိုးသားများအနက် များရာက အလိုရှိခဲ့သော် ပြည်ထောင်စုနိုင်ငံအတွင်းတွင် ပြည်ထောင်စုအဖွဲ့ဝင် တစ်ခုအဖြစ်ဖြင့် ဖွဲ့စည်းရမည်။ ထိုပြည်ထောင်စုအဖွဲ့ဝင်ကို ကရင်ပြည်နယ်ဟု ခေါ်ရမည့်အပြင် ရှမ်းပြည်နယ်၏ အဆင့်အတန်းမျိုးကိုလည်း ရရှိစေရမည်ဟူ၍ ပြဋ္ဌာန်းထားသည်။

အထက်ပါပုဒ်မခွဲတွင် ဖော်ပြထားသော ဒေသအသီးသီးရှိလူအများ၏ ဆန္ဒအမှန်ကို စုံစမ်းရာ၌ လိုက်နာရန်ဖြစ်သော လမ်းတို့မှာ ပြည်ထောင်စုနိုင်ငံ၏ တရားဥပဒေက သတ်မှတ်သည့်အတိုင်း ဖြစ်ရမည်" ဟူ၍ ပြဋ္ဌာန်းထားသည်။

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၈၀ တွင်လည်း ...

"ပုဒ်မ ၁၈၀ အရ 'ကရင်ပြည်နယ်' ကို ဖွဲ့စည်းတည်ထောင်ခြင်း မပြုရသေးမီအတွင်း သံလွင်ခရိုင်နှင့်တကွ နိုင်ငံတော်သမ္မတက ခန့်အပ်သော ကော်မရှင်အဖွဲ့က သတ်မှတ်သည့် အဆိုပါခရိုင်နှင့် ဆက်စပ်လျက်ရှိသော နယ်မြေများကို လွယ်ကူစွာ အုပ်ချုပ်နိုင်မှုအတွက် အစီအစဉ်အချို့ထားလျက် 'ကော်သူလေး' ဌာနဟု ခေါ်တွင်သည့် အထူးဒေသတစ်ရပ် ရှိစေရမည်"။

ဟု ပြဋ္ဌာန်းထားသည်။

ထိုသို့ ပြဋ္ဌာန်းထားသည်ကိုလည်း ကေအင်ယူ အမှူးပြုသည့် ကရင်ခေါင်းဆောင်များက လက်မခံကြပေ။ ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့မှ ၄ ရက်နေ့အထိ မော်လမြိုင်မြို့တွင် ကေအင်ယူမှကြီးမှူးပြီး ကရင်ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၏ ညီလာခံတစ်ရပ်ကို ကျင်းပပြုလုပ်သည်။ ယင်းညီလာခံမှ ပြည်ထောင်စုမြန်မာနိုင်ငံ၊ တိုင်းပြုပြည်ပြုလွှတ်တော်မှ ရေးဆွဲသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများကို ဤကရင်ညီလာခံကြီးမှ လက်မခံနိုင်ကြောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ကရင်အမျိုးသားများအတွက် ကျေနပ်လောက်သော သီးသန့်ထားသည့် ကရင်ပြည်နယ်နှင့် ကရင်အစိုးရ ရရှိမှု မပါခြင်းကြောင့် လက်မခံနိုင်ခြင်းဖြစ်ကြောင်း၊ ကရင်အမျိုးသားများအနေဖြင့် တနင်္သာရီတိုင်း၊ တောင်ငူခရိုင်အပါအဝင်၊ ဧရာဝတီတိုင်း၊ အင်းစိန်ခရိုင်၊ ဟံသာဝတီခရိုင်နှင့် ညောင်လေးပင်ခရိုင်ခွဲများပါဝင်သည့် လုံးဝအာဏာပိုင်ဆိုင်သော သီးခြားကရင်ပြည်နယ်ရရှိရန် တောင်းဆိုကြောင်း ဆုံးဖြတ်ကြသည်။

## လက်နက်ကိုင်ဆူပူမှု စတင်ခြင်း

ကေအင်ယူတို့သည် တစ်ဖက်မှ သီးခြားကရင်ပြည်နယ်ရရှိရေးကို တောင်းဆိုနေကြသကဲ့သို့ တစ်ဖက်မှလည်း ကေအင်ဒီအို လက်နက်ကိုင်တပ်ဖွဲ့များကို ဖွဲ့စည်းကာ လက်နက်များတပ်ဆင်ပေးပြီး သီးခြားကရင်ပြည်နယ် ရရှိရေးကို အနုနည်းဖြင့် တောင်းဆို၍မရပါက လက်နက်ကိုင်လမ်းစဉ်ကို ကိုင်စွဲကာ ပုန်ကန်

ထကြွရန် အစီအမံများ ပြုလုပ်ထားကြသည်။ ထို့ပြင် ကေအင်ယူတို့သည် တနင်္သာရီတိုင်းအတွင်းရှိ မွန်တို့အားလည်း သီးခြားကရင်နှင့် မွန်ပြည်နယ်တည်ထောင်ရန်ဟု ဖြားယောင်းသွေးဆောင် စည်းရုံးသောကြောင့် မွန်တို့က မော်လမြိုင်နှင့် သထုံခရိုင်များအတွင်း ကေအင်ယူနှင့် ကေအင်ဒီအိုအဖွဲ့များနှင့်အလားတူ "မွန်ညီညွတ်ရေးတပ်ဦး" နှင့် "မွန်အမျိုးသားကာကွယ်အရေး အစည်းအရုံး" တို့ကို ဖွဲ့စည်းကြသည်။

၁၉၄၇ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် ကေအင်ယူခေါင်းဆောင်များသည် မြစ်ဝကျွန်းပေါ်နှင့် တနင်္သာရီတိုင်းတို့တွင် အနှံ့အပြား လှည့်လည်သွားရောက်ကာ သီးခြားကရင်ပြည်နယ်ရရှိရေးကို ဟောပြောကြပြီး အကယ်၍ များမကြာမီအတွင်း သီးခြားကရင်ပြည်နယ် မရရှိပါက အဆုံးစွန်အထိ ပြုလုပ်ကြရန် အသင့်ပြင်ထားကြဟု လှုံ့ဆော်ကြသည်။

ကေအင်ယူတို့သည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားသို့လည်း ပါဝင်ခြင်းမရှိကြပေ။ ၁၉၄၈ ခုနှစ်၊ တစ်နှစ်လုံးပင် ကေအင်ယူက သီးခြားကရင်ပြည်နယ်ရရှိရေးကို လှုံ့ဆော်ပြီးလျှင် ကရင်နီပြည်နယ်၊ ကရင်လက်နက်ကိုင်တပ်များနှင့် ကရင်စစ်ရဲတပ်များအတွင်းသို့ သွေးထိုးပေးလေသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ကွန်မြူနစ်များ၊ ရဲဘော်ဖြူများ၏ တောခိုဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ရာတွင် ကေအင်ယူတို့သည် ကျေးရွာများကို ကွန်မြူနစ်ရန်မှ ကာကွယ်ရန်ဟူသော အကြောင်းပြချက်ဖြင့် ကေအင်ဒီအိုတို့အား လက်နက်ကိုင်ဆောင်ခွင့်ပြုရန် တောင်းဆိုရာ တွံတေးတွင် စစ်ဦးစီးချုပ်ဗိုလ်ချုပ်စမစ်ဒွန်းလက်မှတ်ဖြင့် လက်နက်ကိုင်ဆောင်ခွင့် ပြုခဲ့သည်။ ကေအင်ဒီအိုတို့သည် ယင်းလက်နက်ကိုင်ဆောင်ခွင့် လက်မှတ်ဖြင့် တစ်ကြိမ်လျှင် လက်နက်ကိုင် ၈၀ ကို တွံတေးတူးမြောင်းမှတဆင့် မော်တော်ဖြင့် အခေါက်ခေါက်အခါခါ သယ်ယူကာ အင်းစိန်တွင် စုရုံးကြသည်။

ကေအင်ယူတို့၏ သီးခြားကရင် ပြည်နယ်ရရှိရေးအတွက် တောင်းဆိုမှုများနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရကလည်း ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ရန် ၁၉၄၈ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် ပါလီမန်အမတ်စောနော်တင်ဘွားနှင့် အဖွဲ့ဝင် ၈ ဦးပါဝင်သည့် ကော်သူလေးနယ် သတ်မှတ်မှု

အဖွဲ့ခေါ် အထူးကော်မရှင်အဖွဲ့ကို ခန့်အပ်၍လည်းကောင်း၊ ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် တရားလွှတ်တော်ချုပ်၏ တရားဝန်ကြီးချုပ် ဒေါက်တာဘဦး (နောင်တွင် နိုင်ငံတော်သမ္မတဖြစ်သူ) ခေါင်းဆောင်ပြီး လူမျိုးစု ကိုယ်စားလှယ်များပါဝင်သော ဒေသအလိုက် ကိုယ်ပိုင်အုပ်ချုပ်မှု စုံစမ်းရေးကော်မရှင်ကိုလည်းကောင်း ဖွဲ့စည်းပေးပြီး ကရင်ပြည်နယ်အရေးကို ဖြေရှင်းရန် ဆောင်ရွက်သည်။

ထိုအတောအတွင်း နိုင်ငံတော်အစိုးရက ကေအင်ယူများအား အမြင်မှန်စေရန်နှင့် ယင်းတို့၏ သီးခြားပြည်နယ် လိုလားတောင့်တချက်များကို ဥပဒေစည်းကမ်းအရ ဆောင်ရွက်ကြရန် အစွမ်းကုန် နှိုးဆော်တိုက်တွန်းသည်။ မြစ်ဝကျွန်းပေါ်ခရိုင်များတွင် လူမျိုးရေးကိစ္စများ စိုးရိမ်ဖွယ်ဖြစ်လာ၍ ဝန်ကြီးချုပ်သခင်နု ကိုယ်တိုင် ကေအင်ယူခေါင်းဆောင် စောဘဦးကြီးအပါအဝင် ကေအင်ယူခေါင်းဆောင်အချို့နှင့်အတူ သွားရောက်၍ ချစ်ကြည်ရေးတရားများ ဟောပြောခဲ့ရသည်။

ကေအင်ယူတို့သည် နိုင်ငံတော်အစိုးရအနေဖြင့် အလံနီကွန်မြူနစ်၊ အလံဖြူကွန်မြူနစ်၊ ရဲဘော်ဖြူစသည့် ရောင်စုံသောင်းကျန်းသူများနှင့် ရင်ဆိုင်နေရ၍ အကြပ်အတည်းတွေ့နေချိန်တွင် အခွင့်အရေးယူ၍ လှုပ်ရှားကြခြင်းလည်း ဖြစ်သည်။ ထို့ပြင် လွတ်လပ်ရေးရရှိချိန်တွင် တပ်မတော်၏ အဓိကကျသော နေရာဌာနကြီးများတွင် ချုပ်ကိုင်ထားသူများမှာ ကရင်အမျိုးသား တပ်မတော်အရာရှိကြီးများဖြစ်ရာ ယင်းတို့၏ အားပေးကူညီထောက်ပံ့မှုကို မျှော်မှန်း၍ လှုပ်ရှားကြသည်ဟုလည်း ယူဆနိုင်ပေသည်။

ကွန်မြူနစ်များနှင့် ရဲဘော်ဖြူများ တောခိုပြီးနောက်တွင် စစ်ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်း၊ တပ်မတော်ဗိုလ်ချုပ်ရာထူးကို ဂုဏ်ထူးဆောင်အဖြစ် ရရှိထားသော ရဲချုပ်ဦးထွန်းလှအောင်၊ လေတပ်ဦးစီးချုပ် ဒုတိယဗိုလ်မှူးကြီးစောရှီးရှိုး၊ ဗိုလ်မှူးချုပ် စောကြာဒိုး၊ ဂုဏ်ထူးဆောင် ဗိုလ်မှူးချုပ်အဆင့်ရရှိထားသော ဦးတင်ထွဋ် စသူတို့ပါဝင်သည့် နိုင်ငံတော်လုံခြုံရေးကောင်စီသည် နိုင်ငံရေးအခြေအနေ မငြိမ်မသက်ဖြစ်နေသည်ကို အခွင့်ကောင်းယူ၍ ဗမာ့သေနတ်ကိုင်တပ်ရင်းများမှ လက်နက်များသိမ်းယူရန် စီမံခဲ့သည်။

ဗိုလ်ချုပ်နေဝင်းသည် ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ ဒုတိယစစ်ဦးစီးချုပ်နှင့် ဒုတိယစစ်သေနာပတိ (တပ်ပေါင်းစု) အဖြစ် ခန့်အပ်ခြင်းခံခဲ့ရ

သည်။ ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ဗိုလ်ဇေယျ၊ ဗိုလ်ရဲထွဋ်နှင့် ဗမာ့သေနတ်ကိုင်တပ်ရင်း ၃ မှ အင်အား ၁၀၀ ကျော်ခန့်သည် မင်္ဂလာဒုံမှ ပြည်ဘက်သို့ထွက်ခွာ၍ တောခိုကြရာ တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်းသည် ဗမာ့တပ်မတော်မှ တပ်အချို့ တောခိုသည်ကို အကြောင်းပြု၍ ဗမာတပ်များကို နှိမ်ခဲ့သည်။ ကရင်သေနတ်ကိုင် တပ်ရင်းများအား လက်နက်ကြီးများနှင့် စက်သေနတ်များကို ဖွဲ့စည်းပုံထက်ကျော်လွန်ပြီး ထုတ်ပေးခဲ့သည်။

## ကရင်စစ်ရဲများက ပုန်ကန်ခြင်း

၁၉၄၈ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့တွင် သထုံမြို့ရှိ ကရင်စစ်ရဲများက စတင်ပစ်ခတ်ပြီး မြို့အုပ်ချုပ်ရေးကို သိမ်းယူသည်။ ၁၉၄၈ ခုနှစ်၊ ဩဂုတ်လတွင် သထုံမြို့ပေါ်ရှိ ကေအင်ယူခေါင်းဆောင်များ၊ ကေအင်ဒီအို တပ်ဖွဲ့များနှင့် ကရင်စစ်ရဲများပူးပေါင်း၍ သထုံခရိုင်တစ်ခုလုံးကို စတင်သိမ်းပိုက်ရန် ကြိုးစားကြရာ ဩဂုတ်လ ၂၀ ရက်နေ့တွင် သထုံခရိုင်တစ်ခုလုံး ကေအင်ဒီအိုများ၏ လက်သို့ကျရောက်သွားပြီး ကော်သူလေးအစိုးရကို ဖွဲ့စည်းထူထောင်ကြသည်။ သထုံခရိုင်တွင် ကေအင်ယူနှင့် ကေအင်ဒီအိုများ ဆူပူသောင်းကျန်းခြင်းနှင့် ပတ်သက်၍ ကေအင်ယူအဖွဲ့ချုပ်က ၂၅-၇-၄၈ ရက်စွဲဖြင့် မေတ္တာရပ်ခံချက်တစ်ရပ် ထုတ်ပြန်ပြီး အစိုးရနှင့် စေ့စပ်ညှိနှိုင်းရာတွင်လည်း လက်နက်ကိုင်ပဋိပက္ခ မဖြစ်စေရေးကို ခိုင်မာစွာ အာမခံပေးခဲ့သည်။ အကြမ်းဖက်ဝါဒ၊ လက်နက်ကိုင်ဝါဒကိုလည်း လက်မခံနိုင်ကြောင်း လူသိရှင်ကြား ဖော်ထုတ်ကြေညာသည်။ သို့သော်လည်း ယင်းတို့၏ သီးခြားကရင်ပြည်နယ် ထူထောင်ရေးနှင့်ပတ်သက်၍ တောင်းဆိုချက်များကိုမူ လျှော့မပေးကြပေ။

ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ရဲဘော်ဖြူများ တောခိုသောကြောင့်လည်းကောင်း၊ ကရင်စစ်ရဲများက မြစ်ဝကျွန်းပေါ်တွင် အစိုးရငွေတိုက်နှင့် လက်နက်တိုက်များကို တိုက်ခိုက်လုယက် ဖောက်ထွင်းကြသောကြောင့်လည်းကောင်း၊ အစိုးရသည် ဘီတီအက်ဖ် တပ်ရင်း ၅၂ ရင်းကို အမြန်ဖွဲ့စည်းရန် စီစဉ်သည်။ ကေအင်ယူအဖွဲ့က ဘီတီအက်ဖ်တပ်ရင်းများ ဖွဲ့စည်းခြင်းမှာ ကရင်အမျိုးသားများအား နှိပ်ကွပ်ရန်ဖြစ်သည်ဟု စွပ်စွဲသည်။ ၁၉၄၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကရင်စစ်ရဲများက တွံတေးမြို့ကို သိမ်းပိုက်သည်။ ဩဂုတ်လ ၂၀ ရက်နေ့တွင်

မော်ချီးမိုင်းကို သိမ်းလိုက်ပြန်သည်။ ဩဂုတ်လ ၂၁ ရက်နေ့တွင် သထုံနှင့် ကျိုက္ခမီ၌ ကရင်စစ်ရဲများက အတိအလင်း ပုန်ကန်ကြပြန်သည်။ စက်တင်ဘာလ ၁ ရက်နေ့တွင် ကရင်စစ်ရဲများလက်တွင်းသို့ မော်လမြိုင်မြို့ ကျရောက်သွားသည်။ မအူပင်၌လည်း အစိုးရငွေတိုက်ကို ဖောက်ယူကြသည်။ ဤသို့ဖြင့် ကရင်စစ်ရဲများမှ စတင်လိုက်သော ကရင်သောင်းကျန်းမှုများ ပိုမိုကျယ်ပြန့်၍ လာလေသည်။

၁၉၄၈ ခုနှစ်၊ စက်တင်ဘာ လလယ်ခန့်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာသော လန်ဒန်မြို့၊ ဒေးလီးမေး(လ်) သတင်းစာမှ သတင်းထောက် အလက်ဇန္ဒား ကင်းဘဲလ်ထံမှ ယခင်အမှတ် ၁၃၆ တပ်ဖွဲ့တွင် အမှုထမ်းဆောင်ခဲ့ပြီး ကာလကတ္တား မြို့တွင် ရောက်ရှိနေသော ဗိုလ်မှူးကြီးတူးလောက် ရေးသားသည့်စာများကို ဖမ်းဆီးရမိသည်။ ယင်းစာများတွင် နိုင်ငံခြားမှငွေနှင့် လက်နက်ခဲယမ်းမီးကျောက် အကူအညီများရယူရန် ကေအင်ယူတို့၏ အကြံအစည်များကို ဖော်ပြထားသဖြင့် ကင်းဘဲလ်အား ဖမ်းဆီးအရေးယူပြီး နိုင်ငံပြင်ပသို့ နှင်ထုတ်လိုက်ရသည်။

ကရင်အရေးနှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ် သခင်နုအနေနှင့် အတတ်နိုင်ဆုံး လိုက်လျောကာ ပြေပြစ်စွာ ဆက်ဆံခဲ့သည်။ ကရင်စစ်ရဲများ၏ ပုန်ကန်သောင်းကျန်းမှုများကိုလည်း အတတ်နိုင်ဆုံး မသိကျိုးကျွံ ပြုနေခဲ့သည်။ သို့သော် ကေအင်ယူအဖွဲ့၏ တောင်းဆိုချက်ကိုမူ အစိုးရအနေနှင့် လိုက်လျောနိုင်ခြင်း မရှိခဲ့ပေ။ ကေအင်ယူအဖွဲ့က တောင်းဆိုသော သီးခြားကရင်ပြည်နယ်ဆိုသည်မှာ သံလွင်ခရိုင် (ဖာပွန်၊ ဖားအံနယ်များ လက်ရှိကရင်ပြည်နယ်)၊ တနင်္သာရီတိုင်း (သထုံ၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်ခရိုင်များ) မြစ်ဝကျွန်းပေါ်ဒေသ၊ တောင်ငူခရိုင်နှင့် သံတောင်နယ်သာမက ကရင်နီနယ် (ယခု ကယားပြည်နယ်)ပင် ပါဝင်လေရာ အောက်မြန်မာနိုင်ငံတစ်ခုလုံးပင် ဖြစ်နေသောကြောင့် အစိုးရအနေနှင့် မလိုက်လျောနိုင်ခြင်းဖြစ်သည်။

ကရင်စစ်ရဲများ၏ ပုန်ကန်ထကြွမှုများနှင့် ကေအင်ဒီအိုတို့၏ လှုပ်ရှားမှုများကို တပ်မတော်မှ ကရင်သေနတ်ကိုင်တပ်ရင်းများက သိသိသာသာ အကူအညီပေးလာကြသည်။ ၁၉၄၉ ခုနှစ်၊ နှစ်ဦးပိုင်းတွင် ကရင်လက်နက်ကိုင် တပ်များမှာ အတိအလင်း ပုန်ကန်တိုက်ခိုက်လာကြသည်။ ကေအင်ဒီအိုတို့သည် ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလမှာပင် ထန်းတပင် (တောင်ငူခရိုင်)၊ ဖြူးနှင့် တောင်ငူတို့ကို စတင်တိုက်ခိုက်သည်။ တောင်ငူတွင်ရှိနေသော အမှတ်(၁)ကရင်သေနတ်ကိုင် တပ်ရင်း

သည် ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံတော်အစိုးရကို သစ္စာဖောက်ကာ ကေအင်ဒီအိုများနှင့် ပူးပေါင်းတိုက်ခိုက်ရာ တောင်ငူမြို့သည် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကရင်သောင်းကျန်းသူများလက်သို့ ကျရောက်ခဲ့ရသည်။ အလားတူပင် ဖြူး၊ အုတ်တွင်း၊ ထန်းတပင် စသည်မြို့များမှာလည်း ကေအင်ဒီအိုတို့၏ သိမ်းပိုက်ခြင်းခံရသည်။ ပုသိမ်မြို့ကိုလည်း ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ကရင်လက်နက်ကိုင်တပ်များက စတင်တိုက်ခိုက်ပြန်သည်။

## အင်းစိန်တိုက်ပွဲစတင်ခြင်း

ကေအင်ဒီအိုများသည် အင်းစိန်တွင် ၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ကပင် စတင်လှုပ်ရှားလာကြရာ ကရင်တပ်များ၏ အင်အားမှာ တောင့်တင်းလှသည်။ အမှန်မှာ ကရင်များသည် ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလခန့်ကပင် အင်းစိန်တွင် စုရုံးနေကြပြီဖြစ်သည်။ ရန်ကုန်မြို့ရှိ ကရင်အစုအဖွဲ့ကြီးမားသော အင်းစိန်၊ ခဝဲခြံ၊ ကျိုက္ကလား၊ ကြို့ကုန်းနှင့် စော်ဘွားကြီးကုန်းတို့တွင် ကရင်များသည် ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလခန့်တွင် စတင်၍ အစိုးရတပ်များကို တိုက်ခိုက်လာလျှင် ကာကွယ်ရန်ဟုဆိုကာ ယင်းတို့နေထိုင်သည့် ရပ်ကွက်များကို တိုး၍မပေါက်နိုင်အောင် အကာအကွယ်များ အခိုင်အမာ စတင်ပြုလုပ်ကြသည်။ ရွာစွန်ရွာဖျားများတွင် မြေကတုတ်များကိုလည်းကောင်း၊ အိမ်အောက်တွင် ကျင်းများကိုလည်းကောင်း တူးကြပြီး အချက်အချာကျသောနေရာများတွင် လက်နက်ကိုင်တပ်ဖွဲ့များ ချထားကြသည်။ လက်နက်ခဲယမ်းမီးကျောက်နှင့် ဓာတ်ဆီများစုဆောင်း၍ မြေအောက်တွင် သိုဝှက်ထားကြသည်။ မြစ်ဝကျွန်းပေါ်ခရိုင်များ၊ ကရင်နီနယ်များနှင့် သထုံခရိုင်တို့မှ ကေအင်ဒီအို တပ်ကူများကို ခေါ်ယူကြသည်။ လူသွားလူလာ လမ်းမများမှ ဝေးကွာချောင်ကျနေသော နေရာများတွင် စစ်တန်းလျားများဆောက်လုပ်ပြီး ကေအင်ဒီအိုများအား စစ်သင်တန်းများ အပြင်းအထန် လေ့ကျင့်သင်ကြားပေးကြသည်။ မအူပင်နှင့် သထုံခရိုင်တို့မှ ကေအင်ဒီအိုများသည် တွံတေး၊ စာဘူးတောင်းတို့မှတဆင့် အင်းစိန်တွင် ရာနှင့်ချီ၍ လာရောက်စုရုံးကြသည်။ မြန်မာများကို ကရင်ရပ်ကွက်များအတွင်းသို့ မည်သည့်အကြောင်းနှင့်မျှ မဝင်အောင် တားမြစ်ထားကြသည်။

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလဆန်းတွင် အင်းစိန်တစ်ဝိုက်ရှိ အခြေအနေမှာ အပြင်းအထန် ဆိုးဝါးလာသည်။ ကေအင်ဒီအိုတို့သည် ဥပဒေမဲ့၊ တရားမဲ့ ပြုကျင့်မှုများကို ပြုလုပ်လာကြသည်။ ထို့ကြောင့် အစိုးရက စစ်ဝန်ထမ်းတပ်များကို အင်းစိန်သို့စေလွှတ်၍ ငွေတိုက်နှင့် အခြားအစိုးရ အဆောက်အဦးများကို ကာကွယ်စောင့်ရှောက်စေသည်။ ဤသို့ စစ်ဝန်ထမ်းတပ်များ စေလွှတ်ခြင်းကိုလည်း ကေအင်ဒီအိုတို့က ယင်းတို့အား နှိပ်ကွပ်ရန်ဟု မှတ်ယူကာ စစ်ဝန်ထမ်းများနှင့် ကေအင်ဒီအိုတို့အကြားတွင် မသင့်မမြတ် ဖြစ်လာကြသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက အစိုးရထိပ်တန်းအရာရှိကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ကေအင်ဒီအို ခေါင်းဆောင်များပါဝင်သော ရှစ်ဦးကော်မတီကိုဖွဲ့စည်း၍ ကေအင်ဒီအိုတို့နှင့် စေ့စပ်ရန်ကြိုးပမ်းရသည်။ ရှစ်ဦးကော်မတီ၏ အဓိကတာဝန်မှာ အင်းစိန်တွင် ကေအင်ဒီအိုများ စုရုံးရောက်ရှိနေခြင်းသည် အရေးအခင်းကြီးတစ်ခု ဖြစ်ပွားပေါ်ပေါက်လာစေရန် အကြောင်းရှိသဖြင့် ယင်းတို့အား နေရပ်သို့ ပြန်ပို့စေရန် ဖြစ်သည်။ သို့သော် ရှစ်ဦးကော်မတီ၏ ကြိုးပမ်းချက်မှာလည်း အရာမထင်ဘဲ ဇန်နဝါရီလကုန်တွင် လုံးဝပျက်ပြားသွားခဲ့ရသည်။

၁၉၄၉ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့တွင် အင်းစိန်တစ်ဝိုက်ရှိ သမိုင်း၊ ခဝဲခြံ၊ စော်ဘွားကြီးကုန်းစသော ဆင်ခြေဖုံးရပ်ကွက်များတွင် တိုက်ပွဲများ စတင်ဖြစ်ပွားသည်။ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် စစ်ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်းနှင့် ဒုတိယဗိုလ်မှူးကြီးနှင့် အထက်အရာရှိကြီးများသည် ပြည်ထောင်စုစစ်ရုံး၌ ဆူပူသောင်းကျန်းမှုများနှင့် ပတ်သက်၍ အစည်းအဝေးတစ်ရပ် ကျင်းပသည်။ အစည်းအဝေးမှ တပ်မတော်သည် မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် နိုင်ငံတော်အစိုးရအပေါ် သစ္စာစောင့်သိရန်၊ လူမျိုးရေး၊ အဓိကရုဏ်းများ မပေါ်ပေါက်အောင် တားဆီးရန် ဆုံးဖြတ်ကြသည်။ ထို့ပြင် ယင်းအစည်းအဝေး၌ "လက်နက်ကိုင်စစ်တပ်များနှင့် တိုင်းပြည်အခြေအနေ" ဟူသော စာတမ်းကို ဖြန့်ဝေပြီး ဆွေးနွေးကြသည်။

သို့သော် နိုင်ငံတော်အစိုးရအနေနှင့် တပ်မတော်အတွင်းရှိ ကရင်အရာရှိကြီးများကို ယုံကြည်မှုမရှိတော့ပေ။ ထို့ကြောင့် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် စစ်ဦးစီးချုပ် ဗိုလ်ချုပ်စမစ်ဒွန်းကို တပ်မတော်မှ နုတ်ထွက်စေပြီး ဗိုလ်ချုပ်နေဝင်းအား ဒုတိယဗိုလ်ချုပ်ကြီးအဆင့်ဖြင့် စစ်ဦးစီးချုပ်အဖြစ် ခန့်အပ်လိုက်သည်။

တပ်မတော်အတွင်းရှိ ကရင်အရာရှိနှင့် တပ်သားများကိုလည်း လက်နက်များသိမ်း၍ ခွင့်ရက်ရှည်ပေးကာ အနားယူရန် စီစဉ်သည်။

၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် အင်းစိန်ကို ကေအင်ဒီအိုများက သိမ်းပိုက်လိုက်သည်။ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ပြည်မြို့ရှိ အမှတ် (၂) ကရင်သေနတ်ကိုင်တပ်ရင်းက နိုင်ငံတော်အစိုးရကို သစ္စာဖောက်ကာ ပုန်ကန်ပြီး ပြည်မြို့ကို သိမ်းပိုက်လိုက်သည်။ ထို့နောက် အင်းစိန်ရှိ ကေအင်ဒီအိုများကို အင်အားဖြည့်၍ ရန်ကုန်မြို့ကို သိမ်းပိုက်ရန် ပြည်၊ ရန်ကုန်ကားလမ်းအတိုင်း စုန်ဆင်းချီတက်လာကြသည်။ ယင်းအချိန်မှစ၍ ကေအင်ဒီအိုများနှင့် တပ်မတော်မှ ကရင်သေနတ်ကိုင် တပ်ရင်းများ၏ ပုန်ကန်သောင်းကျန်းမှုများမှာ အတိအလင်း ပေါ်ပေါက်လာခဲ့လေသည်။

တဆက်တည်းမှာပင် ပြင်ဦးလွင်ကိုလည်း ကေအင်ဒီအိုများက ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့တွင် သိမ်းပိုက်ခဲ့လေသည်။

## မန္တလေးနှင့် ပြင်ဦးလွင်ရှိ ကရင်တပ်များထံမှ လက်နက်သိမ်းခြင်း

၁၉၄၉ ခုနှစ်၊ လဆန်းတွင် ကေအင်ဒီအိုတို့သည် ပိုမိုဆိုးရွားလာလေသည်။ ကရင်တပ်အချို့သည် ကေအင်ဒီအိုများကို အကူအညီပေးလာသည်။ ထို့ကြောင့် ကရင်တပ်များကို ပြန်၍ထိန်းရန် လိုအပ်လာသည့်အတိုင်း ကရင်တပ်များထံမှ လက်နက်သိမ်းရန် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် စစ်ရုံးမှ ပြင်ဦးလွင်ရှိ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ညွှန်ကြားချက်ပို့ခဲ့လေသည်။

ထိုအချိန်က ပြင်ဦးလွင်ရှိ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးမှာ ဗိုလ်မှူးချုပ်ကျော်ဇောဖြစ်သည်။

တိုင်းမှူးက တပ်မှူးများနှင့် ဦးစီးအရာရှိများကို အစည်းအဝေးခေါ်ပြီး ကရင်တပ်များထံမှ လက်နက်သိမ်းရန် စစ်ရုံးမှ ညွှန်ကြားသောကြောင့် မိမိတို့တပ်များရှိ ကရင်တပ်သားများထံမှ လက်နက်များ သိမ်းယူပြီးလျှင် နောက်ထပ် အမိန့်တစ်စုံတစ်ရာမရမီ တပ်များတွင်စုပေါင်း၍ ကောင်းမွန်စွာ စောင့်ရှောက်ထားရန် ညွှန်ကြားပြောဆိုလေသည်။

တိုင်းမှူးက မန္တလေးနန်းတွင်းမှ အမှတ် (၃) ကရင်တပ်ရင်းနှင့် အခြားတပ်များမှ ကရင်အရာရှိနှင့် တပ်သားများကို ပြင်ဦးလွင်သို့ မီးရထားဖြင့်ပို့ရန် စီစဉ်သည်။

ပြင်ဦးလွင်ရှိ တပ်များမှာ တိုင်းရင်းသားများ ရောနှောထားသော တပ်များ ဖြစ်၍ လက်နက်သိမ်းရာတွင် ခဲယဉ်းမှုမရှိပေ။

မန္တလေးမှပို့လိုက်သော ကရင်တပ်ရင်း (၃) မှ အရာရှိများနှင့် တပ်သားများကို ပြင်ဦးလွင် အမှတ်(၁) ကချင်တပ်ရင်း (ယခုစစ်တက္ကသိုလ်) တွင် နေရာချထားပေးပြီး ပြင်ဦးလွင်တပ်များမှ ကရင်အရာရှိနှင့် တပ်သားများကို ဘီအီးတပ်တွင်လည်းကောင်း၊ အိမ်ထောင်စုများကို လေ့ကျင့်ရေးတပ်တွင်လည်းကောင်း နေရာချထားပေးပြီး ကောင်းမွန်စွာ စောင့်ရှောက်ခဲ့လေသည်။

အခန်း ( ၂ )

# ပြင်ဦးလွင်ရှိ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးများ အပြောင်းအလဲ


မန္တလေးမှ ကရင်တပ်သားများ ပြင်ဦးလွင်ရောက်ပြီး နှစ်ရက်အကြာတွင် တိုင်းမှူးဗိုလ်မှူးကြီးကျော်ဇောအား တောင်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ပြောင်းရွှေ့ရန်နှင့် ၎င်း၏နေရာကို ဗိုလ်မှူးကြီးလကျ်ာ (ရဲဘော်သုံးကျိပ်)အား ခန့်လိုက်ကြောင်း စစ်ရုံးမှ အမိန့်ထုတ်ပြန်လိုက်လေသည်။

နောက်တစ်ရက် ဗိုလ်မှူးကြီးကျော်ဇောသည် တာဝန်လက်ခံရန် ရန်ကုန်သို့ ထွက်ခွာသွားသည်။ ထိုနေ့မှာပင် ဗိုလ်မှူးကြီး လကျ်ာလည်း ရောက်လာလေသည်။

ဗိုလ်မှူးကြီးလကျ်ာသည် ရောက်လျှင်ရောက်ချင်း တိုင်းဌာနအကြီးအကဲများနှင့် ဦးစီးအရာရှိများကိုခေါ်၍ အလုပ်ကိစ္စများအကြောင်းကို ဆွေးနွေးကြသည်။

ဆွေးနွေးကြရာတွင် ကရင်တပ်များ နေရာချထားပေးရေး၊ သက်သာချောင်ချိရေးနှင့် စားသောက်ရေးများကို အထူးကိစ္စတစ်ရပ်အနေဖြင့် ဆွေးနွေးကြသည်။ ကရင်ရဲဘော်များသည် ယခုအခါ စိတ်ဓာတ်ကျဆင်းနေသည်ဖြစ်၍ မိမိတို့တတ်နိုင်သည့်ဘက်က အစစအရာရာ ကူညီစေလိုကြောင်း ပြောကြားသည်။

ဗိုလ်မှူးကြီးလကျာ်သည် တိုင်းမှူးတာဝန်ကို ထမ်းဆောင်ပြီး နှစ်ပတ်ခန့် ရှိသောအခါ ရန်ကုန်သို့ သတင်းပို့ရန် တိုင်းမှူးတာဝန်ကို ဒုဗိုလ်မှူးကြီးမောင်မောင် (တပ်မှူးဗိုလ်သင်တန်းကျောင်း) အား လွှဲပြောင်းပေးခဲ့ရန် စစ်ရုံးမှထပ်မံ၍ ကြေးနန်း ရောက်လာလေသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ခေတ္တလုပ်ခဲ့သော ဗိုလ်မှူးကြီးလကျာ် (ရဲဘော်သုံးကျိပ်)

ဒုဗိုလ်မှူးကြီးမောင်မောင်သည် တိုင်းမှူးတာဝန်ကိုလက်ခံပြီး နောက်တစ်ရက် ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈) ရက်နေ့ည (၈) နာရီတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ တိုင်းဌာနအကြီးအကဲများ၊ ဦးစီးအရာရှိအချို့နှင့် အစည်းအဝေး ပြုလုပ်လေ၏။

အစည်းအဝေးတက်ရောက်သော အရာရှိများမှာ ဒုဗိုလ်မှူးကြီးအန်းဂါး၊ ဒုစစ်ရေးနှင့် စစ်ထောက်ချုပ် ဒုဗိုလ်မှူးကြီးနေဝင်း၊ မြောက်ပိုင်းတိုင်းစစ်ရဲချုပ်ဗိုလ်မှူးကျော်ထွန်း၊ ဒုစစ်ဦးစီးအရာရှိ၊ ဗိုလ်မှူးထွန်းတင်၊ ဒုလက်ထောက်စစ်ရေးချုပ် ဗိုလ်မှူးအီဒင်၊ ဒုလက်ထောက်စစ်ထောက်ချုပ် ဗိုလ်မှူးသိန်းမောင်၊ ထောက်ပံ့နှင့်ပို့ဆောင်ရေးမှူး ဗိုလ်မှူးကျော်ဖေ၊ တပ်မှူး ဘီအီးလေ့ကျင့်ရေးတပ်နှင့် မြို့နယ်တပ်မှူးနှင့် အခြားဦးစီးအရာရှိများမှာ ဗိုလ်ကြီးလွင်၊ ဗိုလ်ချစ်ဆွေ၊ ဗိုလ်ကြီးတင့်ဆွေ (ဖျာပုံတင့်ဆွေ) တို့ဖြစ်သည်။

အစည်းအဝေးတွင် တိုင်းမှူးက နောက်ဆုံးအခြေအနေကို တင်ပြရာ၌ တောင်ငူရှိ ကရင်တပ်ရင်း (၁) သည် အတိအလင်းပုန်ကန်ပြီး မြို့ကိုသိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း။ သာဝတ္ထိရှိ အမှတ် (၁) ကချင်တပ်ရင်းလည်း ကရင်လက်နက်ကိုင်တို့နှင့် ပူးပေါင်းသလို သတင်းရကြောင်း။ ထို့ကြောင့် မိတ္ထီလာတွင် ခံစစ်ကြောင်းတစ်ခု အမြန်ပြင်ဆင်ရန်လိုကြောင်း စသည်ဖြင့် ရှင်းလင်းပြလေ၏။

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ တပ်အခြေအနေမှာ အမှတ် (၁) ကချင်တပ်ရင်းမှ တပ်ခွဲ(၄)ခွဲနှင့် အမှတ်(၃)ကချင်တပ်ရင်းမှ တပ်ခွဲ (၁)ခွဲ ပေါင်းတပ်ခွဲ (၅)ခွဲတို့သည် ပျဉ်းမနားမှ ရေတာရှည်အတွင်း၊ နေရာယူထားကြသည်။ မိတ္ထီလာတွင်ရှိသော အမှတ် (၃) ချင်းတပ်ရင်းမှ တပ်ခွဲ(၃) ခွဲကို လွိုင်ကော်သို့ ပို့ထားရ၏။ ၎င်းပြင် လွိုင်ကော်တွင် အမှတ် (၆) သေနတ်ကိုင်တပ်ရင်းမှ တပ်ခွဲ (၂) ခွဲလည်းရှိသေးသည်။ ထို့ကြောင့် မိတ္ထီလာတွင် လောလောဆယ် အသုံးပြုနိုင်သောတပ်မှာ စစ်ရဲတပ်မှ တပ်ခွဲ(၁)ခွဲ၊ စစ်ဝန်ထမ်းတပ်နှင့် ချင်းတပ်ရင်းမှ အနည်းငယ်သာရှိသည်။

လွိုင်ကော်မှတပ်များကို မိတ္ထီလာသို့ခေါ်ယူရန် အချိန်ကြန့်ကြာမည်ဖြစ်၍ လက်ရှိတပ်များနှင့် ခံစစ်ပြင်ဆင်ရန် အောက်ပါအတိုင်း ဆုံးဖြတ်ချက်များကို ချမှတ်လိုက်လေ၏။

(၁) ဗိုလ်မှူးကျော်ထွန်း ဒုစစ်ဦးစီးအရာရှိနှင့် ရန်ကုန်သမျှစစ်သားများ စုဆောင်းပြီး မနက်ဖြန်နံနက် မိတ္ထီလာသို့သွားရန်၊ မော်တာအရာရှိအဖြစ် ဗိုလ်ကြီးသိန်းမောင် ဗိုလ်သင်တန်းကျောင်း လိုက်သွားရန်၊ ရောက်လျှင် ခံစစ်ပြင်ဆင်၍ နေရာယူထားရန်။

(၂) နောက်တစ်ရက် ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် လေ့ကျင့်ရေးတပ်နှင့် ရှမ်းတပ်ရင်းတို့ စုပေါင်းပြီး ပြန်လည်စုစည်း၍ မိတ္ထီလာသို့ လိုက်သွားရန်။ ၎င်းတပ်ကို ဗိုလ်ကြီးတင်ဦးက အုပ်ချုပ်ရန်။

(၃) မိတ္ထီလာတပ်ဖွဲ့ကို နောက်ထပ်အင်အားဖြည့်တင်းရန်။ မြစ်ကြီးနားအမှတ် (၃) ကချင်တပ်ရင်းမှ တပ်ခွဲ (၂)ခွဲကို မိတ္ထီလာသို့ ပို့ပေးရန်။ ကြေးနန်းဖြင့် အကြောင်းကြားရန်။ တပ်ခွဲများသယ်ယူပို့ဆောင်ပေးဖို့ လေယာဉ် (၂) စီး အမြန်ပို့ပေးရန်။ လေယာဉ်များ ရန်ကုန်အလာတွင် လက်နက်ခဲယမ်းမီးကျောက်များ တင်ဆောင်လာရန်ကို စစ်ရုံးသို့ ကြေးနန်းပို့ရန်။

(၄) တိုင်းမှူးနှင့် ဦးစီးအရာရှိအချို့ မိတ္ထီလာသို့ မနက်ဖြန်ထွက်ခွာမည်။ ရောက်လျှင် ရှေ့တန်းစစ်ဆင်ရေးဌာနချုပ်ကို မိတ္ထီလာတွင်ဖွင့်ရန်။

(၅) အရပ်သားများကို လက်နက်တပ်ဆင်ပြီး တပ်ရင်း (၃)ရင်း ဖွဲ့စည်းရန်။ လက်နက်များသွားယူရန် ဗိုလ်မှူးသိန်းမောင် (ထောက်ပံ့ရေးတပ်) သည်

လေယာဉ်ဖြင့် မနက်ဖြန် ရန်ကုန်သို့သွားရန်။ လက်နက်များကို (၂၁) ရက်နေ့ အရောက်ယူခဲ့ရန်။

(၆) ဒုဗိုလ်မှူးကြီးဝင်း မနက်ဖြန် ရန်ကုန်သို့သွား၍ ဗိုလ်ချုပ်ကြီးအား အခြေအနေတင်ပြရန်။

(၇) တိုက်လေယာဉ် (၂) စီးကို အလိုရှိလျှင် အသုံးပြုနိုင်ရန်အတွက် အနီးစခန်းလေယာဉ်ကွင်း ပြင်ဦးလွင်သို့ ပို့ပေးထားဖို့ စစ်ရုံးသို့ တောင်းခံရန် စသည်တို့ဖြစ်လေသည်။

အခန်း ( ၃ )

# မိတ္ထီလာကို ကေအင်ဒီအိုများ သိမ်းခြင်း

သာဝတ္ထိရှိ အမှတ် (၁) ကချင်တပ်ရင်းမှ တစ်ဝက်ကျော်ကျော်နှင့် အမှတ် (၃) ကချင် တပ်ရင်းမှ တွဲဖက်ထားသော တပ်ခွဲတို့သည် ဗိုလ်နော်ဆိုင်း ခေါင်းဆောင်ကာ တောင်ငူအမှတ် (၁) ကရင်တပ်ရင်းနှင့် ပူပေါင်းလိုက်ကြသည်။ အမှတ် (၁) ကရင်တပ်ရင်းသည် ပုန်ကုန်ပြီး တောင်ငူကို သိမ်းထားပြီးဖြစ်နေ၏။

ကရင်လက်နက်ကိုင်တို့သည် တပ်ရင်းတစ်ရင်း အင်အားရှိသောတပ်ဖြင့် မိတ္ထီလာသို့ ချီတက်ကြလေ၏။

ထိုအချိန်က မိတ္ထီလာတွင်ရှိသော တပ်များမှာ အမှတ် (၁) တပ်မဟာ၊ တပ်မဟာမှူး ဗိုလ်မှူးချုပ်စောချစ်ခင်မှာ ကရင်အမျိုးသားဖြစ်သောကြောင့် ပြင်ဦးလွင်သို့ ပို့ထားသည်။ တပ်မဟာကို တပ်မဟာဗိုလ်မှူး ဗိုလ်မှူးဒေါ်ဆင် (လွတ်မြောက်ရန် ကြိုးစားရာတွင် သူပုန်ပစ်သတ်ခံရ) က အုပ်ချုပ်နေသည်။ တပ်မဟာဦးစီးအရာရှိများမှာ ဗိုလ်ကြီးမောင်မောင်၊ ဗိုလ်ကြီးတယ်ရီ၊ ဗိုလ်စိုးလှိုင်၊ ဗိုလ်ထွန်းအုံ၊ ဗိုလ်သန်းရွှေ၊ ဗိုလ်အုံးလွင်တို့ဖြစ်သည်။ ဗိုလ်မှူးစိန်လင်းမှာ ပြင်ဦးလွင်တွင် ဦးစီးအရာရှိ သင်တန်းတက်နေသည်။

တပ်မဟာ၏ လက်အောက်တွင် အမှတ် (၃) ချင်းတပ်ရင်း၊ အမှတ် (၆) စစ်ရဲတပ်ရင်းနှင့် စစ်ဝန်ထမ်းတပ် (၁) တပ်ရှိသည်။ ချင်းတပ်ရင်းမှ တပ်ခွဲ

(၃) ခွဲကို လွိုင်ကော်သို့ ပို့ထားသောကြောင့် တိုက်ခိုက်နိုင်သော အင်အားမှာ လူသစ်တစ်စု နှစ်စုလောက်သာ ရှိလေ၏။ စစ်ရဲတပ်ရင်းကလည်း တပ်ခွဲများကို နယ်သို့ပို့ထားရသောကြောင့် တပ်ခွဲ တစ်ခွဲလောက်သာရှိသည်။

ဖေဖော်ဝါရီလ (၁၉) ရက်နေ့တွင် တိုင်းမှူးဒုဗိုလ်မှူးကြီး မောင်မောင်နှင့် အဖွဲ့ မိတ္ထီလာသို့ ရောက်လာလေသည်။ ရောက်လျှင်ရောက်ချင်း ရှေ့တန်းစစ်ဆင်ရေးဌာနချုပ်ကို တပ်မဟာရုံးတွင် ဖွင့်လိုက်၏။

၎င်းနောက် ပြင်ဦးလွင်မှပါလာသော တပ်နှင့် မိတ္ထီလာတွင်ရှိသော တပ်များပေါင်း၍ ခံစစ်ပြင်ဆင်ရန် ညွှန်ကြားပြီးလျှင် မြောက်ပိုင်းတိုင်းမှ ဒုစစ်ဦးစီးအရာရှိ ဗိုလ်မှူးကျော်ထွန်း (ကျဆုံး) ကို တပ်ပေါင်းစု တပ်ဖွဲ့မှူး ခန့်လိုက်သည်။

ပြင်ဦးလွင်မှပါလာသော တပ်များမှာ တပ်စု (၂) စုသာရှိသည်။ ၎င်းတပ်စုများမှ တပ်သားများသည် ဟိုတပ်ဒီတပ်တို့မှ စုပြီးလာရခြင်းဖြစ်သည်။

ခံစစ်ကို မိတ္ထီလာ၊ ပျော်ဘွယ်ကားလမ်း မိတ္ထီလာမှ (၈) မိုင်ခန့်ဝေးသော ချောင်းကောက်ချောင်း တစ်လျှောက်တွင် ပြင်ဆင်နေရာယူထားကြလေသည်။

ကားလမ်းပေါ်ရှိ ချောင်းကောက်ချောင်း ကုန်းသာတံခါးကို ဗဟိုပြု၍ ချင်းတပ်စုနှင့် (၃) လက်မ မော်တာတပ်ဖွဲ့က ညာဘက်တွင် နေရာယူပြီး ချင်းတပ်စုကို အုပ်ချုပ်သူမှာ ဗိုလ်အက်စ်ဒီရိုင်း ဖြစ်သည်။ ချင်းတပ်စု၏ ညာဘက်တွင် ပြင်ဦးလွင်မှပါလာသော တပ်စုနှင့် စစ်ဝန်ထမ်းတပ်တို့ကလည်းကောင်း၊ ဘယ်ဘက်တွင် စစ်ရဲတပ်စု (၂) စုကလည်းကောင်း နေရာယူထားသည်။ ဝန်ထမ်းတပ်အုပ်ချုပ်သူမှာ ဗိုလ်ကြီးတင့်ဆွေ (ယခုစာရေးဆရာ ဖျာပုံတင့်ဆွေ) ဖြစ်၏။ စစ်ရဲတပ်ရင်းမှူးမှာ ဗိုလ်မှူးမြသိန်းဖြစ်၍ တပ်စုမှူးများမှာ ဗိုလ်မောင်ကလေးနှင့် ဗိုလ်ကျော်ရင်တို့ဖြစ်သည်။ ခံစစ်ကို ညနေမှစပြီး တစ်ညလုံးပြင်ဆင်ကြလေသည်။ ကတုတ်ကျင်းများကို လူဝင်ဝပ်စာလောက်သာ တူးနိုင်ကြ၏။

ညနေစောင်းတွင် ချင်းတပ်စိတ် (၂) စိတ်ကို ရန်သူ့အခြေအနေ ထောက်လှမ်းရန် ပျော်ဘွယ်သို့ လွှတ်လိုက်၏။ ညနေနေဝင်ပြီးခါစ (၇) နာရီလောက်တွင် ရန်သူများပျော်ဘွယ်ကို သိမ်းပိုက်လိုက်ကြောင်း သိရှိရသည့်အတွက် မိတ္ထီလာသို့ ပြန်ပြီး သတင်းပို့လာလေသည်။

ရန်သူများသည် တောင်ငူမှပျော်ဘွယ်အထိ ကားလမ်းနှင့် မီးရထားလမ်း တစ်လျှောက်ကို သိမ်းပိုက်ပြီး ဖြစ်နေကြသည်။

နောက်တစ်နေ့ ဖေဖော်ဝါရီလ (၂၀) ရက်နေ့ နံနက် (၆) နာရီခန့်တွင် ကေအင်ဒီအိုတို့သည် အားမတ်ကား (၂) စီးဖြင့် ချီတက်လာကြ၏။ ချောင်းကောက် ချောင်းတံတားအနီး ရောက်သောအခါ ချင်းတပ်စုအား ပစ်သောကြောင့် တံတား တစ်ဖက်မှ အားမတ်ကားတစ်စီးသည် တံတားထိပ်ပေါ်အထိ တက်လာပြီး တရကြမ်းပစ်ခတ်လေ၏။ (၃) လက်မ မော်တာတပ်ဖွဲ့ကလည်း မော်တာကျည်ဆံ များ ကုန်သည်အထိ ပစ်ခတ်လေ၏။ အားမတ်ကား၏ အကွာအဝေးသည် နီးနေ သောကြောင့် (၃) လက်မမော်တော်နှင့် မပစ်နိုင်သည့်အတွက် (၂) လက်မ မော်တာကိုပင် သေနတ်ချိန်သကဲ့သို့ ချိန်ပြီးပစ်ရသည်။ ချင်းတပ်စုမှ ရဲဘော် (၆) ယောက် ကျဆုံးသွားလေသည်။ သို့သော် အားမတ်ကားမှာ တံတားကိုမူ မကျော်နိုင်ခဲ့ပေ။

တံတားဘယ်ဘက်နှင့် ညာဘက်ရှိတပ်များကိုလည်း တစ်ချိန်တည်းမှာပင် ရန်သူက ဖိ၍တိုက်၏။ ရန်သူသည် လူအင်အား လက်နက်အင်အားကောင်းသည့် အပြင် တိုက်ရည်ခိုက်ရည်တွင် ကျွမ်းကျင်သောကြောင့် မကြာမီတပ်များ ပြိုလေ တော့သည်။

ထိုတိုက်ပွဲတွင် စစ်ရဲတပ်မှ တပ်စုမှူး ဗိုလ်ကျော်ရင်၊ တပ်ကြပ်ကြီးစိန်ဖေ နှင့် တပ်သားအချို့ ကျဆုံးသွားကြသည်။

ရန်သူသည် ခံစစ်ကြောင်းကို တိုက်နေစဉ် ဘယ်ဘက်နှင့် ညာဘက်ဘေးမှ ပန်း၍ တပ်အချို့ကို မိတ္ထီလာသို့ ချီတက်စေလေ၏။

## တိုင်းမှူး ဗိုလ်မှူးကြီးမောင်မောင် ကရင်လက်နက်ကိုင်လက်တွင်းသို့ ကျရောက်သွားခြင်း

တိုင်းမှူးနှင့်အဖွဲ့သည် ခံစစ်ပြင်ဆင်နေရာ ယူထားသော ရှေ့တန်းစစ်မျက် နှာကို ကြည့်ရှုစစ်ဆေးရန်အသွား လမ်းတွင် ဘေးမှပန်းတက်လာသော ရန်သူ များနှင့်တွေ့ပြီး အဖမ်းခံလိုက်ရ၏။ တိုင်းမှူးနှင့်အတူ အဖမ်းခံလိုက်ရသော အရာရှိများမှာ ဗိုလ်ရဲမြင့်၊ ဗိုလ်ထွန်းအုံ၊ ဒုဗိုလ်မှူးကြီးလျှောင်ကျန်ဇန် (ချင်းတပ်ရင်းမှူး) ၎င်း၏တပ်ရေးအရာရှိ ဗိုလ်ကြီးကျော်ရင်နှင့် ဗိုလ်မှူးစောမြသိန်း၊ ဗိုလ်လူမင်း တို့ဖြစ်သည်။



မိတ္ထီလာစစ်မျက်နှာတွင် ကေအင်ဒီအိုများ အဖမ်းခံခဲ့ရသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးကြီးမောင်မောင်

ထိုတိုက်ပွဲတွင် ဗိုလ်မှူးကျော်ထွန်း၊ ဗိုလ်ကြီးမောင်မောင်နှင့် တပ်များမှ ရဲဘော်အတော်များများ ကျဆုံးကြသည်။ ဗိုလ်မှူးကျော်ထွန်းသည် ချောင်းကောက်ချောင်းကုန်းသာ တံတားအနီး ရန်သူ၏အခြေအနေကို စုံစမ်းရန် တစ်ဖက်မှပစ်ခတ်နေသည့်ကြားထဲမှ လမ်းတစ်ဖက်သို့ကူးလိုက်ရာ ရန်သူ၏ ကျည်ဆံထိမှန်ပြီး ထိုနေရာတွင်ပင် ကျဆုံးသွားသည်။ ဗိုလ်ကြီးမောင်မောင်သည် ရှေ့တန်းစစ်မျက်နှာသို့ ချင်းတပ်ရင်းမှူးအား ဂျစ်ကားမောင်း၍ လိုက်ပို့စဉ် လက်မောင်းတွင် ရန်သူ့ကျည်ဆံ မှန်သောကြောင့် သွေးလွန်ပြီး ကျဆုံးရခြင်းဖြစ်သည်။

နံနက် (၉) နာရီကျော်လောက်တွင် ဗိုလ်နော်ဆိုင်းသည် အခြားအဖော် သုံးယောက်နှင့်အတူ ချင်းတပ်ရင်းမှူးနှင့် ၎င်း၏တပ်ရေးဗိုလ်ကြီးတို့ကို ဂျစ်ကားရှေ့ခန်းတွင်ထိုင်စေပြီး ဂျစ်ကားကို ချင်းတပ်ရင်းထဲသို့ မောင်းခိုင်းလေ၏။ ရုံးဘက်သို့အသွား ကင်းဂိတ်ရှေ့ ရောက်သောအခါ ကင်းကတပ်ရင်းမှူးကို အလေးပြုလိုက်သေးသည်။

ရုံးရောက်သောအခါ အရာရှိများကို ခေါ်ခိုင်းလေ၏။ ရုံးခန်းသို့လာကြသော အရာရှိများမှာ ဗိုလ်ကြီးမက်ကလောက်၊ ဗိုလ်ဘာဂျူးနှင့် အရာရှိအချို့တို့ဖြစ်၏။ ဗိုလ်နော်ဆိုင်းက အရာရှိများကို သူတို့မိတ္ထီလာမြို့ကို သိမ်းပိုက်ပြီးဖြစ်ကြောင်း၊ အရာရှိများသည် သူတို့နှင့်ပူးပေါင်းလိုက ပူးပေါင်းနိုင်ကြောင်း။ သို့မဟုတ်ပါက လက်နက်ချ အညှဉ့်ခံရမည်ဖြစ်ကြောင်း၊ အရာရှိများစဉ်းစား၍ စကားပြန်စေလိုကြောင်းနှင့် ပြောလေ၏။

(၁၅) မိနစ်ခန့်ကြာသောအခါ တပ်ရင်းမှူးက ဘယ်ဘက်ကိုမှ မပါဘဲ ကြားနေမည်ဟု ပြန်ပြောလိုက်ရာ ဗိုလ်နော်ဆိုင်းက "ဒီလိုဆိုရင် တပ်နယ်နိမိတ်က

ဘယ်မှမထွက်ရ" ဟု ပြောလေ၏။ ထိုအချိန်တွင် ကရင်လက်နက်ကိုင်အရာရှိတစ်ယောက်က တပ်မဟာကို တယ်လီဖုန်းဆက်ပြီး ချင်းတပ်ရင်းကို သိမ်းပြီးဖြစ်သဖြင့် တပ်မဟာကိုလည်း လက်နက်ချရန် အဆင်သင့်လုပ်ထားရန် ပြောလေ၏။

အမှတ် (၃) ချင်းတပ်ရင်းသည် သံချပ်ကားပစ် အမြောက်တပ်ကို ပြန်လည်ဖွဲ့စည်းထားခါစဖြစ်၍ တပ်ရင်းတွင် သံချပ်ကားပစ်အမြောက် (၂) လက်၊ (၃) လက်မမော်တာ (၁၉) လက်ခန့်တို့အပြင် အမြောက်နှင့် မော်တာကျည်ဆံအမြောက်အမြားရှိနေသည်။ အချို့ကို ကေအင်ဒီအိုများရရှိသွားပြီး အချို့ကို ညအချိန်တွင် ကျင်းများတူးပြီး မြှုပ်ထားကြသည်။

တိုက်ပွဲအပြီးတွင် နောက်ထပ်အဖမ်းခံရသော အရာရှိများမှာ ဗိုလ်မှူးဒေါ်ဆင်နှင့် ဗိုလ်မှူးဘာကောလ်တို့ဖြစ်၏။

ကေအင်ဒီအို အဖမ်းခံရခြင်းနှင့်ပတ်သက်၍ ဒုဗိုလ်မှူးကြီး လျှင်ကျန်ဇန်ကသူသည် လူသားစားဖူးသည့်အကြောင်းကို ရယ်စရာပြောဖူးသည်။ သူတို့ရှေ့တန်းစစ်မျက်နှာသို့ စစ်ဆေးဖို့သွားသည့်အချိန်မှာ ဂျစ်ကားကို ထောက်လှမ်းရေးအရာရှိ ဗိုလ်ကြီးမောင်မောင်ကမောင်းပြီး သူကနောက်က ထိုင်လိုက်ကြောင်း ရန်သူက ကားကိုရပ်ခိုင်းရာ ကားမောင်းသူထောက်လှမ်းရေးအရာရှိက မရပ်ဘဲဆက်မောင်းသည့်အတွက် သေနတ်နှင့်ပစ်လိုက်သည်။ သူကလည်း မိမိတို့တပ်သားက ဘာကြောင့်သေနတ်နှင့်ပစ်သည်ကို အံ့အားသင့်ပြီး ပါးစပ်ဟမိစဉ် ကားမောင်းသူ၏ လက်မောင်းကိုကျည်ထိပြီး လက်မောင်းမှ အသားတစ်သည် သူ့ပါးစပ်ထဲသို့ ဝင်ရောက်လာသည်။ အသားတစ်သည် လည်ချောင်းဝတွင် ထွေး၍မရသောကြောင့် မျိုချ



မိတ္ထီလာစစ်မျက်နှာတွင် ကေအင်ဒီအိုများ အဖမ်းခံခဲ့ရသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးကြီးမောင်မောင်

လိုက်ရသည်။ သူ့အနေနှင့် ပထမ ဘာမျိုးမိမှန်းမသိ။ နောက်မှ ထောက်လှမ်းရေးအရာရှိ၏ အသားတစ်ဖြစ်မှန်း သိရကြောင်း ပြောပြလေ၏။

မိတ္တီလာကို ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့တွင် ဗိုလ်နော်ဆိုင်းခေါင်းဆောင်သော သူပုန်တပ်များက သိမ်းပိုက်လေသည်။

အခန်း ( ၄ )

# ဗမာ့လေကြောင်း (UBA) မှ ခရီးသည်တင် ဒါကိုတာလေယာဉ်နှစ်စီး မိတ္ထီလာလေယာဉ်ကွင်းတွင် ကေအင်ဒီအိုများ သိမ်း

မိတ္ထီလာ ကေအင်ဒီအိုလက်တွင်းသို့ ကျရောက်သွားပြီဖြစ်သည်ကို သတင်းမရသဖြင့် ရန်ကုန်မြို့ ပြည်ထောင်စုဘဏ်မှ ဘဏ်ဥက္ကဋ္ဌဦးဘခင် (ဝိပဿနာတရားပြဆရာကြီး) သည် ဗမာ့လေကြောင်း (UBA) မှ စင်းလုံးငှား ဒါကိုတာလေယာဉ်ဖြင့် မိတ္ထီလာရှိ ငွေတိုက်မှငွေများကို ရန်ကုန်သို့ ပြန်လည်သယ်ယူရန် မိတ္ထီလာလေယာဉ်ကွင်းသို့ ဆင်းသက်ခဲ့လေသည်။ ခရီးသည်များ တင်ဆောင်လာသော (UBA) မှ ဒါကိုတာ လေယာဉ်တစ်စီးသည်လည်း မိတ္ထီလာလေယာဉ်ကွင်းသို့ ရှေ့ဆင့်နောက်ဆင့် ဆင်းသက်ခဲ့လေသည်။

ထိုလေယာဉ်နှစ်စီးစလုံးကို ကေအင်ဒီအိုများက သိမ်းယူလိုက်ပြီးနောက် ဗိုလ်နော်ဆိုင်းက ပြင်ဦးလွင်ကို သိမ်းပိုက်ရာတွင် အသုံးပြုရန် စီစဉ်လေတော့သည်။

## ဗိုလ်နော်ဆိုင်း ပုံမှားရိုက်ခြင်း

မိတ္ထီလာကို ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် သိမ်းပိုက်ပြီး နောက်တစ်ရက် ဖေဖော်ဝါရီလ ၂၁ ရက် နံနက်ပိုင်းတွင် ဗိုလ်နော်ဆိုင်းက ပြင်ဦးလွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ အောက်ပါအတိုင်း ကြိုးမဲ့ကြေးနန်းဖြင့် အကြောင်းကြားသည်မှာ ...

"တိုင်းမှူးပြန်လာမည့် တပ်မှူးများအားလုံး အနီးစခန်းလေယာဉ်ကွင်းသို့ မပျက်မကွက် လာရောက်ကြိုဆိုပါ" ဟု တိုတိုတုတ်တုတ် သတင်းပို့လိုက်သည်။

ထိုအချိန်က ပြင်ဦးလွင်ရှိ တပ်မှူးများမှာ ၎င်းတို့၏ တိုင်းမှူးဒုဗိုလ်မှူးကြီး မောင်မောင်နှင့်အဖွဲ့ ကေအင်ဒီအိုများ ဖမ်းဆီးခြင်းခံထားရသည်ကို သတင်းရရှိခြင်း မရှိသေးသဖြင့် တိုင်းမှူးအားကြိုရန် ပြင်ဆင်ထားကြလေသည်။

ဗိုလ်နော်ဆိုင်းသည် ဖေဖော်ဝါရီလ ၂၁ ရက်နေ့ နံနက်ပိုင်းတွင် ၎င်း၏ နောက်လိုက်လက်ရွေးစင် ကရင်စစ်သားများအား တပ်မတော်ယူနီဖောင်းနှင့် တံဆိပ်များ ဝတ်ဆင်စေပြီး သိမ်းယူထားသော လေယာဉ်နှစ်စီးပေါ်သို့ တင်ဆောင်ကာ ပြင်ဦးလွင်ကို သိမ်းပိုက်ရန် ပျံသန်းခဲ့လေတော့သည်။

## ပြင်ဦးလွင်ကို လေကြောင်းမှနေ၍ ရုပ်ရှင်ဆန်ဆန် သိမ်းပိုက်ခဲ့သော ကေအင်ဒီအို


ဖေဖော်ဝါရီလ (၂၁) ရက်နေ့ နံနက် (၁၁) နာရီလောက်တွင် ယူဘီအေ ခရီးသည်တင် ဒါကိုတာလေယာဉ်တစ်စီးသည် မြောက်မှတောင်သို့ လေယာဉ်ပြေးလမ်းအတိုင်းဆင်းလာပြီး လေယာဉ်ကွင်းတောင်ဘက် အစွန်းနားရောက်သောအခါ မြောက်ဘက်သို့ ပြန်လှည့်ပြီး စက်မရပ်ဘဲ လေယာဉ်ပေါ်မှ ကရင်စစ်သားများအား ဆင်းစေသည်။ ထို့နောက် ပြေးလမ်းအတိုင်းပင် မြောက်ဘက်သို့ ပျံတက်သွားသည်။

ဗိုလ်နော်ဆိုင်းနှင့် အဖွဲ့တို့သည် ရုံးဖက်သို့ ဣန္ဒြေရရပင် လျှောက်လာကြသည်။ အစိုးရတပ်စစ်ဝတ်စုံနှင့် တံဆိပ်များ ဝတ်ဆင်ထားကြသောကြောင့် လေယာဉ်ကွင်းလုံခြုံရေးအတွက် စောင့်ရှောက်ရန် တာဝန်ကျ စစ်ရဲတပ်စုသည် အစိုးရတပ်သားများဟု အထင်ရှိသည့်အတိုင်း ကြည့်နေမိကြ၏။

ရုံးကိုကျော်လွန်ပြီး ကိုက် (၂၀) လောက် ရောက်သောအခါ ဗိုလ်နော်ဆိုင်းက ရုံးကိုရုတ်တရက် ဝင်စီးလိုက်သည်နှင့်တပြိုင်နက် သူ၏တပ်ဖွဲ့ လေယာဉ်ကွင်း

အစောင့်များနှင့် လေယာဉ်ကွင်းတွင် ရောက်နေကြသော ခရီးသည်များကို သေနတ်များနှင့် ချိန်ထားလိုက်သည်။

အစောင့်များထံမှ လက်နက်များကို လိုက်သိမ်းသူက သိမ်းကြသည်။ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးရောက်မည်ဆို၍ လာကြိုကြသော အရာရှိများထံမှလည်း လက်နက်များကိုသိမ်းပြီး အရာရှိများကို ဖမ်းထားလိုက်သည်။



၁၉၀၄ ခုမှ ၁၉၅၇ ခုထိ မြန်မာပြည်စစ်ဌာနချုပ်အဖြစ်၎င်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အဖြစ်၎င်း၊ ရုံးစိုက်ခဲ့သော အဆောက်အအုံ

လေယာဉ်ရုံးကို အပိုင်စီးပြီး ခဏအကြာတွင်၊ နောက်ထပ်ယူဘီအေ ခရီးသည်တင်လေယာဉ်တစ်စီးသည် ပထမလေယာဉ်နည်းတူ၊ မြောက်ဘက်မှ လေယာဉ်ပြေးလမ်းအတိုင်း တောင်ဘက်သို့ဆင်းလာပြန်ပြီး လေယာဉ်ကွင်း တောင်ဘက်အစွန်းတွင် စက်မရပ်ဘဲ မြောက်ဘက်သို့ဦးလှည့်၍ ရုံးနှင့် ကိုက် ၁၅၀ လောက်တွင် ရပ်လိုက်သည်။ ထို့နောက် လေယာဉ်ပေါ်မှ ကေအင်ဒီအို တပ်သားများဆင်းပြီးသည်နှင့် လေယာဉ်သည် မြောက်ဘက်သို့ ပြန်တက်သွားပြန်သည်။

ဗိုလ်ကြီးစောဦးနှင့် ဗိုလ်နော်ဆိုင်းခေါင်းဆောင်သော ကေအင်ဒီအိုတပ်သားများသည် လေယာဉ်ရုံးဘက်သို့ ရောက်လာကြသည်။

ဒုတိယလေယာဉ်ပျံတက်သွားပြီး ၁၅ မိနစ်လောက်ရှိသောအခါ လေတပ်မှ အောက်(စ်)ဖို့လေယာဉ် အလတ်စားတစ်စီး လေယာဉ်ကွင်းသို့ ဆင်းလာပြန်သည်။ လေယာဉ်သည် ရုံးအနီးတွင်ရပ်ထားပြီး လေယာဉ်ပေါ်မှ လေယာဉ်မောင်းသူ

ဗိုလ်ကြီးထွန်းသာ (နောင်တွင် အငြိမ်းစားဗိုလ်မှူးကြီး စစ်သံမှူး) နှင့်အတူ ဗိုလ်ကြီးသောင်းဒန် (အငြိမ်းစား လေတပ်ဦးစီးချုပ်၊ ဗိုလ်မှူးချုပ်နှင့် နိုင်ငံတော်ကောင်စီဝင်)၊ ဒုတိယဗိုလ်မှူးကြီးဝင်း (ဗိုလ်မှူးကြီးအငြိမ်းစား၊ ဒုဝန်ကြီး အငြိမ်းစား)၊ ဒုတပ်ကြပ်ခင်ကြူး (အငြိမ်းစားဗိုလ်မှူး) တို့ ဆင်းလာကြသည်။ ရုံးနားသို့ရောက်သောအခါ ဗိုလ်နော်ဆိုင်းကိုယ်တိုင် ၎င်းအရာရှိများထံမှ လက်နက်များကိုသိမ်းပြီး လေယာဉ်ရုံးခန်းတစ်ဖက်ရှိ ဝါယာလက်စက်ထားသော အခန်းတွင် ယူဘီအေကိုယ်စားလှယ် ဦးငွေနှင့်အတူ ချုပ်ထားလိုက်သည်။

ထိုအချိန်တွင် လေယာဉ်ကွင်းပေါ်တွင် စပစ်ဖားယား တိုက်လေယာဉ်တစ်စီးသည် (၁၀) ကြိမ်ခန့် ပျံဝဲနေသည်။ တစ်ခါတစ်ရံ နိမ့်စွာပျံသန်းပြီး အရိပ်အခြေကြည့်သည်။ ဗိုလ်နော်ဆိုင်းက ဝါယာလက်စကားပြောသူအား လေယာဉ်ကိုဆင်းသက်ရန် ပြောခိုင်းရာ လေယာဉ်နှင့်ဆက်သွယ်သူမှာ ဗိုလ်နော်ဆိုင်းကို မလွန်ဆန်ရဲသဖြင့် လေယာဉ်ကွင်းသို့ဆင်းရန် ပြောလိုက်သည်။

မကြာမီ လေယာဉ်ကွင်းသို့ ဆင်းလာပြီး ရုံးအနီးရှိ အောက်စဖို့ဒ် လေယာဉ်နှင့်ယှဉ်၍ ရပ်လိုက်ကာ လေယာဉ်မောင်းသူ ဗိုလ်မှူးတီကလစ် (လေတပ်ဦးစီးချုပ်ငြိမ်း၊ ဗိုလ်မှူးချုပ်ဟောင်း ပြည်ပတွင်ကွယ်လွန်) ဆင်းသက်လာသည်။ ဗိုလ်နော်ဆိုင်းသည် ဗိုလ်မှူးတီကလစ်ထံမှ လက်နက်သိမ်းယူပြီး အခြားအရာရှိများနှင့်အတူ ချုပ်ထားလိုက်ပြန်သည်။

မိတ္ထီလာကို ကေအင်ဒီအိုများသိမ်းပြီး မကြာမီ ဒါကိုတာလေယာဉ် (၂) စီး လေယာဉ်ကွင်းသို့ဆင်းခြင်းမှာ လေယာဉ် (၂) စီးအနက် ပထမဆင်းသောလေယာဉ်သည် မိတ္ထီလာငွေတိုက်မှ ငွေများကို ရန်ကုန်သို့သယ်ယူရန် ပြည်ထောင်စုဘဏ်က လေယာဉ်တစ်စီးလုံးငှား၍ လွှတ်လိုက်သော လေယာဉ်ဖြစ်လေသည်။ ၎င်းလေယာဉ်ပေါ်တွင် ရန်ကုန်ဘဏ်မှ ငွေစာရင်းကိုင်ချုပ် ဦးဘခင် (ဘဏ်ဥက္ကဋ္ဌ၊ ကွယ်လွန်) ပါလာသည်။ လေယာဉ်ဆင်းချိန်က ဗိုလ်နော်ဆိုင်းတို့ ချင်းတပ်ရင်းရုံးတွင် ရှိနေကြသည်။ အချိန်မှာ နံနက် (၁၁) နာရီလောက် ရှိပေသည်။

ကျန်တစ်စီးမှာ ပြင်ဦးလွင်မှ ရန်ကုန်သို့ ခရီးသည်များ တင်ဆောင်လာသော နောက်ဆုံးလေယာဉ် အိပ်စ် ဝိုင်အေစီ အက်စ် ဖြစ်ပါသည်။ ၎င်းလေယာဉ်သည် မြစ်ကြီးနားမှ ကချင်တပ်ခွဲ (၂) ခွဲကို မိတ္ထီလာသို့ အင်အားဖြည့်ပေးရန် အရေးတကြီး

လိုသည့်အတွက် သယ်ယူပို့ဆောင်ပေးရန် လေယာဉ်ပျံသန်းနေစဉ် မိတ္ထီလာ လေယာဉ်ကွင်းသို့ဆင်းရန် အထက်မှညွှန်ကြားသည်ဟု ယူဆရသည်။

၁၂ နာရီလောက်တွင် ဖမ်းဆီးထားသော တိုက်လေယာဉ်များကိုစောင့်ရန် အစောင့်အနည်းငယ်ထားခဲ့ပြီး လေယာဉ်ကွင်းတွင်ရှိသော ကားများဖြင့် ပြင်ဦးလွင်သို့ သွားကြလေသည်။ ဖမ်းမိထားသော အရာရှိများကိုလည်း ၎င်းတို့စီးလာသော ကားများနှင့်အတူ ဖမ်းဆီးခေါ်ဆောင်လာခဲ့ကြသည်။

တိုင်းမှူးအားလာကြိုရင်း လေယာဉ်ကွင်းတွင် အဖမ်းခံရသော အရာရှိများမှာ ဗိုလ်မှူးစည်ထွန်းတင် (ဒုဗိုလ်မှူးကြီးကွယ်လွန်)၊ ဗိုလ်မှူးအီဒင် (ပြည်ပတွင်ကွယ်လွန်)၊ ဗိုလ်မှူးသောင်းကြည် (ဗိုလ်မှူးကြီးအငြိမ်းစား၊ နိုင်ငံတော်ကောင်စီဝင်၊ ကွယ်လွန်) တို့ ဖြစ်ကြသည်။

အရပ်သားပိုင် ၃ တန်ကားကို ရှေ့ဆုံးမှ မောင်းခိုင်းပြီး အခြားကားများဖြစ်သော ယူဘီအေဘတ်စ်ကား၊ မြေတိုင်းရုံးမှ ဗွီအိပ်ခေါင်းတို ၁၅ ဟန္ဒြီတ်ကား၊ စစ်ဂျစ်ကားများ၊ စတေရှင်ဝက်ဂွန်ကားနှင့် နောက်ဆုံးမှ အရပ် ၃ တန်ကားတို့က လိုက်ကြရသည်။ စုစုပေါင်းကား ၉ စီးဖြစ်သည်။ ယူဘီအေ ဘတ်စ်ကားပေါ်တွင် ဦးငွေသည် ရှေ့ခန်းမှ ဗိုလ်နော်ဆိုင်းနှင့်အတူ စီးလာသည်။ မြေတိုင်းရုံးကားမောင်းသူမှာ ဦးရွှေဖြစ်၍ နောက်ဆုံးကားမောင်းသူမှာ ဂျီအီးတပ်မှ ဦးကျော်ရှိန်တို့ဖြစ်သည်။ နောက်ဆုံးကားပေါ်တွင် သိမ်းလာသော လက်နက်များတင်ဆောင်လာသည်။

ကေအင်ဒီအိုများ ဟန်မပျက် ပြင်ဦးလွင်အဝင် ကျောက်တောင်ဂိတ်ရောက်သောအခါ အစောင့်တပ်သားများက အစိုးရတပ်သားများဟုထင်ပြီး မေးမြန်းစစ်ဆေးခြင်းမပြုဘဲ သွားခွင့်ပေးလိုက်ကြသည်။ ထိုအစောင့်တပ်သားများထံမှ လက်နက်များကိုလည်း ကေအင်ဒီအိုတို့က အလွယ်တကူပင် သိမ်းယူလိုက်ပြီး ဖမ်းဆီးကာ ဂိတ်တွင် ကေအင်ဒီအိုတို့က သူတို့အစောင့်များကို ချထားလိုက်သည်။

ကားများကို ကချင်တပ်ရင်း (ယခု စစ်တက္ကသိုလ်ဘက်သို့) မြို့ပတ်လမ်းအတိုင်း မောင်းခိုင်းလေသည်။

ချင်းချောင်းတောင် ရောက်သောအခါ ရှေ့ဆုံးကားပေါ်မှ ကေအင်ဒီအိုအချို့ဆင်းပြီး တောင်ပေါ်သို့တက်၍ နေရာယူထားလိုက်ကြသည်။ ကျန်ကားများ

သည် ရေပ်ဘဲ ကချင်တပ်ရင်းရုံးနှင့် ကင်းဂိတ်ဘက်သို့ မောင်းသွားကြသည်။ ကင်းဂိတ်ရှေ့ ရောက်သောအခါ ဗိုလ်နော်ဆိုင်းနှင့်အဖွဲ့သည် ကားပေါ်မှ ရုံးနှင့် ကင်းဂိတ်ဘက်သို့ ဣန္ဒြေမပျက် လျှောက်သွားကြလေသည်။ ကချင်အရာရှိများနှင့် ကင်းစောင့်တပ်များက ဗိုလ်နော်ဆိုင်းနှင့်အဖွဲ့သည် ၎င်းတို့တပ်က ဖြစ်သောကြောင့် တာဝန်အရ ပြန်လာသည်ထင်၍ တစ်ယောက်နှင့်တစ်ယောက် နှုတ်ဆက်ကြ၊ စကားပြောကြပြီး အမှုမဲ့အမှတ်မဲ့ နေလိုက်ကြသည်။ ရုံးနှင့် ကင်းဂိတ်တစ်ခုလုံးကို မကြာမီ စီးမိသွားကြလေသည်။

ဗိုလ်နော်ဆိုင်းနှင့်ပါလာသော ကေအင်ဒီအိုအရာရှိ ဗိုလ်ကြီးစောဦးသည် ကရင်တပ်သားများ စခန်းသို့သွား၍ ကရင်တပ်သားများကို လက်နက်တိုက်မှ လက်နက်များ သွားထုတ်ရန်အော်ပြီး အမိန့်ပေးလိုက်သည်တွင် ကရင်တပ်သားများသည် အပြေးအလွှားသွား၍ လက်နက်ထုတ်ယူကြလေသည်။

ကရင်တပ်သားများစခန်းသည် လက်နက်တိုက်နှင့် ကိုက် (၄၀၀) ကျော်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့်ဆိုလျှင် ကိုက် (၅၀၀) ကျော်လောက်ဝေးသည်။

ဗိုလ်နော်ဆိုင်းသည် လက်နက်တိုက်မှ လက်နက်များကို ကရင်တပ်သားများအား ထုတ်ပေးရန်စီစဉ်ပြီး လေယာဉ်ကွင်းမှ ဖမ်းလာသော အရာရှိများကို အချုပ်ခန်းထဲတွင် ချုပ်ထားလိုက်၏။

နောက်ဆုံးကားသည် ကျောက်တောင်ဂိတ်မှ အရှေ့တည့်တည့်မောင်း၍ ကျောက်တိုင်လမ်းဆုံးသောအခါ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ဘက်မှ လှည့်ပြီး ကရင်တပ်သားများစခန်းသို့ မောင်းသွားသည်။ စခန်း၏ အနောက်ဘက်တွင် ကားကိုရပ်ခိုင်းပြီး အထဲမှကရင်တပ်သားများကို အပြင်သို့ထွက်ခဲ့ရန် ခေါ်လေ၏။

စခန်း၏ အနောက်ဘက်တွင် တံခါးပေါက်မရှိသောကြောင့် ဆူးကြိုးများကို ဓားများဖြင့် ခုတ်ဖြတ်ပြီး ကရင်တပ်သားအချို့ ထွက်လာကြသည်။ ကားပေါ်သို့ လူ (၃၀) လောက်တင်ခဲ့ပြီး ကားကိုတောင်ပေါ်ရှိ အရာရှိများနေသော အဆောက်အဦ လမ်းအတိုင်း မောင်းခိုင်းသည်။ အရာရှိများနေသော အဆောက်အဦများသည် အမြင့်ဆုံးနေရာဖြစ်သည့်အပြင် ကင်းဂိတ်နှင့် လက်နက်တိုက်များ၏ အပေါ်မှဖြစ်လေ၏။

ကားပေါ်သို့လိုက်လာသော ကရင်တပ်သားများကို လက်နက်များပေးပြီး နေရာယူခိုင်းထားလေသည်။

ဗိုလ်နော်ဆိုင်းသည် အစီအစဉ်များပြုလုပ်ပြီး ယူဘီအေဘတ်(စ်) ကားစီး၍ ကရင်တပ်သားများ စခန်းသို့သွားလေ၏။

ကရင်တပ်သားများစခန်းသို့ ရောက်သောအခါ လက်နက်များထုတ်ပြီး ပြန်လာကြသော ကရင်များကို တပ်စု (၁) စုဖွဲ့စည်းပြီး မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကို သိမ်းပိုက်ခိုင်းပြန်သည်။ တပ်စုသို့ ဗိုလ်ကျော်လီဦးဆောင်ပြီး မြို့နယ်အား ကစားကွင်းနှင့် မှတ်တမ်းရုံးကြားမှ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ချီတက်ကြ၏။

အချိန်မှာ နေ့လယ် (၁) နာရီခွဲလောက်ရှိပြီ။ တိုင်းစစ်ဌာနချုပ် ဆက်သွယ်ရေးတပ်ရုံးနှင့် ကိုက် (၁၀၀) လောက် ရောက်သောအခါ ဆက်သွယ်ရေးတပ်ရုံးမှ စတင်ပစ်ခတ်လေ၏။ သူပုန်တပ်စုကလည်း ပြန်၍ပစ်၏။ တစ်ဖက်နှင့်တစ်ဖက် ပစ်ခတ်နေကြစဉ် (၁၅) မိနစ်ခန့်ကြာသောအခါ တိုင်းဦးစီးအရာရှိ ဗိုလ်ကြီးလွင်က ရှေ့မှလည်းကောင်း၊ နောက်က ဗြိတိသျှစစ်မစ်ရှင်အရာရှိ မေဂျာဝိတ်(ဒ်) ရီးသည် စွပ်ကျယ်အင်္ကျီကို ပြလှုပ်ထားသော အလံဖြူကိုကိုင်၍ တိုင်းစစ်ဌာနချုပ် အနောက်ဘက်ဝင်ပေါက်မှထွက်လာပြီး ဗိုလ်ကြီးလွင်က ဆက်သွယ်ရေးတပ်စုအား အပစ်အခတ်ရပ်စဲရန် အမိန့်ပေးလေ၏။

အပစ်အခတ်ရပ်စဲပြီး မကြာမီ ကချင်တပ်ရင်းဘက်မှ ဂျစ်ကားပေါ်တွင် အလံဖြူလွှင့်၍ ဗိုလ်နော်ဆိုင်းနှင့်အဖွဲ့သည် တိုင်းစစ်ဌာနချုပ်ဘက်သို့ လာကြလေသည်။ တိုင်းစစ်ဌာနချုပ်ဘက်မှ ဒုဗိုလ်မှူးကြီး စောလေဒါကလည်း မျက်နှာသုတ်ပဝါကိုချည်ပြီး အလံဖြူပြလှုပ်၍ ဝင်းတံခါးမှ အနောက်တည့်တည့်သို့ လျှောက်လာသည်။ ဝင်းတံခါးနှင့် ကိုက် (၂၀) လောက် အကွာတွင် (၂) ဘက်တွေ့ဆုံပြီး စကားပြောကြ၏။ ထို့နောက် ဗိုလ်နော်ဆိုင်းတို့အဖွဲ့ တိုင်းရုံးသို့ ဝင်လာကြသည်။

ဗိုလ်နော်ဆိုင်းအဖွဲ့နှင့် တိုင်းစစ်ဌာနချုပ် ဦးစီးအရာရှိအချို့တို့ ပထမဆွေးနွေးကြသည်။ ထိုအချိန်တွင် တိုင်းမှူးနှင့် ဌာနချုပ်အကြီးအကဲများကို ကေအင်ဒီအိုတို့က ဖမ်းမိထားသောကြောင့် တိုင်းစစ်ဌာနချုပ်တွင် တတိယဦးစီးအရာရှိများနှင့် တပ်နယ်မှူး ဗိုလ်မှူးကျော်ဖေတို့သာ ရှိကြ၏။

ပထမ ဆွေးနွေးပွဲပြီးသောအခါ တပ်မှူးများနှင့် ဦးစီးအရာရှိများ ပါဝင်သော အစည်းအဝေးပွဲကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ရုံးအဆောက်အဦးမြောက်ဘက် မြေကွက်လပ်တွင် ပြုလုပ်ကြ၏။ စားပွဲ (၁) လုံးနှင့် ကုလားထိုင်များ ခင်းကျင်းထားပြီး ဗိုလ်နော်ဆိုင်းက အစည်းအဝေးအကြီးအကဲအဖြစ် ဆောင်ရွက်လေသည်။

ဗိုလ်နော်ဆိုင်းက ယခုလက်ရှိအစိုးရသည် ကျေနပ်ဖွယ်မရှိသောကြောင့် အစိုးရအပြောင်းအလဲ လုပ်ရန်လိုကြောင်း။ အစိုးရကိုဖြုတ်ပစ်ရန် လိုသည့်အတွက်

ယခုသူတို့ စစ်တိုက်နေရကြောင်း၊ ကရင်ဗမာလူမျိုးရေးစစ်ပွဲလည်း မဟုတ်၍ တပ်တွေ တစ်တပ်နှင့်တစ်တပ် တိုက်ရန်မလိုကြောင်း။ ယခုအချိန်မှစပြီး အပစ်အခတ်ရပ်စဲရန်နှင့် လက်နက်များအပ်ရန်ကို တက်ရောက်ကြသော အရာရှိများက သဘောတူကြောင်း လက်မှတ်ထိုးရန်ပြောပြီး နိဂုံးချုပ်လိုက်၏။

အစည်းအဝေးတက်ရောက်ကြသော အရာရှိများသည် သူတို့လက်ထဲရောက်နေပြီဖြစ်သည့်အတွက် သဘောမတူသော်လည်း လက်မှတ်ရေးထိုးလိုက်ကြရသည်။

အစည်းအဝေးတက်ရောက်ကြသော အရာရှိများမှာ ဗိုလ်မှူးကျော်ဖေ၊ ဗိုလ်ကြီးလွင်၊ ဗိုလ်ကြီးပီအောင်ဝင်း၊ ဗိုလ်ကြီးအီးအေနာစီ၊ ဗိုလ်ကြီးမူကာကြီး၊ ဗိုလ်ကြီးဘသောင်း၊ ဗိုလ်ကြီးစီအင်အိပ်ဒွန်း၊ ဗိုလ်ကြီးစိုးလွင်၊ ဗိုလ်ကြီးတင့်ဆွေ၊ ဗိုလ်ကြီးတင်ကြည်၊ ဗိုလ်ကြီးပီအက်စ်လားမား၊ ဗိုလ်သန်းရွှေ၊ ဗိုလ်အုံးလွင်နှင့် ကချင်အရာရှိအချို့တို့ ဖြစ်ကြသည်။

ဗိုလ်သန်းရွှေ(ဗိုလ်ချုပ်မှူးကြီးသန်းရွှေမဟုတ်)နှင့် ဗိုလ်အုံးလွင်တို့သည် မိတ္ထီလာတပ်မဟာမှ ဖြစ်ကြသည်။ မိတ္ထီလာကို ကေအင်ဒီအိုများ သိမ်းပိုက်သောအခါ မိတ္ထီလာမှ ထွက်ပြေးလာကြပြီး ပြင်ဦးလွင်တိုင်း စစ်ဌာနချုပ်သို့ လာရောက် သတင်းပို့ရင်း လက်နက်ချသော အစည်းအဝေးနှင့် ကြုံကြိုက်နေသည့်အတွက် ဝင်ရောက်လက်မှတ်ထိုးလိုက်ရခြင်း ဖြစ်လေ၏။

ဗိုလ်မှူးထွန်းစိန် တစ်ယောက်သည် အစည်းအဝေးပြီးမှ အခြေအနေကို စုံစမ်းရန် မြောက်ပိုင်းတိုင်းသို့ ရောက်ရှိလာလေသည်။ ဗိုလ်မှူးထွန်းစိန်ကို ဒုဗိုလ်မှူးကြီးစောလေဒါနှင့်အတူ ကရင်အရာရှိများထားသော မိုးကာတဲထဲတွင် တစ်ညချုပ်ထားလေ၏။

အစည်းအဝေးပြီးသောအခါ ညနေ(၃)နာရီကျော်လောက် ရှိပါပြီ။ မြောက်ပိုင်းတိုင်းကို တိုက်ခိုက်ရန်လာသော တပ်စုသည် တိုင်းစစ်ဌာနချုပ်ထဲသို့ ဝင်ရောက်လာပြီး ဌာနချုပ်ကို သိမ်းလိုက်လေ၏။

အရာရှိအချို့ကို နောက်ထပ်ဖမ်းပြီး လေယာဉ်ကွင်းမှ ဖမ်းဆီးခဲ့သော အရာရှိများနှင့်အတူ ချုပ်ထားလိုက်လေသည်။

နောက်ထပ်အဖမ်းခံရသော အရာရှိများမှာ ဗိုလ်မှူးရွှေ၊ ဗိုလ်ကြီးမောင်မောင်ခ ဗိုလ်ကြီးအောင်စိန်၊ ဗိုလ်အုံးမောင်၊ ဗိုလ်ကြီးတင်မောင် (ယခု သိပ္ပံမှူးတင်)၊ ဗိုလ်ကြီးအေးမောင်၊ ဗိုလ်ပြေမောင်တို့ ဖြစ်ကြသည်။

အဖမ်းခံရသော အရာရှိများသည် လေးငါးရက်အငတ်ခံရပြီး သုံးလေးနေရာ ပြောင်းရွှေ့ချုပ်ထားခံရ၏။ အစိုးရတပ်က ပြင်ဦးလွင်ပြန်လည်သိမ်းပြီးမှ လွတ်လာကြလေသည်။

ထိုညက အရာရှိအချို့ကိုချုပ်ထားပြီး အချို့ကို မိမိတို့နေအိမ်များတွင် ပြန်ပြီးအိပ်စေ၏။ အရာရှိများသည် အခြေအနေမည်ကဲ့သို့ရှိသည်ကို သိချင်သောကြောင့် အစည်းအဝေးတက်ကြသည်။ သူတို့လက်ထဲရောက်နေမှ လက်မှတ်ထိုးရန်ငြင်းဆန်နေ၍မဖြစ် အခြေအနေအရ လက်မှတ်ရေးထိုးခဲ့ကြသော်လည်း အခွင့်ကြုံသည်နှင့်တစ်ပြိုင်နက် ရန်သူများလက်မှ ထွက်ပြေးလာကြပြီး ပြန်လည်တိုက်ခိုက်ကြသော အရာရှိများလည်း ရှိကြသည်။

## သမိုင်းအတွက် အမည်းစက်

ထိုနေ့ ဖေဖော်ဝါရီလ (၂၁) ရက်နေ့၊ ညနေ (၃) နာရီခွဲတွင် ပြင်ဦးလွင်သည် ကေအင်ဒီအိုများလက်သို့ ကျရောက်သွားလေသည်။ ပြင်ဦးလွင် ကျဆုံးရခြင်းထက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ကေအင်ဒီအိုလက်သို့ ကျရောက်ခြင်းသည် သမိုင်းတွင် အမည်းစက်တစ်ခု ကျန်ရစ်ခဲ့လေသတည်း။

အခန်း ( ၅ )

## ကေအင်ဒီအိုနှင့် သူရမချစ်ပို

"သူရ" ဟူသော ဝေါဟာရမှာ သူရဲကောင်းစစ်သည်တော်တို့ကို ချီးမြှင့်လေ့ရှိသော ဘွဲ့ထူးဂုဏ်ထူး တစ်ခုဖြစ်သည်။

၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့တွင် ကေအင်ဒီအိုအဖွဲ့ဝင်များသည် ပြင်ဦးလွင်ကို အလစ်အငိုက် စီးနင်းသိမ်းပိုက်လိုက်နိုင်ခဲ့သည်။ ထိုစဉ်က ပြင်ဦးလွင်ရှိ အမှတ် (၁) စစ်မြေပြင်အင်ဂျင်နီယာတပ်ခွဲနှင့် အမှတ် (၂) စစ်မြေပြင် အင်ဂျင်နီယာတပ်ခွဲတို့မှ အရာရှိစစ်သည်များသည် ဗိုလ်မှူးထင်ပေါ်နှင့် ဗိုလ်ကြီးဘဖြူတို့ ခေါင်းဆောင်မှုဖြင့် ရသမျှ လက်နက်ခဲယမ်းမီးကျောက်များ သိမ်းဆည်းပြီး လားရှိုးဘက်သို့ ဆုတ်ခွာသွားခဲ့ကြသည်။

ဆုတ်ခွာသွားသော တပ်များသည် လားရှိုးဘက်တွင် ပြန်လည်စုဖွဲ့ပြီး ပြင်ဦးလွင်ကို ပြန်လည်ချီတက်ခဲ့သည်။ ရေချမ်းအိုးဘက်တွင် တိမ်းရှောင်နေကြသော ဘီအီးတပ်မှ အရာရှိစစ်သည်များနှင့် ကျန်တပ်ပေါင်းစုမှ တပ်ဖွဲ့ဝင်များလည်း ဘီအီးတပ်တွင် လာရောက်စုပေါင်းခဲ့ကြသည်။ သို့ဖြင့် ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် ပြင်ဦးလွင်ကို ပြန်လည်တိုက်ခိုက်ရာ ဘီအီးတပ်ကုန်း ယခုတပ်မတော်နည်းပညာတက္ကသိုလ်) နေရာကို ပြန်လည်ရရှိပြီး လက်နက်ခဲယမ်းများရရှိလိုက်သည်။ မြို့တွင်း ဆက်လက်တိုက်ခိုက်သော တပ်ဖွဲ့များလည်း ပြင်ဦးလွင် – လားရှိုး လမ်းတစ်လျှောက် မြို့မရပ်ရှင်ရုံထိ သိမ်းပိုက်လိုက်နိုင်ခဲ့သည်။

(မှတ်ချက် – အင်ဂျင်နီယာတပ်မှ ဦးဆောင်ကာ ပြင်ဦးလွင်ကို ပြန်လည်တိုက်ခိုက်ခဲ့သော ဖေဖော်ဝါရီလ (၂၄) ရက်နေ့ကို အင်ဂျင်နီယာတပ်ဖွဲ့နေ့အဖြစ် ဂုဏ်ပြုမှတ်တမ်းတင်ခြင်း ခံခဲ့ရလေသည်။) ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် ခြေကုတ်စခန်းများရရှိပြီး ဆက်လက်ဖြစ်ပွားခဲ့သော တိုက်ပွဲများမှာ မြို့တွင်းတိုက်ပွဲသဏ္ဌာန် ဖြစ်ခဲ့သည်။ တပ်ဖက်နှင့်တစ်ဖက် ခြေကုတ်စခန်းများကို အားပြုပြီး အဖွဲ့ငယ်များလွှတ်ကာ အပြန်အလှန် တိုက်ခိုက်ကြခြင်းဖြစ်သည်။ လေ့ကျင့်မှုမရှိသော အရပ်သားများမှာလည်း ရရာလက်နက်ဆွဲကိုင်ပြီး တိုက်ပွဲဝင်ခဲ့ကြသည်။ ထိုသို့သော အခြေအနေမျိုးတွင် ခက်ခဲသောကိစ္စတစ်ခုမှာ ရန်သူ့သတင်းထောက်လှမ်းရေး ဖြစ်သည်။ ဤတာဝန်ကို ယူလိုက်သူမှာ "မချစ်ပို" ဆိုသော အမျိုးသမီးပင် ဖြစ်ပါသည်။



သူရမချစ်ပို

မချစ်ပိုသည် စင်စစ် ပြင်ဦးလွင်သူ မဟုတ်ပေ။ ၁၉၀၇ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ထားဝယ်မြို့တွင် ကြီးပြင်းခဲ့သည်။ မောင်လေးဖြစ်သူတစ်ဦးမှာ ဘီအိုင်းတပ်ထဲသို့ ဝင်သွားသည်ဟု ကြားရသဖြင့် လိုက်ရှာရင်း ပြင်ဦးလွင်ရှိ ဦးကြွယ်–ဒေါ်ပုတို့အိမ်တွင် နေဖြစ်သွားသည်။ ဦးကြွယ်တို့နှင့် ရင်းနှီးသော ဘီအိုင်းတပ်မှ တပ်ကြပ်လှမောင်နှင့် အိမ်ထောင်ပြုလိုက်သည်။ တပ်ကြပ်လှမောင်မှာ တပ်တွင်းတပ်မတော်သားများ စားရေးသောက်ရေး တာဝန်ယူရသောကြောင့် ထမင်းချက်လှမောင်ဟု လူသိများခဲ့သည်။

မချစ်ပိုသည် ထားဝယ်သူပီပီ စကားပြောလျှင် အသံဝဲဝဲလေးနှင့် ချစ်စရာကောင်းလှသည်။ အသားက မဖြူမညို၊ မျက်နှာက လေးထောင့်စပ်စပ်၊ အရပ် အမောင်းက ငါးပေသုံးလက်မခန့်ရှိသည်။ စကားပြောလျှင်လည်း ခပ်ပြတ်ပြတ် ပြောတတ်ပုံကိုက လုပ်စရာရှိလျှင်လည်း ပြတ်ပြတ်သားသား လုပ်မည့်သဘောကို ဖော်ပြနေသည်။

မချစ်ပို၏ ခင်ပွန်းဖြစ်သူ တပ်ကြပ်လှမောင်သည် ထမင်းချက်တာဝန် ယူထားသော်လည်း အခြေအနေပေးလျှင် တိုက်ခိုက်သည့်အဖွဲ့ထဲ ပါသွားပြန်သည်။ ထိုစဉ်က အင်ဂျင်နီယာတပ်ဖွဲ့များက ဘီအီးကုန်းတွင် အခြေစိုက်ပြီး ကေအင်ဒီအိုတပ်ဖွဲ့များက လေ့ကျင့်ရေးတပ်ကုန်းမှနေ၍ ရင်ဆိုင်ထားသည်။

တစ်ဖက်နှင့်တစ်ဖက် အဖွဲ့ငယ်များဖြင့် အပြန်အလှန် သွားရောက်ပစ်ခတ်ကြရင်းမှ တစ်နေ့တွင် တပ်ကြပ်လှမောင်အား သေနတ်မှန်ပြီး ဒဏ်ရာရလာခဲ့သည်။ ဤတွင် တပ်ကြပ်လှမောင်၏ ဇနီးဖြစ်သူ မချစ်ပိုမှာ မခံချင်စိတ်များ တဖွားဖွားပေါ်လာခဲ့သည်။ "ငါ့လင်ကို မှန်အောင်ပစ်တဲ့သူတွေ ငါကိုယ်တိုင် ပြန်ချမယ်" မချစ်ပိုသည် လင်ကိုထိ၍ သွေးရူးသွေးတန်းထပြီး တိုက်ပွဲဝင်သူ မဟုတ်ပါ။ နဂိုကတည်းက တည်ငြိမ်ပြတ်သားသော သဘာဝရှိသည့်အလျောက် သူမနှင့် ကိုက်ညီမည့်အလုပ်ကို လက်ခံလိုက်ခြင်းသာဖြစ်သည်။

"ကဲ......မချစ်ပို ခင်ဗျားတာဝန်ယူနိုင်မယ်ဆိုရင် ခင်ဗျားကို မိန်းမထောက်လှမ်းရေး လုပ်ခိုင်းရမှာပဲ။ ရန်သူရဲ့ လက်နက်ကြီးတွေ၊ စက်သေနတ်တွေပစ်တဲ့ နေရာကို ကျွန်တော်တို့သိချင်တယ်။ ခက်တာက ဘီအီးတပ်ကုန်းဘက် ထွက်လိုက်ရင် ယောကျ်ားမှန်သမျှကို ရန်သူကဖမ်းတယ်၊ ပစ်တယ်။ ခင်ဗျားတို့ မိန်းမတွေကျတော့ ဟိုဘက်ဒီဘက်ကူးပြီး ဈေးရောင်းနေကြတာတွေလည်း ရှိတော့ ရိပ်မိမှာမဟုတ်ဘူး။ မချစ်ပို ဘယ်လိုသဘောရလဲ" ဟု ဘီအီးတပ်မှ တပ်မှူးဗိုလ်ကြီးဘဖြူက တာဝန်ပေးလိုက်သည်။ "ဖြစ်ပါတယ်။ စစ်သားမယားဟာ စစ်သမီးပဲပေါ့။ ရန်သူက အရေးသာသွားရင် တစ်တပ်လုံးသာမက တစ်တိုင်းပြည်လုံး နစ်နာသွားနိုင်တယ်။ ဒီတော့ တတ်နိုင်သမျှ ရန်သူ့အင်အား လျော့နည်းအောင်လုပ်ရမယ်။



ပြင်ဦးလွင်ကို ကေအင်ဒီအိုသိမ်းစဉ်က သူရမချစ်ပိုအား တာဝန်ပေးခဲ့သော ဗိုလ်မှူးဘဖြူ

ကျွန်မကို ခါးတိုတစ်ချောင်းပေးပါ။ ပြီးတော့ လက်ပစ်ဗုံးလည်းပေးထား။ ကျွန်မကို ကိုလှမောင် သင်ပေးထားလို့ လက်ပစ်ဗုံး ကောင်းကောင်းပစ်တတ်ပါတယ်"

သို့နှင့် မချစ်ပိုသည် အာဇာနည်သူရဲကောင်းစိတ်မျိုးဖြင့် တိုက်ပွဲဝင်ခဲ့လေသည်။ မချစ်ပိုသည် ကေအင်ဒီအိုများ တပ်စွဲထားသော လေ့ကျင့်ရေးတပ်ကုန်း၊ ဆေးတပ်ကုန်းများဘက်သို့ နည်းအမျိုးမျိုးဖြင့် ဝင်ရောက်ကာ ရန်သူ့သတင်း ထောက်လှမ်းရေးကို လုပ်ဆောင်ခဲ့လေသည်။

မချစ်ပိုသည် ခမောက်တစ်လုံးဆောင်း၊ တုတ်တစ်ချောင်းကိုင်ကာ နွားကျောင်းသူယောင်ဆောင်၍ သွားခဲ့သည်။ နွားလေးငါးဆယ်ကောင် ပါသဖြင့်လည်း သူမကို နွားကျောင်းနေသည်ဟု ရန်သူကထင်နေခဲ့သည်။

မချစ်ပိုသည် နွားကျောင်းသွားရင်းဖြင့် ရန်သူလက်နက်ကြီး ပစ်ကူနေရာများ၊ စက်သေနတ်ချထားသည့်နေရာများကို မှတ်လာခဲ့သည်။ တစ်ခါတစ်ရံတွင်လည်း ရန်သူ့အဖွဲ့ငယ် သုံးလေးဦးနှင့်တွေ့၍ အခွင့်သာသည့် အခါမျိုးတွင် လက်ပစ်ဗုံးဖြင့် ထုလာခဲ့သည်။ ထိုထက်ပို၍ ခံစားရသည်မှာ မိန်းကလေးတစ်ဦး မိုးပေါ်ကကျလာသလို ပေါ်ပေါက်လာပြီး တိုက်ခိုက်ခံရဖန် များလာသောအခါ ရန်သူတွေ စိတ်ဓာတ်ချောက်ချားမှု ဖြစ်လာရခြင်းပင်။ ဗုံးကွဲသံကြား၍ ထလိုက်ပြန်လျှင်လည်း မချစ်ပိုကို မီလိုက်သည်ဟူ၍မရှိ။ ကိုယ်ယောင်ဖျောက်ပြေးသည်ဟု ထင်နေကြလေသည်။ ဤသို့ မချစ်ပို၏ အကူအညီဖြင့် ရန်သူအတော်များများကို ထိခိုက်ကျဆုံးစေခဲ့၏။ လက်ယဉ်နေပြီဖြစ်သော မချစ်ပိုသည် တစ်ဆင့်တက်၍ အရေးဆိုလာပြန်၏။

"ကျွန်မ လုံချည်ကြီးနဲ့ သွားလာရတာ လှုပ်ရှားလို့ သိပ်မလွယ်ဘူး။ ကျွန်မ ဘောင်းဘီဝတ်မယ်။ ပြီးတော့ လက်ပစ်ဗုံးက နေရာတိုင်းသုံးလို့မရဘူး။ သေနတ်နဲ့ဆို ပိုကောင်းမယ်။ နေ့ဘက်မှာ ကျွန်မထောက်လှမ်းထားတဲ့နေရာတွေကို ညဘက်မှာ ကျွန်မရှင်တို့နဲ့အတူ လိုက်တိုက်မယ်"


မချစ်ပို၏ တင်ပြချက်ကို ရဲဘော်များက ဗိုလ်ကြီးဘဖြူထံဆက်၍ သတင်းပို့လိုက်သည်။ ရှိုင်ဖယ်နဲ့တော့ မကောင်းပါဘူးဟုဆိုကာ ခြောက်လုံးပြူးထုတ်ပေးလိုက်သည်။ မချစ်ပိုပါဝင်သောအဖွဲ့မှာ ညတိုက်ပွဲများ ဆင်နွှဲကြပြန်သည်။ ကေအင်ဒီအိုအဖွဲ့မှာ အထိနာလျက်ရှိသည်။ ထောက်ပံ့ရေးကုန်းကို ဝင်စီးသော ညတွင်ကား မချစ်ပိုကို ထိမှန်လေတော့သည်။

နေ့ခင်းဘက်က မချစ်ပိုဝင်ရောက်ထောက်လှမ်းထားသော လက်နက်ကြီး နေရာများကို မိမိတပ်ဖွဲ့မှ နောက်ပိုင်းမှ မော်တာဖြင့်ပစ်ပြီး ဦးနှိမ်ပေးထားသည်။ မချစ်ပိုတို့အဖွဲ့က ရန်သူ့ခံစစ်စည်းထဲသို့ အတင်းထိုးဖောက်ဝင်ရောက်သွားကြ သည်။ ရန်သူတွေ ခေါင်းမထောင်နိုင်ဘဲဖြစ်နေချိန်တွင် မိမိစစ်သည်များက လှံစွပ်ဖြင့် တက်ထိုးဖို့ကြိုးပမ်းကြသည်။ မချစ်ပိုက လက်မခံပေ။


"ကျွန်မ လက်ပစ်ဗုံးနဲ့ သွားထုမယ်" ဆိုပြီး လိုမ့်မှောက်ကာ ချဉ်းကပ်သွား ခဲ့သည်။ မချစ်ပို အပစ်မခံရအောင် စစ်သည်များက ကာပစ်ပေးရင်း ယောင်ပြ လှုပ်ရှားမှုများ ပြုလုပ်ပေးကြသည်။ ရန်သူ့စစ်သေနတ်သံများ ရပ်စဲသွားသည်။ မချစ်ပိုက လက်စွမ်းပြခဲ့ပြန်ပေပြီ။

ပြန်အထွက်တွင် မချစ်ပိုကို လိုမ့်မှောက်ပြီး ဆုတ်ခဲ့ရန်ပြောသော်လည်း နားမထောင် မတ်တပ်ရပ်ပြီး ပြန်လာခဲ့သည်။ ရန်သူ့စက်သေနတ်သံတစ်ချက် ထွက်ပေါ်လာပြီး မချစ်ပိုဗိုက်ကို လက်နှင့်ဖိကာ လဲကျသွားလေသည်။

မချစ်ပိုကား သတ္တိကောင်းလှသည်။ ဒဏ်ရာရသည့်တိုင် ညည်းညူခြင်းမရှိ။ ဗိုက်ကို အဝတ်ဖြင့်ပတ်ပြီး ဖိထားလိုက်သည်။ ရဲဘော်များ မချစ်ပိုကိုပွေ့ပြီး မြို့ထဲဘက်ကို ခေါ်သွားကြသည်။ တစ်ယောက်ကပြေး၍ နယူးဆေးတိုက်မှ ဆရာဝန် ဒေါက်တာဘရှင်ကို သွားခေါ်၏။ ဒေါက်တာဘရှင် လိုက်လာပြီး မချစ်ပိုကို ကားဖြင့်ပြန်တင်ခါ ဆေးတိုက်သို့ခေါ်ပြီး ညတွင်းချင်း ခွဲစိတ်ကုသပေးကြ၏။



သူရမချစ်ပိုအား လျို့ဝှက်စွာ ဆေးကုသပေးခဲ့သော လားရှိုးလမ်းပေါ်ရှိ ဒေါက်တာဘရှင်၏ နယူးဆေးတိုက်



သူရမချစ်ပိုအား ဆေးကုသပေးခဲ့သော ဒေါက်တာဘရှင်

ထိုအချိန်တွင် ကေအင်ဒီအိုအဖွဲ့များက ဆေးတိုက်ကို မသင်္ကာသဖြင့် လာစစ်ကြသည်။

"ခုနက ကားနဲ့ထွက်သွားတာ ခင်ဗျားတို့ လူနာသွားတင်တာလား"

"မဟုတ်ပါဘူး လူနာသွားကြည့်ရုံကြည့်တာ။ မင်းတို့ပစ်ခတ်နေကြလို့ ငါကြာကြာမကုရဲတာနဲ့ ပြန်လာတာ။ အိမ်ထဲမှာ ငါ့သမီးတွေပဲရှိတယ်။ မင်းတို့ ရုတ်ရုတ် ရုတ်ရုတ်မလုပ်နဲ့ပြန်တော့" ဟု ဒေါက်တာဘရှင်က မင်သေသေဖြင့် ဟောက်လွှတ်သောကြောင့် လက်နက်ကိုင်အဖွဲ့များ ပြန်သွားကြသည်။

မချစ်ပို၏ဒဏ်ရာကို ဖယောင်းတိုင်မီးဖြင့် ခွဲစိတ်ကုသပေးကြသည်။ ဒဏ်ရာက ၁၅ ချက်လောက်ချုပ်ရသည်။ ထို့နောက် မချစ်ပိုသည် ထိုဆေးတိုက်မှာပင် တစ်ပတ်လောက် ပုန်းအောင်းကာ ဆေးကုသ ခံနေခဲ့သည်။ အနာမကျက်သေးမီ မချစ်ပိုက ပြန်ချင်လှပြီဆိုသောကြောင့် ဦးကြွယ်တို့အိမ်သို့ မချစ်ပိုကို လိုက်ပို့ပေးကြသည်။

ထိုအချိန်က ကေအင်ဒီအိုအဖွဲ့မှ စောဘစံဆိုသူမှာ ထုံးဘိုရပ်ထဲမှ မချစ်ပုဆိုသူကို ယူထားခဲ့သည်။ စောဘစံနှင့် မချစ်ပုတို့ ဆက်နွယ်မှုကြောင့် ဖျက်ဆီးခံခဲ့ရသည်။ "ချစ်ပု" မှာ "မချစ်ပို" နှင့် နာမည်နီးစပ်သော်လည်း စိတ်ဓာတ်က မနီးစပ်။ သူမ အသက်ရှင်ရပ်တည်မှုကို အခြားမိန်းကလေးများ၏ ဘဝနှင့်လဲဖို့ ကြိုးစားခဲ့သည်။

"ချစ်ပု" ၏ လက်ထောက်ချမှုကြောင့် ရန်သူ့အဖွဲ့ကို အထိနာအောင် တိုက်ခိုက်ခဲ့သော မိန်းကလေးမှာ မချစ်ပိုဖြစ်မှန်း သိသွားကြသည်။ မချစ်ပို၏ လှုပ်ရှားမှုကို စောင့်ကြည့်နေကြ၏။ ဆေးတိုက်မှဆင်းပြီး ဦးကြွယ်၏အိမ်တွင် ပုန်းခိုနေသော မချစ်ပို၏သတင်းကို ရရှိသွားကြကာ ကေအင်ဒီအိုလက်နက်ကိုင် လေးငါးဦးခန့် ဦးကြွယ်အိမ်ရှေ့သို့ ရောက်လာကြသည်။

"ကဲ……မချစ်ပို ခင်ဗျားရဲ့ လှုပ်ရှားမှုတွေအားလုံးကို အတိအကျ သိထားပြီးပြီ။ ငြင်းဖို့ မကြိုးစားပါနဲ့။ ခင်ဗျားကြောင့် ကျုပ်တို့အဖွဲ့တွေ အတော်အထိနာကုန်ပြီ။ ဒီတော့ ခင်ဗျား ကျုပ်တို့နောက်ကို လိုက်ခဲ့ပါ"

"အေး …… ငါလိုက်ခဲ့မယ်"

မချစ်ပိုကား ထွက်ပြေးဖို့ မကြိုးစား။ ဓားတိုကိုသာ ဝှက်ပြီးယူလိုက်သည်။

ထိုရက်ပိုင်းများမှာ အင်ဂျင်နီယာတပ် တပ်ဖွဲ့ဝင်များ ပြင်ဦးလွင်မြို့တွင် မရှိတော့ပေ။ မန္တလေးသို့ ဆင့်ခေါ်ခြင်းခံရသဖြင့် ပြန်လည်ဆုတ်ခွာသွားကြပြီဖြစ်ရာ ဇနီး၊ သားသမီးများကို ကြည့်မထားနိုင်တော့။ မိသားစုဝင်များမှာ ဟိုပုန်းဒီအောင်း ဖြစ်နေခဲ့ကြရရှာသည်။ မချစ်ပိုမှာ ဒဏ်ရာမပျောက်ကင်းသေးသဖြင့် ကျန်ရစ်ခဲ့ရာမှာ အဖမ်းခံလိုက်ရခြင်းဖြစ်သည်။ ကေအင်ဒီအိုအဖွဲ့များကလည်း သာမန်မိသားစုဝင်များကို စိတ်မဝင်စား၊ မချစ်ပိုကိုသာ သဲကြီးမဲကြီး လိုက်ရှာနေခဲ့ကြခြင်းဖြစ်သည်။

မချစ်ပိုကို စောဘစံက သူ့မယား "ချစ်ပု" အိမ်သို့ ဖမ်းခေါ်သွားသည်။ ရောက်သည်နှင့် မချစ်ပိုကို ဖမ်းချုပ်ပြီး သူမ၏အံသွားများကို ဓားဖြင့်ကန့်လန့်ထုတ်ရန် ကြိုးစားကြသည်။

မချစ်ပိုသည် အံသွားအပို (အံပွား) ပါသူတစ်ဦးဖြစ်သည်။ အံပွား၏အကျိုးကြောင့် တော်ရုံတန်ရုံဓား၊ သေနတ်ပြီးသည့်သဘောရှိသည်။ အံပွားကြောင့် သူမ၏ကိုယ်တိုင်သာ လုံခြုံမှုရှိသည်မဟုတ်။ မချစ်ပိုနောက်က လိုက်ကြသူများသည်လည်း ကျည်ဆံထိမှန်ခြင်းမရှိ။ မချစ်ပိုသည် ကျည်ကွယ်သဖွယ်ဖြစ်နေခြင်းကြောင့်လည်း သူတို့အဖွဲ့ဝင်များ လှုပ်ရှားတိုက်ခိုက်ကြတိုင်း တော်ရုံတန်ရုံမထိမှန်ဘဲ အောင်မြင်မှု ရခဲ့ကြသည်ဟု စသည်ဖြင့် ယုံကြည်နေကြသည်။

ဒီသတင်းကို စောဘစံတို့ကလည်း ကြားထားသည်။ မချစ်ပိုကို ရိုးရိုးသတ်လို့ သေမည်မဟုတ်ဟု နားလည်ထားကြသည်။ ထို့ကြောင့် မချစ်ပိုကို ဖမ်းခေါ်လာပြီး အိမ်ထဲအဝင်တွင် အခန်းဝ၌ မီးနေသည်ထဘီကို ကပ်ရိုက်ထားသည်။ ပို၍သေချာအောင် မချစ်ပို၏အံသွားကိုနုတ်ဖို့ ကြိုးစားကြပြန်ခြင်းဖြစ်သည်။

"အောင်မလေး …… တို့ကို ဓားနဲ့ ပြန်ထိုးတယ်ဟ" အံသွားကိုနုတ်ဖို့ကြိုးစားနေကြသူများ အော်ဟစ်ပြီး ပြုလဲကျသွားပြန်သည်။ မချစ်ပိုကား နောက်ဆုံးအချိန်ထိပင် ရန်သူကို ခုခံကာကွယ်သွားရှာသည်။

စောဘစံ မခံရပ်နိုင်ဖြစ်ကာ သေနတ်ဆွဲ၍ ယူလိုက်သည်၊ ချည့်သော သေနတ်သံများ ထွက်ပေါ်လာပြီး မချစ်ပိုလဲကျသွားတော့သည်။ ချစ်ပိုသည် ဒဏ်ရာပြင်းထန်စွာ ရနေသော်လည်း အသက်က တော်တော်နှင့်မထွက်။ အသက် ပြင်းသည်ဟု ပြောစမှတ်ပြုခံရသည်။ သို့နှင့် အသက်ထွက်လောက်ပြီထင်တော့မှ မချစ်ပို၏အလောင်းကို ဝိုင်းသယ်မပြီး ရေတွင်းထဲသို့ ပစ်ချလိုက်ကြသည်။ ပိုမို သေချာစေရန်အတွက် အပေါ်မှ အုတ်ခဲကျိုးများ၊ ပန်းအိုးကွဲများပါပစ်ချပြီး ဖို့ထား လိုက်ကြသည်။


မချစ်ပိုသည် (၈-၄-၄၉) ရက်၊ အသက် (၄၂)နှစ်အရွယ်တွင် ကျဆုံးသွား ခဲ့ရှာပေသည်။

မချစ်ပို ကျဆုံးသောနေ့သည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် လက်အောက် ခံတပ်များက မန္တလေးမြို့ကို ပြန်လည်သိမ်းပိုက်ပြီးဖြစ်၍ မြို့သိမ်းအောင်ပွဲ အခမ်း အနားပြုလုပ်သောနေ့နှင့် တိုက်ဆိုင်ခဲ့ပေသည်။ မန္တလေးမြို့ကို ပြန်လည်သိမ်းပိုက် ရာတွင် ဗိုလ်မှူးထင်ပေါ်ဦးစီးသော ဘီအီးတပ်ခွဲသည် အဓိက တိုက်ခိုက်ရေးတပ် အဖြစ်ဖြင့် ဧပြီလ (၂) ရက်နေ့တွင် မန္တလေးတောင်ကို တက်သိမ်းခဲ့သည်။ မန္တလေးနန်းမြို့တွင်းသို့ ဆက်လက်တိုက်ခိုက်ပြီး ဧပြီလ (၆) ရက်နေ့တွင် ဝင် ရောက်သိမ်းပိုက်ကာ ပြည်ထောင်စုအလံကို လွှင့်ထူခဲ့ရာ မန္တလေးမြို့ လူထုမှ "တပ်မတော်ကွ" ဟု ကြွေးကြော်ပြီး ဩဘာပေးခဲ့ကြသည်။ ဒါတွေကို မချစ်ပို သိမသွားရှာတော့ပေ။

မချစ်ပို၏ အလောင်းကို သုံးလေးရက်အကြာတွင် ပြန်ဖော်သောအခါ ပုပ်သိုးနံစော်ခြင်းမရှိဟု ဆိုသည်။ (၁၆-၉-၄၉) ရက်နေ့တွင် ဗိုလ်မှူးကြင်နှင့်တကွ ရဲဘော်များသည် မန္တလေး-ပြင်ဦးလွင် ကားလမ်းကို စစ်ဆေးရင်းမှ ရောက်လာ ကြပြီး မချစ်ပို၏အလောင်းကို စစ်အခမ်းအနားဖြင့် သင်္ဂြိုဟ်ခဲ့ကြသည်။ အမိန့်စာ ကို ဦးထွန်းအုံးက ဖတ်ခဲ့သည်။

မချစ်ပို၏ အုတ်ဂူလေးကို အစဉ်အဆက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ သည်။ ၁၉၆၀ ပြည့်နှစ်တွင် ပြင်ဦးလွင် ဗဟိုအင်ဂျင်နီယာတပ်၌ ဗိုလ်မှူး တင်မောင် (သိပ္ပံမှူးတင်) တပ်မှူးဖြစ်သောအခါ အုတ်ဂူလေးကို ပြန်လည်မွမ်းမံ ခဲ့သေးသည်။

အာဇာနည်မချစ်ပို၏ စွမ်းစွမ်းတမံ ဆောင်ရွက်မှုများကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်က "သူရ" ဘွဲ့ကို ချီးမြှင့်ခဲ့ပါသည်။ မြန်မာနိုင်ငံတွင် တစ်ဦးတည်းသော သူရဘွဲ့ရ အမျိုးသမီးတစ်ဦးအဖြစ်လည်း ယနေ့တိုင် ရပ်တည်နေဆဲ



၁၉၄၉ ခုနှစ်က ဗိုလ်မှူးတင်မောင် (သိပ္ပံမှူးတင်) နှင့် ဇနီးအား
သူရမချစ်ပို၏အလောင်းအား ကိုယ်တိုင်ဂူသွင်းပြီးနောက်
အုတ်ဂူအနီးတွင်တွေ့မြင်ပုံ

ဖြစ်သည်။ "သူရမချစ်ပို" (ကျဆုံး) ရရှိခဲ့သော "သူရဘွဲ့" သည် တပ်မတော်သမိုင်းတစ်လျှောက်လုံးတွင် တိုက်ပွဲဝင်နေခဲ့သော စစ်သည်များ၏ မိသားစုများကို ကိုယ်စားပြုလျက် ရှိနေပါသည်။



သူရမချစ်ပို စျာပနအခမ်းအနား

“သူရမချစ်ပို” ၏ အုတ်ဂူဖြူဖြူလေးသည် ပြင်ဦးလွင် ထုံးဘိုရပ်ထဲတွင် ယနေ့တိုင် တည်ရှိနေဆဲဖြစ်ပါသည်။ ဘီအီးတပ်မှ အရာရှိ၊ အရာခံတပ်သားများက စောင့်ရှောက်ထားသည်။




ပြင်ဦးလွင် ထုံးဘိုရပ်ရှိ ယခုလက်ရှိ သူရမချစ်ပို၏အုတ်ဂူ

## သူရမချစ်ပို၏ ဇာတိ

သူရမချစ်ပိုကို တနင်္သာရီတိုင်း လောင်းလုံမြို့နယ်၊ နခံတောကျေးရွာနေ ဖခင်ဦးဖိုးထို၊ မိခင်ဒေါ်မဆိုးတို့မှ ၁၉၀၇ ခုနှစ်တွင် မွေးဖွားခဲ့သည်။ ညီအစ်ကို မောင်နှမများအနက် ခြောက်ယောက်မြောက် သမီးရတနာဖြစ်သည်။

ငယ်စဉ်ကပင် ယောကျ်ားများနှင့်တန်းတူ ကြမ်းကြမ်းတမ်းတမ်း ကစားတတ်ပြီး သန်မာထွားကျိုင်းပြီး ခွန်အားဗလရှိ၍ ယောကျ်ားများကပင် သူ့ကိုမယှဉ်နိုင်ဟု သိရပါသည်။ ငယ်စဉ်ကလေးဘဝ တစ်ခါတွင်လည်း မချစ်ပိုသည် လယ်တဲတစ်ခုသို့ အလည်သွားစဉ် ဧည့်သည်မချစ်ပိုကို အင်းစပ်ခွေးကြီးတစ်ကောင်က ရုတ်တရက် ခုန်အုပ်လိုက်ရာ မချစ်ပိုသည် ခွေးကြီး၏နှုတ်သီးကို ဖမ်းချုပ်လိုက်ပြီး ခွေးကြီး၏ရင်ဘတ်ကို ညာဝိုက်လက်သီးတစ်လုံး ပစ်သွင်းလိုက်ရာ ခွေးကြီးမှာ မိနစ်ပိုင်းအတွင်း အသက်ပျောက်သွားသည်။

တစ်ခါတွင်လည်း မိမိခြံထွက် ဓနိသကြားလုံးများကို ထားဝယ်မြို့သို့ပို့ရန် မချစ်ပိုတစ်ယောက်တည်း လှေလှော်၍ထွက်လာခဲ့ရာ ချောင်းကွေ့တစ်နေရာတွင်

အဆင်သင့်စောင့်နေသော လူဆိုး ၃ ဦးက ကမ်းသို့ကပ်ရန် အချက်ပြခေါ်သဖြင့် ဖြည်းဖြည်းချင်း လှေကိုကပ်သွားစဉ် လူဆိုးတစ်ဦး လှေပေါ်သို့ လှမ်းအတက်တွင် မချစ်ပိုသည် လှော်တက်ကို လက်နှစ်ဖက်ဖြင့်စုံကိုင်၍ တစ်ချက်သာရိုက်ချလိုက်သည်။ အရိုက်ခံလိုက်ရသောလူဆိုးမှာ ရေထဲကျသွားပြီး ပေါ်မလာနိုင်တော့ပါ။ အဖြစ်သည် မြန်ဆန်လွန်း၍ ကျန်လူဆိုးနှစ်ယောက်မှာ ပင့်သက်မိ၍ ငိုင်ကျနေစဉ် မိမိလှေကို အပြင်းလှော်၍ ထွက်ပြေးလွတ်မြောက် ခဲ့ရဖူးသည်။

တစ်ခါတွင်လည်း ရန်ကုန်မြို့မှ ထားဝယ်သင်္ဘောဆိပ်နားတွင် ခေတ်ဟောင်းရုပ်ရှင် အောင်ပင်လယ်ဓာတ်လမ်းမှ ဓာတ်ဝင်ခန်းတစ်ခန်းရိုက်ကူးရန် ရောက်လာခဲ့ကြပါသည်။ ဓာတ်ဝင်ခန်းတွင် စက်လှေ၏တိုင်ထိပ်မှ ရေထဲသို့ ဒိုင်ဗင်ထိုးဆင်းသည့်အခန်း ပါဝင်နေသည်။ မင်းသားဘတင့်မှာ နေမကောင်းဖြစ်နေသဖြင့် မချစ်ပိုက လူစားဒိုင်ဗင်ထိုး ပြခဲ့ရသည်ဟု သိရပါသည်။ “ဒါလွယ်လွယ်လေးပါ” ဟု မချစ်ပိုက ဝိုင်းကြည့်နေကြသော ပရိသတ်များအား ပြောလိုက်ရာ ပရိသတ်များက သြဘာလက်ခုပ်တီး၍ ချီးကျူးခဲ့ကြသည်ဟု သိရပါသည်။

တစ်ခါတွင်လည်း ထားဝယ်မြစ်အတွင်း ကမြောကင်းကူးတို့ဆိပ်တွင် မချစ်ပိုစီးနင်းလိုက်ပါလာသော ကူးတို့လှေသည် ရေစီးအားသန်သဖြင့် မထိန်းနိုင်ဘဲ တိမ်းမှောက်သွားရာ ရေစီးနှင့် မျောပါသွားသည့် ရေမကူးတတ်သော အမျိုးသားတစ်ဦးကို မချစ်ပိုဆယ်ယူပေးခဲ့သဖြင့် အသက်ဘေးမှ ချမ်းသာခဲ့ရသည်ဟု ဆိုသည်။

## သူရမချစ်ပို၏မောင် ထားဝယ်တင်မောင်

ဗမာ့လွတ်လပ်ရေးတပ်မတော် ထားဝယ်စစ်ကြောင်းကို ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ဘန်ကောက်မြို့၊ ဆထွန်းလမ်းရှိ ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ဌာနချုပ်တွင် ဖွဲ့စည်းလိုက်သည်။ ထားဝယ်စစ်ကြောင်းကို တပ်မှူးအဖြစ် ဗိုလ်ကြီးကာဝါရှီးမားက ခေါင်းဆောင်ပြီး ရဲဘော်သုံးကျိပ်ဝင်များဖြစ်သော ဗိုလ်လကျာ၊ ဗိုလ်လရောင်၊ ဗိုလ်မင်းရောင်၊ ဗိုလ်မြင့်အောင်၊ ဗိုလ်ဗလ၊ ဗိုလ်ဘုဏ နှင့် ဂျပန်အရာရှိများဖြစ်သော ဗိုလ်အီဖူးမီးယား၊ ဗိုလ်ဒိုအိ၊ ဒုတိယဗိုလ်တိုမိတို့အပြင် ဂျပန်တပ်ကြပ်ကြီးများ ပါဝင်ကြသည်။

## ထားဝယ်သားဗိုလ်ဗထူးနှင့် သူရမချစ်ပို၏မောင် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ခြင်း

ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် ထားဝယ်စစ်ကြောင်းနှင့် ဂျပန်တပ်မ ၅၅ မှ အိုကီးတပ်ဖွဲ့သည် မြစ်တာမှ ထားဝယ်မြို့သို့ ချီတက်တိုက်ခိုက်သည်။ ထားဝယ်မြို့တွင် ခံစစ်ဖြင့် ခုခံတိုက်ခိုက်နေသော အင်္ဂလိပ်တပ်များဖြစ်သည့် ဘားမားရိုင်ဖယ် တပ်ရင်း ၆၊ တနင်္သာရီ အရန်တပ်မှ ထားဝယ်တပ်ခွဲ၊ မြိတ်မြို့မှ ပြောင်းရွှေ့လာသော ဘားမားရိုင်ဖယ်တပ်ရင်း ၃ မှ တပ်ခွဲ ၂ ခွဲနှင့် တိုက်ပွဲများဖြစ်ပွားပြီးနောက် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ထားဝယ်မြို့ကို သိမ်းပိုက်ရရှိသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် ထားဝယ်စစ်ကြောင်းသည် ထားဝယ်မြို့ကို သိမ်းပိုက်ရရှိပြီးသောအခါ ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဗိုလ်ဗထူး၊ သူရမချစ်ပို၏မောင် ထားဝယ်တင်မောင်အပါအဝင် မြန်မာလူငယ် အမြောက်အမြား ဝင်ရောက်လာကြသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ထားဝယ်မြို့တွင် မြို့ခံလူကြီးများနှင့် ဆွေးနွေးညှိနှိုင်းပြီး ဘီအိုင်အေ အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးခဲ့သည်။ ထားဝယ်မြို့တွင် ဗမာ့လွတ်လပ်ရေး တပ်မတော်သို့ ဝင်ရောက်လာသော တပ်သားသစ်များအား ထားဝယ်မြို့ အင်္ဂလိပ်ကျောင်း အဆောက်အဦးနှင့် ကရင်ကျောင်းအဆောက်အဦးများတွင် စုစည်းပြီး စစ်သင်တန်းပေးခဲ့လေသည်။ စစ်သင်တန်းပေးရေး တာဝန်ကို ဗိုလ်လရောင်၊ ဗိုလ်ဗလ၊ ဗိုလ်မင်းရောင်တို့က ဆောင်ရွက်ရပြီး ဗိုလ်ဒိုအိ၊ ဗိုလ်အီစူးမီးယား၊ တပ်ကြပ်ကြီး တာနီဇကီ၊ တပ်ကြပ်ကြီးမောရိတို့က ကူညီရလေသည်။

## ထားဝယ်မှ တပ်သားသစ်များ စစ်ပညာသင်ကြားခြင်း

ထိုသို့တစ်လနီးပါး စစ်ပညာသင်ကြားပြီးနောက် ထားဝယ်စစ်ကြောင်းသည် ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ဆက်လက်၍ အထက်ဗမာပြည်သို့ ချီတက်တိုက်ခိုက်ရန် ထားဝယ်မြို့မှ ခရီးသည်တင်ကား ၁၁ စီးဖြင့် ထွက်ခွာခြင်း မပြုမီ ဒေါ်ချစ်ပို အပါအဝင် ဆွေမျိုးသားချင်း မိတ်သင်္ဂဟများ ထားဝယ်မြို့သူ မြို့သားများ စုဝေးရောက်ရှိလာကြပြီး ဗမာ့လွတ်လပ်ရေး တပ်မတော်သားများအား နှုတ်ဆက်ကြ၊ လက်ဆောင်များပေးကြ၊ အောင်သပြေပန်းများကို ခြွေကာ

"သခင်မျိုးဟေ့ ဒို့ဗမာ၊ သခင်မျိုးဟေ့ ဒို့ဗမာ၊ အရေးတော်ပုံအောင်ရမည်" ဟူသော ကြွေးကြော်သံများဖြင့် အော်ဟစ်နှုတ်ဆက်ကြလေသည်။

ဒေါ်ချစ်ပိုအဖို့ မောင်ဖြစ်သူ ထားဝယ်တင်မောင်အား နောက်ဆုံးနှုတ်ဆက် လိုက်ရခြင်း ဖြစ်ပေသည်။

## မြန်မာ့လွတ်လပ်ရေး အစဉ်ရှေးရှုသော ဗိုလ်ချုပ်အောင်ဆန်း

ဗိုလ်ချုပ်အောင်ဆန်းသည် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းပြီး နောက် ဂျပန်တပ်များနှင့်အတူ မြန်မာပြည်တွင်းသို့ ချီတက်ဝင်ရောက်ကာ နယ်ချဲ့ အင်္ဂလိပ်ကို တိုက်ခိုက်ခြင်းမှာ မြန်မာပြည်လွတ်လပ်ရေး ရရှိရန်ဟူသော မျှော်မှန်း ချက်ဖြင့် ဖြစ်ပေသည်။ နယ်ချဲ့အင်္ဂလိပ်ကို လက်နက်နှင့်တော်လှန်၍ မြန်မာပြည် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နိုင်ရန် နိုင်ငံခြားအကူအညီကို ရယူရာတွင် ဂျပန်တို့နှင့် ဆက်သွယ်မိခြင်းမှာ ဂျပန်တို့ကျင့်သုံးနေသည့် မူဝါဒနှင့်သဘော ထားကို နှစ်သက်ယုံကြည်၍ ဆက်သွယ်မိခြင်း မဟုတ်ပေ။ မြန်မာပြည်ကို နယ်ချဲ့ အုပ်စိုးမှုအောက်မှ လွတ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံခြား အကူအညီ ရရှိမည်ဆိုပါက မည်သည့်နိုင်ငံကပင် ရသည်ဖြစ်စေ လက်ခံရန် သခင်အောင်ဆန်းနှင့် နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး ခေါင်းဆောင်များက ဆုံးဖြတ် ထားပြီးဖြစ်သည်။ နယ်ချဲ့အင်္ဂလိပ် ဆန့်ကျင်ရေးနှင့် မြေအောက်တော်လှန်ရေး အဖွဲ့အစည်းဖြစ်သော ဘီအာရ်ပီက သခင်အောင်ဆန်းကို ပြည်ပသို့ လျှို့ဝှက်စွာ ထွက်ခွာသွားစေပြီး နိုင်ငံခြားအဆက်အသွယ်နှင့် အကူအညီရယူရန် ကြိုးပမ်းနေစဉ် ဂျပန်ကလည်း အရှေ့တောင်အာရှနိုင်ငံများသို့ နယ်ပယ်ချဲ့ထွင်ရေး စစ်ပွဲဆင်နွှဲ ရန်နှင့် တရုတ်–မြန်မာ လမ်းမကြီးကို ဖြတ်တောက်ပိတ်ဆို့ရန် စုံစမ်းထောက် လှမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် မြန်မာပြည်သို့ ပုဂ္ဂိုလ်အချို့ကို လျှို့ဝှက်စွာ စေလွှတ်ထားပြီးဖြစ်သည်။ ထင်ရှားသော ပုဂ္ဂိုလ်များမှာ ဂျပန်ကြည်း တပ်မတော်မှ စေလွှတ်ထားသူ ဗိုလ်မှူးကြီးဆူဇူကီးနှင့် ဂျပန်ရေတပ်မတော်မှ စေလွှတ်ထားသူ မစ္စတာကိုကူဘူး တို့ဖြစ်သည်။ ထို့ကြောင့် ပြည်တွင်းရှိ မြေအောက် တော်လှန်ရေးအဖွဲ့အစည်းနှင့် ဗိုလ်မှူးကြီးဆူဇူကီးတို့ အဆက်အသွယ်ရရှိရာမှ သခင်အောင်ဆန်းသည် ဂျပန်ပြည်သို့ ရောက်ရှိသွားခြင်းဖြစ်သည်။ သခင် အောင်ဆန်းသည် ဂျပန်တို့ မန်ချူးရီးယားနှင့် တရုတ်ပြည်တွင် ကျင့်သုံးသော

ဖက်ဆစ်သရုပ်ကို မသိမမြင်၍ ဂျပန်နှင့်ပူးပေါင်းခြင်း မဟုတ်ပေ။ သခင်အောင်ဆန်းသည် ဂျပန်တို့၏ဖက်ဆစ်သရုပ်ကို သိမြင်သော်လည်း မြန်မာပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နိုင်ရန် နိုင်ငံခြားအကူအညီကို လောလောဆယ် အပူတပြင်းလိုအပ်နေသောကြောင့် ရရှိလာသည့် အခွင့်အရေးတစ်ရပ်ကို အသုံးချခြင်းသာ ဖြစ်လေသည်။

သခင်အောင်ဆန်းသည် ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းရန် ဘန်ကောက်မြို့သို့ ရောက်ရှိစဉ် ပြည်တွင်းရှိ နယ်ချဲ့အင်္ဂလိပ်ဆန့်ကျင်ရေး မြေအောက်တော်လှန်ရေး ခေါင်းဆောင်များထံ စာရေး၍ ဂျပန်သို့ ယုံကြည်မှုအပြည့်အဝထားရှိ၍ မဖြစ်ကြောင်း အကြောင်းကြားခဲ့သည်။ ထို့ပြင် ရဲဘော်သုံးကျိပ်ဝင်များထဲမှ ရဲဘော်အချို့ကို ပြည်တွင်းသို့ ဗမာ့လွတ်လပ်ရေးတပ်မတော် ချီတက်လာခြင်းမပြုမီ ကြိုတင်စေလွှတ်၍ နယ်ချဲ့အင်္ဂလိပ် တော်လှန်ရေးလုပ်ငန်းများကို စည်းရုံးဆောင်ရွက်ရန်နှင့် အကယ်၍ ဂျပန်က မြန်မာပြည်လွတ်လပ်ရေးနှင့် ပတ်သက်၍ အဟန့်အတားပြုလာပါက ဂျပန်ကိုပါ ဆက်လက်တော်လှန်နိုင်ရန် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်ထားရန် တာဝန်ပေးအပ်လိုက်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိရန်အတွက် အစဉ်တစိုက် ရှေးရှုဆောင်ရွက်ခဲ့လေသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးကို နယ်ချဲ့အင်္ဂလိပ်တို့ထံမှ လက်နက်နှင့် တိုက်ယူမှသာ ရရှိနိုင်မည်ဟု သိရှိသောကြောင့်၊ အင်္ဂလိပ်အစိုးရအုပ်စိုးမှုကို လက်နက်နှင့်တော်လှန်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ အရင်းရှင်နယ်ချဲ့စနစ်၏ အုပ်စိုးမှုအောက်မှ ဖက်ဆစ်အုပ်စိုးမှုအောက်သို့ သက်ဆင်းရန် ကြိုးပမ်းခြင်း မဟုတ်ပေ။ ထို့ကြောင့် ဗမာ့လွတ်လပ်ရေး တပ်မတော်က ဂျပန်တပ်များနှင့် ရင်ပေါင်တန်း၍ မြန်မာပြည်တွင်းသို့ ချီတက်ခဲ့ရာတွင်၊ ခရီးတစ်လျှောက်၌ ဂျပန်တပ်သားများက မြန်မာပြည်သူလူထုနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်သားများအပေါ် နိုင်ထက်ကလူပြုမူမှုများ၊ ညှင်းပန်းနှိပ်စက်မှုများကို ကြုံတွေ့ခံစားရပြီး မော်လမြိုင်မြို့ကို သိမ်းပိုက်ပြီးသောအခါတွင်လည်းကောင်း၊ ရန်ကုန်မြို့ကို သိမ်းပိုက်ပြီးသောအခါတွင်လည်းကောင်း၊ မြန်မာပြည်လွတ်လပ်ရေးကြေညာရန်ကိစ္စကို ဂျပန်တပ်များက ဆောင်ရွက်ပေးရန် ပျက်ကွက်သဖြင့်၊ ဗိုလ်ချုပ်အောင်ဆန်းက တစ်နေ့နေ့တစ်ချိန်ချိန်တွင် ဂျပန်ကို မုချတော်လှန်ရမည်ဟု အခါအခွင့်သင့်တိုင်း သတိပေးပြောကြားခဲ့သည်။

သို့ရာတွင် ဂျပန်တပ်မတော်သည် စစ်အင်အားအရလည်းကောင်း၊ စစ်ပညာအရလည်းကောင်း ပြည့်စုံပြီး၊ ဗမာ့လွတ်လပ်ရေးတပ်မတော်သည် စစ်ပညာနှင့် စစ်အတွေ့အကြုံအရ ဂျပန်ကိုတော်လှန်နိုင်သည့် အခြေအနေတွင် မရှိသေးသည့်အပြင်၊ ပြည်သူလူထုအတွင်း၌ နက်ရှိုင်းစွာ စည်းရုံးမှုများ မပြုလုပ်ရသေးသောကြောင့် ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်ကိုတော်လှန်ရန် အချိန်အခါနှင့် အခွင့်အရေးကို စောင့်ဆိုင်းလျက်ရှိလေသည်။

## ဗမာ့လွတ်လပ်ရေးတပ်မတော်ဖျက်သိမ်းခြင်း

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ချီတက်ရာ လမ်းခရီးတစ်လျှောက်တွင် စစ်သားစုဆောင်းရေးလုပ်ငန်းများကို ဆောင်ရွက်ရာ မျိုးချစ်လူငယ် အများအပြားသည် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ရောက်အမှုထမ်းကြသည်။ မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်မိသောအခါ ဗမာ့လွတ်လပ်ရေးတပ်မတော်၏ အင်အားမှာ ၅ သောင်းခန့် ရှိလေသည်။ ထို့ပြင် ဂျပန်တပ်မတော်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်၏ ဆက်ဆံရေးမှာ တစ်စတစ်စ တင်းမာလျက်ရှိရာ ဗမာ့လွတ်လပ်ရေးတပ်မတော်က အခွင့်အရေးရလျှင် ဂျပန်ကိုတော်လှန်မည့် အန္တရာယ်ကို ဂျပန်တို့ ပူပန်သောကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းရန် မြန်မာပြည်ရှိ ဂျပန်တပ်မတော် အာဏာပိုင်များက စတင်ဆွေးနွေး စီစဉ်ကြသည်။

ဂျပန်တပ်မတော် အရာရှိကြီးများသည် ပြင်ဦးလွင်ရှိ အမှတ် ၁၅ တပ်မတော် စစ်ဌာနချုပ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းသင့် မဖျက်သိမ်းသင့် ဟူသောကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးကြပြန်သည်။ အဆိုပါဆွေးနွေးပွဲတွင် ဂျပန်စစ်ထောက်လှမ်းရေးမှ ဗိုလ်မှူးဆိုက်တိုးက ဗမာ့လွတ်လပ်ရေး တပ်မတော်သည် ဂျပန်ကမြန်မာပြည်ကို လွတ်လပ်ရေးကြေညာပေးခြင်း မရှိသောကြောင့်လည်းကောင်း၊ ဗမာ့လွတ်လပ်ရေးတပ်မတော် အုပ်ချုပ်ရေးအဖွဲ့များကို ဖျက်သိမ်းလိုက်သောကြောင့်လည်းကောင်း ဂျပန်တပ်မတော်ကို မကျေနပ်လျက်ရှိရာ၊ အခြေအနေပေးသည်နှင့် တစ်ပြိုင်နက် ယင်းတို့သည် တပ်မတော်ကို တော်လှန်လိမ့်မည်ဖြစ်ကြောင်း ပြောကြားပြီး၊ ဗမာ့ဗလွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းပစ်ရန် တိုက်တွန်းသည်။

ထို့ပြင် ဗိုလ်မှူးတာကေရှိတာကလည်း ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်း၍ ယင်းတို့ထဲမှ လူအင်အား ၃၀၀၀ မှ ၅၀၀၀ ကို ပြန်လည်ရွေးချယ်ပြီး အသစ်ထပ်မံဖွဲ့စည်းသင့်ကြောင်း အကြံပေးသည်။ နောက်ဆုံးတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းပြီး လူအင်အား ၃၀၀၀ မှ ၅၀၀၀ အထိပါဝင်သော တပ်မတော်အသစ် (ဗမာ့ကာကွယ်ရေးတပ်မတော်) ကို ပြန်လည်ဖွဲ့စည်းရန်နှင့် ဗိုလ်ချုပ်အောင်ဆန်းကို အသစ်ထပ်မံဖွဲ့စည်းသည့် တပ်မတော်တွင် စစ်သေနာပတိအဖြစ် ခန့်အပ်ရန် ဆုံးဖြတ်သည်။ ဖူဂျီဝါရာသည် အဆိုပါဆုံးဖြတ်ချက်ကို ဂျပန်တောင်ပိုင်းတပ်မတော် စစ်ဌာနချုပ်သို့ သွားရောက်တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး တာဆူကာဒါက လက်ခံအတည်ပြုပြီး မြန်မာပြည်ရှိ ဂျပန်အမှတ်(၁၅) တပ်တော် စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီးအီဒါကလည်း ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းပြီး စနစ်ကျသော တပ်မတော်အသစ် ပြန်လည်ဖွဲ့စည်းရေးကို လက်ခံသဘောတူသည်။

ဂျပန်တို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော်၏ လွတ်လပ်ရေးကို မြတ်နိုးသောစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် တိုးတက်များပြားလာသော အင်အားနှင့် ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံအားပေးမှုများကြောင့် ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ယင်းတို့အတွက် အန္တရာယ်တစ်ရပ်အဖြစ် တွေ့မြင်လာသဖြင့် ပိုမိုစနစ်ကျသော တပ်မတော်အသစ် ပြန်လည်ဖွဲ့စည်းရန်ဟု အကြောင်းပြပြီး ဖျက်သိမ်းပစ်လိုခြင်းသာ ဖြစ်လေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်တစ်ရပ်လုံးကမူ ယင်းသို့ ဖျက်သိမ်းခြင်းခံရသည်ကို လုံးဝမကျေနပ်ပေ။ မြန်မာပြည်လွတ်လပ်ရေးတိုက်ပွဲအတွက် နယ်ချဲ့အင်္ဂလိပ်ကို လက်နက်နှင့်တော်လှန်နိုင်ရန် ဗမာ့လွတ်လပ်ရေးတပ်မတော်အတွင်းသို့ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ဝင်ရောက်ခဲ့ကြသော အင်အားစုကြီးတစ်ရပ် ပြိုကွဲသွားမည်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်သားအားလုံးက မလိုလားပေ။ သို့သော် ယင်းအချိန်၌ ဂျပန်တပ်များကို တော်လှန်တိုက်ခိုက်မည်ဆိုပါက စစ်အင်အားအရ ယှဉ်ပြိုင်နိုင်သော်ငြားလည်း စစ်ပညာနှင့် စစ်အတွေ့အကြုံ၊ စစ်လက်နက်ပစ္စည်းအရာများတွင် ဂျပန်တပ်များနှင့် ယှဉ်ပြိုင်တိုက်ခိုက်နိုင်သည့် အရည်အသွေးလိုအပ်နေသေးသောကြောင့်လည်းကောင်း၊ ဖက်ဆစ်ဂျပန် တော်လှန်ရေးအတွက်

ပြည်သူလူထုအတွင်းသို့ လိုအပ်သည့် စည်းရုံးရေးလုပ်ငန်းများ၊ ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း မပြုရသေးသောကြောင့်လည်းကောင်း ဗိုလ်ချုပ်အောင်ဆန်းက ဗမာ့လွတ်လပ်ရေးတပ်မတော် ဖျက်သိမ်းခြင်းကို လက်ခံလိုက်ရခြင်းဖြစ်ပေသည်။

ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းရန် အစီအစဉ်ဖြင့် တပ်များအား မန္တလေးတွင် စုရုံးစခန်းချရန် ဗိုလ်ချုပ်အောင်ဆန်းက ပြင်ဦးလွင်စခန်းမှ အမိန့်ထုတ်ပြန်သည်။ အချို့တပ်များကို ရန်ကုန်၊ မင်္ဂလာဒုံတွင် စုရုံးစေသည်။ ၁၉၄၂ ခုနှစ်၊ ဇွန်လ ဒုတိယအပတ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်၌ ဆက်လက်အမှုထမ်းလိုခြင်း မရှိသောအရာရှိနှင့် အကြပ်တပ်သားများအား နေရပ်သို့ ပြန်ပို့ခြင်း၊ အသစ်ထပ်မံဖွဲ့စည်းမည့် တပ်မတော်တွင် ပါဝင်မည့်တပ်သား ၃၀၀၀ ကို ရွေးချယ်ရန် ဆေးစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် ဖျက်သိမ်းလိုက်လေသည်။

## ရဲဘော်ထားဝယ်တင်မောင် အိမ်မပြန်

ဗမာ့လွတ်လပ်ရေးတပ်မတော် ဖျက်သိမ်းပြီး ဗမာ့ကာကွယ်ရေးတပ်မတော် ဖွဲ့စည်းသောအခါ နေရပ်သို့ပြန်လိုသော ရဲဘော်များအား နေရပ်ပြန်ခွင့်ပေးသည်။ သို့သော် ရဲဘော်တင်မောင်မှာ မိခင်ထံသို့မပြန်ဘဲ ဗမာ့ကာကွယ်ရေးတပ်မတော်တွင် ဆက်လက် တာဝန်ထမ်းဆောင်ခဲ့ရာမှ ရဲဘော်သုံးကျိပ် ဗိုလ်မိုးညို ဦးစီးကွပ်ကဲသော စက်မှုလက်မှု တပ်ရင်း (၂) တွင် တာဝန်ထမ်းဆောင်ခွင့် ရရှိခဲ့လေသည်။ စက်မှုလက်မှု တပ်ရင်း (၂) သည် အောင်လံ၊ သရက်၊ မင်းလှ၊ ရွှေစက်တော်နှင့် ရခိုင်သို့ချီတက်ရာ အန်းတောင်ကြားလမ်းတွင် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ကြလေသည်။

## တပ်မတော်သားတို့၏ ခံစားချက်

ဂျပန်အာဏာပိုင်တို့က ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းလိုက်သောအခါ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသော တပ်မတော်သားတိုင်းလိုလိုပင် ဖက်ဆစ်ဂျပန်တို့အား ချက်ချင်း တော်လှန်တိုက်ခိုက်လိုကြသည်။ အချို့က လွတ်လပ်ရေးမရမချင်း ဗမာ့လွတ်လပ်ရေး တပ်မတော်ကိုမဖျက်ဘဲ ခေတ်မီတပ်မတော်တစ်ရပ် ဖြစ်လာအောင် ဆောင်ရွက်ပေးစေလိုကြသည်။ မည်သို့ပင်

ဖြစ်စေ ဂျပန်အာဏာပိုင်တို့သည် အတွင်းသဘောအားဖြင့် မြန်မာပြည်အား လွတ်လပ်ရေးပေးရန် မလိုလားခဲ့သည့်အလျောက် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ပရိယာယ်ကြွယ်ဝစွာဖြင့် ဖျက်သိမ်းလိုက်ရာ တပ်မတော်သားတိုင်း ဆောက်တည်ရာမရ နာကြည်းကြသည်။ စိတ်ထိခိုက်ကြသည်။ မကျေမနပ် ဖြစ်ကြသည်။

ယင်းသို့ နာကြည်းမှု၊ စိတ်ထိခိုက်မှု၊ မကျေနပ်မှုများကို ခံစားနေကြရသော်လည်း ခေါင်းဆောင်ကြီးများ၏ ညွှန်ကြားချက်ကိုသာ ဦးလည်မသုန် လိုက်နာကြသည်။ ခေါင်းဆောင်ကြီးများက အသက်စွန့်ရန် တာဝန်ပေးလျှင်ပင် အသင့်ရှိနေကြသည်။ ထို့ကြောင့်ပင် အကြောင်းအမျိုးမျိုးကြောင့် ဗမာ့ကာကွယ်ရေးတပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်ခွင့် မရကြသော တပ်မတော်သားများသည် ဗိုလ်ချုပ်အောင်ဆန်း၏ ညွှန်ကြားချက်အတိုင်း ထုတ်ပေးသည့် ခရီးစရိတ်ဖြင့် နေရပ်ဌာနသို့ ပြန်ကြသည်။ ဆိုင်ရာတပ်မှူးများကလည်း မပြီးဆုံးသေးသည့် တိုက်ပွဲအတွက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို မှာကြားကြသည်။

## သူရမချစ်ပို၏မောင် ထားဝယ်တင်မောင်နှင့် တော်လှန်ရေး

ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် ထားဝယ်တင်မောင်သည်တိုင်း(၇)၊ စစ်ရေးခေါင်းဆောင် ဗိုလ်မှူးအောင်၊ တိုင်းဒုစစ်ရေးခေါင်းဆောင် ဗိုလ်ကြီးစိန်မှန်လက်အောက်ရှိ ဗိုလ်ကြီးမိုးညိုဦးစီးသော စက်မှုလက်မှု တပ်ရင်း (၂) တွင် ဆက်လက်၍ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၄၅ ခုနှစ်၊ ဩဂုတ်လ (၁၄) ရက်နေ့တွင် ဖက်ဆစ်ဂျပန်များ ခြွင်းချက်မရှိ လက်နက်ချလိုက်ပြီဖြစ်၍ ဖက်ဆစ်တော်လှန်ရေးကြီး ပြီးဆုံးခဲ့လေသည်။

ဖက်ဆစ်တော်လှန်ရေးကြီးအပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် မောင့်ဘက်တန်တို့ ချုပ်ဆိုခဲ့ကြသော ကန္ဒီစာချုပ်အရ တပ်သစ်များ ပြန်လည်ဖွဲ့စည်းရန် ၁၉၄၅ ခုနှစ်၊ အောက်တိုဘာလမှစ၍ ခွင့်သုံးလစီပေးလိုက်ရာ ရဲဘော်အများအပြား ကိုယ့်အိမ်ကိုယ့်ရာကို ပျော်ရွှင်စွာ ပြန်ကြသော်လည်း ထားဝယ်တင်မောင်မှာ နေရပ်သို့ မပြန်ဘဲ သူယုံကြည်အားကိုးရာဖြစ်သော ဗိုလ်စိန်မှန်ထံတွင် သတင်းပို့ပြီး ဗိုလ်စိန်မှန်နှင့်အတူ နေထိုင်ခဲ့သည်။

၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလတွင် တပ်များပြန်လည်ဖွဲ့စည်းရာ၌ ထားဝယ်တင်မောင်သည် အနီးဆုံးဖြစ်သော ပြည်မြို့ဘုရားကြီးစခန်းရှိ သေနတ်ကိုင်တပ်ရင်း (၄) တွင် သတင်းပို့ရသည်။

ထို့နောက် ၁၉၄၉ ခုနှစ် ပြည်တွင်းစစ် အစောပိုင်းကာလတွင် ဗိုလ်မှူးစိန်မှန်အား အထူးစစ်မင်းကြီးအဖြစ် သောင်းကျန်းသူများအား နှိမ်နင်းတိုက်ခိုက်ရန် တာဝန်ပေးခြင်း ခံရသည်။ ပြင်းထန်သော တိုက်ပွဲများဖြစ်သည့် သရက်ကုန်းကလေး တိုက်ပွဲ၊ စက်ကော်တိုက်ပွဲ၊ ဘိုးသာအောင်ကုန်းတိုက်ပွဲနှင့် လက်ဆက်တံတား တိုက်ပွဲတို့ကို အောင်မြင်စွာ ဆင်နွှဲနိုင်ခဲ့ပြီး ၁၉၄၉ ခုနှစ်၊ ဧပြီလ (၇) ရက်နေ့တွင် သောင်းကျန်းသူများ သိမ်းပိုက်ထားသော သာယာဝတီမြို့ကို လေကြောင်းမှ ဆင်နွှဲရာတွင် လေယာဉ်ပေါ်တွင် ရန်သူ့ကျည်ဆံသင့်၍ ကွယ်လွန်ခဲ့သည်။

ထားဝယ်တင်မောင်သတင်းမှာလည်း ကွင်းဆက်ပြတ်သွားသည်။ သူ့ရ မချစ်ပိုသည်ပင် သူ၏မောင် အသက်ရှင်လျက်ရှိသည် မရှိသည်ကိုပင် သိမသွားရ။ မောင်ဖြစ်သူမှာလည်း အစ်မဖြစ်သူ မချစ်ပိုတစ်ယောက် သူ့ရဘွဲ့ရသည်ကိုလည်း သိမသွားရပေ။

အခန်း ( ၆ )

# ပြင်ဦးလွင်တိုက်ပွဲ

တပ်ရင်း (၃) ရင်းခန့်ရှိသော ကေအင်ဒီအိုများသည် အောက်ပါနေရာများတွင် တပ်စွဲထားကြသည်။

အနီးစခန်း၊ ကျောက်တောင် လွတ်လပ်ရေးအောင်စေတီ ဘုရားတောင်၊ ချင်းချောင်းတောင်၊ အမှတ် (၁) ကချင်တပ်ရင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ထောက်ပံ့ရေးတပ်၊ မီးရထားဘူတာရုံ၊ ဗဟိုဆက်သွယ်ရေးတပ်၊ လေ့ကျင့်ရေးတပ်နှင့် ဘီအီးတပ် စသည်တို့ဖြစ်သည်။

တပ်မတော်ပညာရေးကျောင်းနှင့် စစ်ဆေးရုံနေရာကို ငြိမ်းချမ်းရေးရပ်ကွက်ဟု သတ်မှတ်ထားလိုက်လေသည်။

ဖေဖော်ဝါရီလ (၂၃) ရက်နေ့ညက ရေငယ်သို့ လားရှိုးမှ ရောက်ရှိလာသော ဘီအီးတပ်မှ ဗိုလ်ကြီးခင်မောင်ကြီးနှင့် ဗိုလ်ကြီးထွန်းရီတို့ ခေါင်းဆောင်သော တပ်စု (၂) စုက နောက်တစ်ရက် နံနက် (၆) နာရီတွင် ဘီအီးတပ်နှင့် ပြင်ဦးလွင် လားရှိုးလမ်းတစ်လျှောက် မြို့မရပ်ရှင်ရုံအထိ တိုက်ခိုက်ပြီး ဘီအီး၊ ညံတော၊ ဘူတာလမ်းနှင့် လားရှိုး–ပြင်ဦးလွင် ကားလမ်းဆုံ နာရီစင်နှင့် မြို့မရုပ်ရှင်ရုံများကို သိမ်းပိုက်လိုက်လေသည်။

ဗိုလ်ဘဂျမ်းအုပ်ချုပ်သော စစ်ရဲတပ်မှ တပ်စု (၁) စု၊ ဆက်သွယ်ရေးတပ်မှ တပ်စိတ် (၂) စိတ်တို့က ဘီအီးတပ်နှင့်အတူ ဝင်ရောက်တိုက်ခိုက်ပြီး အင်အားဖြည့်တင်းလိုက်သည်။

ထိုတိုက်ပွဲတွင် ဗိုလ်ကြီးခင်မောင်ကြီးနှင့် ဗိုလ်ကြီးထွန်းရီတို့ ဒဏ်ရာရသောကြောင့် လားရှိုးသို့ ပို့လိုက်ရသည့်အတွက် တပ်များကို ကွပ်ကဲအုပ်ချုပ်ရန် ခက်ခဲလာသဖြင့် သိမ်းပြီးနေရာများမှ အရေးကြီးသောနေရာများသို့ (၄) ယောက်တစ်ဖွဲ့၊ (၆) ယောက်တစ်ဖွဲ့ထားခဲ့ပြီး ညနေတွင် ဘီအီးတပ်နေရာသို့ ဆုတ်ခဲ့ကြ၏။

ရေချမ်းအိုးတွင် တိမ်းရှောင်နေကြသော ဘီအီးတပ်မှ ဗိုလ်ကြီးသိန်းဝင်း (နောင် ရန်ကုန်မြို့တော်ဝန်)၊ ဗိုလ်ထွန်းဖေတို့နှင့် တပ်ပေါင်းစုံတို့မှ ရဲဘော်များသည် ဘီအီးတပ်တွင် တပ်စွဲထားသော တပ်စုများနှင့်ပေါင်း၍ ပြန်လည်ဖွဲ့စည်းလိုက်သည်။

ညတွင် လားရှိုးမှ ဗိုလ်တင်အောင်နှင့် ဗိုလ်ဖေသန်းတို့အုပ်ချုပ်သော တပ်စု (၂) စုတို့လည်း ဗိုလ်ကြီးဘဖြူနှင့်အတူ ရေငယ်သို့ ရောက်ရှိလာလေသည်။

ဗိုလ်မှူးဟန်ထွန်း၊ ဗိုလ်ကြီးကြည်မောင်၊ ဗိုလ်လှဖေနှင့် ဗိုလ်အုံးလွင်တို့လည်း လာရောက်သတင်းပို့ကြ၏။

ရှေ့တွင် စနစ်တကျ တိုက်စစ်ဆင်နိုင်ရန်အတွက် အစည်းပြေနေသော တပ်သားများကို တပ်ခွဲ၊ တပ်စု၊ တပ်စိတ် ဖွဲ့စည်း၍ တစ်စု၊ တပ်ခွဲမှူးများ အသီးသီးခန့်အပ်ပြီး တာဝန်ပေးလိုက်သည်။

ဘီအီးတပ်ဖွဲ့ဌာနချုပ်ကို အောက်ပါအရာရှိများနှင့် ဖွဲ့စည်းလိုက်သည်။

တပ်ဖွဲ့မှူးဗိုလ်မှူးထင်ပေါ်၊ ဒုတပ်ဖွဲ့မှူး ဗိုလ်မှူးဟန်ထွန်း၊ စစ်ဆင်ရေးနှင့် တပ်ရေးတာဝန်ကို ဗိုလ်ကြီးဘဖြူ၊ ဗိုလ်ကြီးကြည်မောင်၊ ဗိုလ်ကြီးလှဖေ၊ တပ်ထောက် တာဝန်ဗိုလ်ထွန်းဖေ၊ စခန်းမှူးဗိုလ်အုံးလွင်၊ ပြင်ဦးလွင်–လားရှိုး ဆက်သွယ်ရေး လမ်းကြောင်း ဗိုလ်ကြီးကျော်စိန်၊ ဆက်သွယ်ရေးအရာရှိ ဗိုလ်ကြီးအောင်ညွန့် စသည်တို့ဖြစ်သည်။

တပ်ဖွဲ့ဌာနချုပ်ကို ရေငယ်တွင်ဖွင့်လှစ်၍ ရှေ့တန်းစစ်ဆင်ရေးဌာနချုပ်ကို ရေချမ်းအိုးမြောက်ရွာတွင်ဖွင့်ပြီး ဗိုလ်ကြီးသိန်းဝင်းက အုပ်ချုပ်လေ၏။

တပ်ခွဲမှူးများမှာ ဗိုလ်တင်အောင်၊ ဗိုလ်ဖေသန်း၊ ဗိုလ်ကိုကြီး၊ အရာခံဗိုလ် လှမောင်တို့ ဖြစ်ကြသည်။

ထို့နေ့က ဗိုလ်မှူးကြင်အုပ်ချုပ်သော မန္တလေးတပ်ဖွဲ့သည် အနီးစခန်းနှင့် စည်သာကိုသိမ်းပြီး ညောင်ကားယားကို တိုက်ခိုက်နေဆဲဖြစ်သည်။

ရှေ့တန်းစစ်ဆင်ရေးဌာနချုပ်ကို အနီးစခန်းတွင် ဖွင့်လှစ်ထားသည်။ တိုက်စစ်ဆင်နေသောတပ်များမှာ ဗိုလ်ကြီးတင်ဦး (ယခု NLD ပါတီ နာယက)၊

ဗိုလ်ကြီးခင်မောင်တို့ အုပ်ချုပ်သောတပ်ခွဲများနှင့် ဗိုလ်ရဲခေါင်အုပ်ချုပ်သော ရဲဘော်ဖြူတပ်စုတို့ ဖြစ်သည်။



ပြင်ဦးလွင်ကျောက်တောင်အရပ်တွင် ကေအင်ဒီအိုများထံမှ ပြင်ဦးလွင် ပြန်လည်သိမ်းပိုက်ရန် ကြိုးစားစဉ်က ဒဏ်ရာရရှိခဲ့သော ဗိုလ်ကြီးတင်ဦး (တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟောင်းနှင့် ယခု NLD နာယက)

ဖေဖော်ဝါရီလ (၂၅) ရက်နေ့တွင် ဘီအီးတပ်ဖွဲ့သည် ညက အစီအစဉ်ပြုလုပ်ထားသည့်အတိုင်း မြို့ထဲတွင် သိမ်းပိုက်ထားသော နေရာများကို အခိုင်အမာတပ်စွဲရန် တပ်ခွဲများကို လွှတ်လိုက်၏။ ၎င်းပြင် မိုးကြိုးပစ်၊ ရေချမ်းအိုးမြောက်ရွာနှင့် တောင်ရွာများသို့လည်း တပ်စု(၁)စုစီ တပ်စွဲထား၏။

အရပ်သားများက ထမင်းထုပ်များပို့ပေး၍ ကားများဖြင့် လူများကိုပါ သယ်ယူပို့ဆောင်ပေးကြလေသည်။

မန္တလေးတပ်ဖွဲ့မှ ဗိုလ်ကြီးခင်မောင်၏ တပ်ခွဲသည် ညောင်ကားယားကိုတိုက်ပြီး သဲကျင်းအနီးကျောက်သေတ္တာတောင်ပေါ်တွင် တပ်စွဲထား၏။

ဗိုလ်ကြီးတင်ဦး (ကာကွယ် ရေးဦးစီးချုပ်ဟောင်း၊ ယခု NLD ပါတီနာယက) တပ်ခွဲသည် မြင်းလမ်းအတိုင်း ညောင်နီသို့ချီတက်၍ တပ်စွဲထားပြီး ဘီအီးတပ်နှင့် အဆက်အသွယ်ပြုလုပ်လေ၏။

ထို့နောက် မန္တလေးတပ်ဖွဲ့၏ ရှေ့တန်းစစ်ဆင်ရေးဌာနချုပ်ကို ညောင်ကားယားသို့ ပြောင်းရွှေ့လိုက်သည်။

ည (၇) နာရီတွင် ဘီအီးတပ်မှ တပ်စု (၁) စုနှင့် မန္တလေးတပ်ဖွဲ့မှ ဗိုလ်မြမောင်ခေါင်းဆောင်သော တပ်စု (၁) စု ပေါင်း၍ မြို့လယ်ရှိ အရေးကြီးသောနေရာများတွင် ရန်သူများလာတိုက်လျှင် အလစ်တိုက်ရန် ပြောက်ကျားများ ချထားလိုက်၏။

ဖေဖော်ဝါရီလ (၂၉) ရက်နေ့တွင် ဘီအီးတပ်က တပ်စွဲထားသောနေရာများမှ တိုက်ကင်းများကို တပ်စိတ်၊ တပ်စုများလွှတ်၍ ရန်သူများ တပ်စွဲထားသောနေရာများကို တိုက်ခိုက်စေ၏။

နောင်ချိုမှပို့လိုက်သော ရိက္ခာနှင့် ခါတ်ဆီတင်သောကားများကို ကွန်မြူနစ်များက ဝက်ဝံမှ ချုံခိုတိုက်ခိုက်သောကြောင့် ခါတ်ဆီကားမှာ မီးလောင်ပျက်စီးသွားလေသည်။

မန္တလေးတပ်ဖွဲ့မှ ဗိုလ်ကြီးခင်မောင်တပ်ခွဲက ကျောက်တောင်တွင် တပ်စွဲထားသော လက်နက်ကိုင်များကို (၃) လက်မမော်တာအကူအညီဖြင့် သိမ်းပိုက်ရန် တိုက်ခိုက်သော်လည်း ရန်သူက အထက်စီးမှဖြစ်နေ၍ အစိုးရတပ်မှ ဒဏ်ရာရရှိသူများသဖြင့် နောက်ဆုတ်ခဲ့ရသည်။

ဗိုလ်ကြီးတင်ဦး (NLD နာယက) အုပ်ချုပ်သော တပ်ခွဲက စစ်ရဲဌာနချုပ်ကို တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့၏။

ဖေဖော်ဝါရီလ (၂၇) ရက်နေ့တွင် ဘီအီးစစ်မျက်နှာပြင်တွင် တိုက်ပွဲအငယ်ကလေးများသာ ဖြစ်ပွားနေသည်။

မန္တလေးတပ်ဖွဲ့မှ ကျောက်တောင်စစ်မျက်နှာတွင် နံနက်ပိုင်း၌ ကျောက်တောင်ရပ်ကွက်ကို သိမ်းပိုက်ထားနိုင်သည်။ ကျောက်တောင်ပေါ်ရှိ ရန်သူက အနည်းငယ်သာ ခုခံတိုက်ခိုက်၏။

နေ့လယ် (၂) နာရီလောက်တွင် ဗိုလ်မှူးကြင်၊ ဗိုလ်မှူးဟန်ထွန်းနှင့် ဗိုလ်ကြီးသပွါးတို့သည် ညောင်ကားယားရွာ အရှေ့မြောက်ဘက်တွင် နေရာရွေးချယ်နေစဉ် အမျိုးသမီးများအပါအဝင် ရန်သူအသေခံတပ်သားများ (၃၀) နီးပါးက ညာသံပေးပြီး အော်ဟစ်၍ တရကြမ်းတိုက်လာကြသည်။

ထိုတိုက်ပွဲတွင် အစိုးရတပ်မှ (၅) ယောက်ကျဆုံး၍ ရန်သူဘက်မှ (၄) ယောက်ဖမ်းမိပြီး (၅) ယောက်ကျဆုံးခဲ့သည်။ ဗိုလ်မှူးကြင်လည်း လည်ပင်းတွင် ဒဏ်ရာအနည်းငယ် ရသွားလေသည်။ တိုက်ပွဲမှာ ညနေ (၆) နာရီခွဲလောက်မှာပြီး၍ တပ်များကို ညောင်ကားယားတွင် တပ်စွဲထားလိုက်လေသည်။

စစ်ရဲဌာနချုပ်တွင် တပ်စွဲထားသောတပ်က ဗိုလ်သင်တန်းကျောင်းနှင့် အခြေစိုက် လျှပ်စစ်စက်ရုံနေရာကို တိုက်ခိုက်ပြီး ခေတ္တသိမ်းပိုက်ထားလေသည်။

ထိုနေ့က ဗိုလ်ကြီးတင်ဦး(NLDနာယက) သည် ဗိုလ်မှူးကြင်၏ စစ်ရေး စီမံချက်အရ ကျောက်တောင်ကုန်းသို့ဝင်၍ လမ်းပွင့်အောင်တိုက်ပြီး သိမ်းထား သည်။ ထိုသို့ သိမ်းထားစဉ် ဗိုလ်မှူးကြင်မှ အဓိကစစ်ကြောင်းကို ခေါင်းဆောင်ပြီး မြို့တွင်း ဝင်ရောက်တိုက်မည်ဟူသော အစီအမံဖြင့် ကျောက်တောင်ကုန်းသို့ ဝင်ရောက်တိုက်ခိုက်ခြင်း ဖြစ်သည်။ ကျောက်တောင်ကုန်းတွင် ထိုနေ့မတိုင်မီ ညဦးကတည်းက အင်အားဖြည့်တင်းထားမှန်းသိ၍ ထိုတောင်ကို တိုက်ရိုက် မတိုက်ဘဲ အင်အားပျော့သောနေရာသို့ စိမ့်ဝင်ပြီး တိုက်သည်က ပိုကောင်းသည့် အစီအစဉ်ကို လက်မခံတော့ဘဲ မရရအောင် တိုက်ခိုက်သိမ်းပိုက်ရမည့် ညွှန်ကြား ချက်အရ ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်သည်။ တောင်ကုန်းသိမ်းပိုက်ပြီးနောက် ပြန်လည်ဖွဲ့စည်း၍ ရန်သူ၏ ပြန်လည်တိုက်ခိုက်မှုကြောင့် ဗိုလ်ကြီးတင်ဦး (NLD နာယက) ဒဏ်ရာရသည်။ ၎င်းရဲဘော်များမှ အောက်သို့ ထမ်းစင်ဖြင့်ချလာစဉ် ရဲဘော်ဖြူ (ပူးပေါင်းတိုက်မည်ဟု ပါလာသူများက) ဗိုလ်ကြီးတင်ဦးကို ပြန်လည် ပစ်ခတ်တိုက်ခိုက်သဖြင့် အထမ်းရဲဘော်များကျဆုံးပြီး ကျန်ရဲဘော်တစ်ယောက်နှင့် ဘုံဘေဘားမားသစ်ကုမ္ပဏီ အင်္ဂလိပ်အိမ်သို့ရောက်ပြီး ထိုအင်္ဂလိပ် အမျိုးသား အမျိုးသမီးတို့နှင့်အတူ ဆရာဝန်တစ်ဦး၏ အကူအညီဖြင့် ဘီအိုင်းဌာနချုပ်ရှိရာ ရေငယ်သို့ ရောက်လာခဲ့လေသည်။

ညပိုင်းတွင် နှစ်ဖက်စလုံးမှ ငြိမ်သက်လျက်ရှိလေ၏။

ဖေဖော်ဝါရီလ (၂၈) ရက်နေ့တွင် ဘီအိုင်းစစ်မျက်နှာတွင် တိုက်ပွဲငယ် ကလေးများသာ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

မန္တလေးတပ်ဖွဲ့မှ ရှေ့တန်းစစ်ဆင်ရေးဌာနချုပ်ကို ညောင်နီသို့ ပြောင်းရွှေ့ ၍ ကျောက်တောင်နှင့် ဘုရားတောင်အောက်တွင်ရှိသော လမ်းများကို ရန်သူဖောက် ထွင်းမသွားနိုင်ရန် နေရာယူထားကြသည်။ ရှေ့တန်းမှ တပ်ခွဲ (၁) ခွဲကိုလည်း လေယာဉ်ပျံကွင်းသို့ပို့၍ တပ်စွဲခိုင်းထား၏။

ထိုနေ့ညမှစ၍ ရန်သူများသည် ဘီအိုင်းတပ်ဖွဲ့က တပ်စွဲထားသောနေရာများ ကို တစ်ချိန်တည်း စစ်မျက်နှာဖွင့်၍ တိုက်ခိုက်ကြသည်။ အစိုးရတပ်များက ပြန်လည်ခုခံ တိုက်ခိုက်သောကြောင့် ရန်သူများ ဆုတ်ခွာသွားကြသည်။

မတ်လ (၁) ရက်နေ့ နံနက် (၇) နာရီ အချိန်လောက်တွင် ရန်သူက စစ်ရဲဌာနချုပ်ကို တိုက်ခိုက်သိမ်းပိုက်လိုက်သည့်အတွက် ၎င်းနေရာတွင် တပ်စွဲထား

သော မန္တလေးတပ်ဖွဲ့မှ တပ်စုသည် ဗိုလ်ကုန်းအရာရှိများနေသော တောင်ကုန်း အဆောက်အဦးသို့ ဆုတ်ခွာခဲ့ကြ၏။

နေ့လယ် (၁၂) နာရီ လောက်တွင် ရန်သူက လေ့ကျင့်ရေးတပ်ဘက်မှ ချီတက်လာပြီး ဘီအိုင်းကုန်းသို့ မော်တာ၊ ဘရင်းသေနတ်များဖြင့်ပစ်ပြီး တိုက်ခိုက် ရာ အင်အားမမျှ၍ ဘီအိုင်းကုန်းအောက်ရှိ အမှတ်(၂) စစ်မြေပြင် အင်ဂျင်နီယာ တပ်နေရာကို ရန်သူများက သိမ်းပိုက်ရရှိသွားလေသည်။

သို့သော် ညနေ (၃) နာရီလောက်တွင် ဗိုလ်ကြီးဘဖြူဦးဆောင်ပြီး တပ်ခွဲ(၁) ခွဲနှင့် တိုက်ခိုက်၍ ပြန်လည်သိမ်းပိုက်လိုက်သည်။

အခြေအနေအရ ဘီအိုင်းဌာနချုပ်ကို ရေငယ်မှ ရေချမ်းအိုးတောင်ရွာသို့ ပြောင်းရွှေ့ပြီး မိုးကြိုးပစ်မှတပ်စုကို ရေငယ်သို့ ပြောင်းရွှေ့ထားလိုက်သည်။

မတ်လ (၂) ရက်နေ့ နံနက် (၉) နာရီလောက်တွင် ရန်သူများသည် ဘီအိုင်းတပ်ကို လေ့ကျင့်ရေးတပ်ဖက်မှ တိုက်ခိုက်လာ၏။ တပ်မတော်မှ (၃) လက်မ မော်တာနှင့် ပစ်သောကြောင့် ရန်သူများ ထိခိုက်ဒဏ်ရာရပြီး ဆုတ်ခွာသွားကြ သည်။

အင်အား (၃၀၀) လောက်ရှိသော ရန်သူတပ်သည် ငွေတိုက်နှင့် ဘီတီရုပ်ရှင် ရုံ (စိန်မေဝင်း ရုပ်ရှင်ရုံ) ဘက်မှ မြို့တွင်းတွင် တပ်စွဲထားသော ဘီအိုင်းတပ်များကို တဖွတ်ထိုး ဝင်တိုက်သောကြောင့် မြို့တွင်းတိုက်ပွဲဖြစ်လေ၏။

ရန်သူဘက်မှ အကျအဆုံးများသော်လည်း အင်အားမညီမျှ၍ ဘီအိုင်းတပ်များ သည် (၆) ကွက်အစွန်ထိ ဆုတ်ပေးလိုက်ရသည်။

မန္တလေးတပ်ဖွဲ့မှ ရဲဘော်ဖြူ စစ်ဝန်ထမ်းများအပါအဝင် တပ်စု (၄) စုနှင့် ကချင်တပ်ရင်းသို့ ချီတက်တိုက်ခိုက်ရာ အကျအဆုံးနှင့် ဒဏ်ရာရသူများပြီး ပြန်၍ ဆုတ်ခွာခဲ့ရသည်။

ဗိုလ်ကုန်းတွင် တပ်စွဲထားသော မန္တလေးတပ်ဖွဲ့မှတပ်များကို ထိုနေ့ညနေ တွင် ညောင်ကားယားသို့ ပြန်ဆုတ်ခိုင်းရ၏။ မတ်လ (၃) ရက်နေ့တွင် ဘီအိုင်းတပ် များကို ဖော်ပြပါနေရာများတွင် တပ်စွဲထားလိုက်သည်။

တပ်ဖွဲ့စစ်ဆင်ရေးဌာနချုပ်ကို ညောင်နီသို့ ပြောင်းရွှေ့လိုက်၏။

ရေချမ်းအိုးမြောက်ရွာ တောင်ရွာ၊ ဘီအိုင်းတပ်ကုန်း၊ ထုံးဘို၊ ညံတော၊ မြို့တွင်းပိုးစာခြံ၊ စကားတောင်ကုန်းတို့တွင် တပ်စွဲထားကြလေသည်။

နံနက် (၉) နာရီလောက်တွင် ရန်သူက မြို့တွင်းတပ်များကို ထိုးစစ်ဆင်လာသည်။ မူလအစီအစဉ်အတိုင်း ညနေ (၄) နာရီတွင် တပ်များကို မြို့ပတ်လမ်းအရှေ့ဘက် သစ်တောလမ်းသို့ဆုတ်၍ တပ်စွဲထားလိုက်သည်။

ညံ့တောစစ်မျက်နှာတွင် တဖက်နှင့်တစ်ဖက် တခါတရံ ပစ်ခတ်ကြခြင်းမှအပ ထူးထူးခြားခြားမရှိပေ။

ဘီအီးတပ်ကုန်း စစ်မျက်နှာတွင် ရန်သူများ ဂဲလောင်းချောင်းအနီး မီးရထားသံလမ်းတစ်လျှောက်တွင် လှုပ်ရှားနေသည်ကို မြင်တွေ့ရသောကြောင့် မော်တာနှင့်ပစ်ခတ်ရာ ရန်သူများ ဖရိုဖရဲဖြစ်သွားကြလေသည်။

မတ်လ (၄) ရက်နေ့ (၁၁) နာရီခွဲမှစ၍ မန္တလေးတပ်ဖွဲ့မှ တပ်ခွဲ(၂) ခွဲနှင့် ကျောက်တောင်ကို ဝင်ရောက်တိုက်ခိုက်၏။ ရန်သူက တောင်ပေါ်မှနေ၍ မော်တာများ၊ ဘရင်းသေနတ်များဖြင့် ပစ်ခတ်သောကြောင့် ကျောက်တောင်ကို ထိုးဖောက်နိုင်ခြင်းမပြုနိုင်ဘဲ အကျအဆုံးများစွာဖြင့် နောက်ဆုတ်ခဲ့ရ၏။ ရဲဘော်များလည်း စိတ်ဓာတ်ကျဆင်းပြီး ထိန်းမရအောင် ဖြစ်စပြုလာကြသည်။

ထိုတိုက်ပွဲတွင် စစ်ကိုင်းစစ်ဝန်ထမ်းမှ အကျအဆုံး အများဆုံးဖြစ်၏။ ရဲဘော်များသည် စစ်မတိုက်ရဲလောက်အောင်ပင် သွေးပျက်ပြီး သေနတ်သံကြားသည်နှင့် ပြေးကြလေတော့သည်။ နောက်ဆုံးတွင် လက်နက်များသိမ်းထားပြီး လူတွေကို ပြန်လွှတ်ရသည့်အခြေထိ ဖြစ်လာ၏။

ဘီအီးတပ် မြို့တွင်းသို့ တိုက်စစ်ဆင်ရာတွင် (၁) ကွက်၊ (၆) ကွက်၊ (၇) ကွက်နှင့် (၈) ကွက်များကို ပြန်လည်သိမ်းပိုက်လိုက်နိုင်၏။

နေ့လယ် (၂) နာရီခွဲလောက်တွင် ဘီအီးကုန်းမှတပ်သည် ရန်သူများတပ်စွဲထားသော လေ့ကျင့်ရေးတပ်ကို တိုက်ခိုက်သည်။

မတ်လ (၅) ရက်နေ့တွင် ဗိုလ်မှူးကြင်က ဘီအီးတပ်ဖွဲ့ကို မန္တလေးသို့ဆုတ်ရန် အကြောင်းကြားသောကြောင့် ၎င်းနေ့ညနေတွင် ဘီအီးတပ်ဖွဲ့ ဌာနချုပ်ကို ရေချမ်းအိုးမှ ညောင်နီသို့ ဆုတ်ခဲ့ကြသည်။

မတ်လ (၆) ရက်နေ့တွင် ဘီအီးတပ်ဖွဲ့သည် ညောင်နီမှ ကံကြီးကုန်းသို့ဆုတ်၍ မန္တလေးတပ်ဖွဲ့သည် ညောင်ကားယားမှ မန္တလေးသို့ တောက်လျှောက်ဆုတ်သွားလေသည်။

## လက်နက်ကိုင်များ သိမ်းပြီးနောက် ပြင်ဦးလွင်ရှိတပ်များ လှုပ်ရှားခြင်း

ထိုအချိန်က ပြင်ဦးလွင်တွင်ရှိသော တပ်များမှာ ...

(၁) မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် တိုင်းစစ်ဌာနချုပ် လုံခြုံရေးအတွက် တပ်စု တစ်စုသာရှိသည်။ ကျန်လူများမှာ စာရေးများသာ ဖြစ်ကြသည်။ အရပ်သားစာရေးမှ စစ်ဘက်သို့ ပြောင်းပြီးခါစဖြစ်၍ လေ့ကျင့်ရေး မဆင်းကြရသေးပေ။ သေနတ်ပင် ကောင်းကောင်းမပစ်တတ်သော အခြေတွင်ရှိ၏။

(၂) အမှတ် (၁) ကချင်တပ်ရင်း၊ တိုက်ခိုက်ရေးတပ်အားလုံး သာဝတ္တိသို့ ပို့ထားသည်။ တပ်ရင်းသည် အုပ်ချုပ်ရေး တပ်ခွဲသာရှိ၏။

(၃) လေ့ကျင့်ရေးတပ်၊ တပ်ခွဲ (၁) ခွဲကို ကွတ်ခိုင်သို့ ပို့ထားသည်။ တိုက်ခိုက်နိုင်သောတပ်များကို မိတ္ထီလာသို့ ခေါ်သွားသည်။ လူသစ်များနှင့် ဆရာများသာကျန်သည်။

(၄) ဘီအီးတပ်၊ လေ့ကျင့်ရေးတပ်နှင့် စစ်မြေပြင်အင်ဂျင်နီယာတပ်ခွဲ နှစ်တပ်ပေါင်းမှ တိုက်ခိုက်ရေးတပ်ခွဲ(၂) ခွဲသာရှိသည်။ ကျန်တပ်သားများမှာ ကရင်များဖြစ်သည်။

(၅) ဗိုလ်သင်တန်းကျောင်း၊ စုစုပေါင်း တပ်ခွဲတစ်ခွဲလျော့လျော့ ရှိပါသည်။ ကျန်တပ်သားများ မိတ္ထီလာသို့ ပါသွားသည်။

(၆) ဆက်သွယ်ရေး၊ လေ့ကျင့်ရေးတပ်၊ တစ်ဝက်ကျော်မှာ ကရင်များဖြစ်သည်။ ကျန်တစ်ဝက်မှာလည်း တပ်စု နှစ်စုလောက်ရှိမည်။

(၇) အမှတ် (၁) ရှမ်းတပ်ရင်း မိတ္ထီလာသို့ တစ်ချို့ပါသွား၍ ကျန်တပ်သားများမှာ လူသစ်များဖြစ်သည်။ မြို့စောင့်တာဝန် ယူထားရသည်။

(၈) အခြားတပ်များမှာ မှတ်တမ်းရုံး၊ စစ်ဆေးရုံတပ်၊ ပညာရေးတပ်၊ ထောက်ပံ့ရေးတပ်၊ ဘီအီးအမ်အီးတပ်နှင့် ဝန်တင်တပ်စုတို့ဖြစ်သည်။ တိုက်ခိုက်နိုင်သော အင်အားမရှိလှ။

ရန်သူများသည် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကချင်တပ်ရင်းကို သိမ်းထားပြီး မန္တလေးအမှတ် (၃) ကရင်တပ်ရင်းမှ တပ်သားများကိုသာ လက်နက်တပ်ဆင်ထားနိုင်သေးသည်။

ပြင်ဦးလွင်တပ်များမှ ကရင်များသည် ဘီအီးတပ်တွင်လည်းကောင်း ကရင်တပ်သားများ၏ အိမ်ထောင်စုများအားလုံးသည် လေ့ကျင့်ရေးတပ်တွင်လည်းကောင်း ရှိကြသည်။ စခန်း (၂) ခုစလုံးတွင် လေ့ကျင့်ရေးတပ်မှ အစောင့်များ ချထားလေသည်။

ကရင်အိမ်ထောင်စုများနှင့် ဘီအီးတပ်တွင်ရှိသော ကရင်တပ်သားများ မိမိတို့လက်ထဲတွင် ရှိနေသေးသမျှ ကေအင်ဒီအိုတို့ လာရောက်တိုက်ခိုက်ကြမည် မဟုတ်ပေ။ သူတို့ကို ဤပျော့ကွက်ဖြင့် အကြပ်ကိုင်ပါက ရန်သူများနှင့် ကရင်တပ်သားများထဲမှ ၎င်းတို့နှင့် ပူးပေါင်းလိုသူတို့သည် ပြင်ဦးလွင်မှ အလိုအလျောက် ထွက်ခွာသွားကြရမည် ဖြစ်လေသည်။ ထိုအချိန်က ဤပျော့ကွက်ကို မည်သူမျှမစဉ်းစားမိကြဘဲ အောက်ပါအတိုင်း လှုပ်ရှားမှုများသာ ပြုလုပ်ကြလေ၏။

လေ့ကျင့်ရေးတပ်၊ ပညာရေးတပ်နှင့် ရှမ်းတပ်ရင်းမှ လက်နက်မချလိုသော အရာရှိများနှင့် ရဲဘော်များ စုစုပေါင်း (၂၀၀) ခန့်သည် ၎င်းညနေပိုင်းမှာပင် မိုးကြိုးပစ်၊ မဲတောကျွန်းတိုင် အစရှိသောရွာများတွင် ပုန်းရှောင်နေကြ၏။ တစ်ဝက်ကျော်ကျော်သည် လက်နက်များ မပါကြပေ။

နောက်တစ်ရက် ဖေဖော်ဝါရီလ (၂၂) ရက်နေ့တွင် ဗိုလ်မှူးထွန်းစိန်အချုပ်မှ လွတ်လာသည်နှင့် မန္တလေးသို့ တောလမ်းခရီးမှ သွားကြသည်။ မန္တလေးသို့ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် ရောက်ကြ၏။ မန္တလေးသို့ ရောက်သောအခါ မျက်ပါးရပ်တွင်ရှိသော အမှတ် (၇) စစ်ရဲတပ်ရင်းနှင့် ပူးပေါင်းပြီး မိတ္ထီလာမှ ချီတက်လာသော ကေအင်ဒီအိုတပ်ကို မြစ်ငယ်မှ ခုခံတိုက်ခိုက်ကြရာတွင် ပါဝင်ဆင်နွှဲကြသည်။

မန္တလေးသို့ပါလာသော အရာရှိများမှာ ဗိုလ်ကြီးထွန်းဦး၊ ဗိုလ်ထွန်းစိန်၊ ဗိုလ်မျိုးချစ်၊ ဗိုလ်ကြီးလတ်တို့ ဖြစ်သည်။

ရှမ်းရဲဘော်များသည် လားရှိုးသို့ သွားကြလေသည်။ ခေါင်းဆောင်မည့်သူ မရှိ။ ရဲဘော်များသည် အစုလိုက် အဖွဲ့လိုက်သွားကြသောကြောင့် လူနည်းသော အဖွဲ့ကို ကွန်မြူနစ်များက ဝက်ဝံမှနေ၍ လက်နက်များကို သိမ်းယူလိုက်ကြလေ၏။

ဗိုလ်သင်တန်းကျောင်းနှင့် ဘီအီးအမ်အီးတပ်မှ ရဲဘော်များသည် ကျောက်တောင်၊ ညောင်နီနှင့် ကန်တော်ကြီးဘက်တွင် ရှောင်တိမ်းနေကြလေသည်။ ဖေဖော်ဝါရီလ (၂၂) ရက်နေ့တွင် ရဲဘော် (၇၀ ကျော်တို့သည် ကန်တော်ကြီးဘက်မှ

ညောင်ကားယားသွား မြင်းလမ်းအတိုင်း ကားကြီး (၄) စီးဖြင့် မန္တလေးသို့ သွားကြ၏။ ဆရာမျိုးသန့်နှင့် ဆရာစိန်လွင်တို့က ခေါင်းဆောင်သည်။ မန္တလေးရောက်သောအခါ ဗိုလ်မှူးကြင်ထံ သတင်းပို့ရသည်။ ထို့နောက် ပြင်ဦးလွင်တိုက်သောအခါ ဗိုလ်ကြီးခင်မောင်အုပ်ချုပ်သော တပ်ခွဲတွင် ပါဝင်တိုက်ခိုက်ကြသည်။

ဘီအိုင်းတပ်မှ ဗိုလ်ကြီးခင်မောင်ကြီးအုပ်ချုပ်သော တပ်စု (၂) စုကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ အခြေအနေစုံစမ်းရန် လွှတ်လိုက်လေသည်။

ဗိုလ်ကြီးခင်မောင်ကြီးသည် တပ်စု (၂) စုကို ကိုးမြို့ရှင်နတ်စင်နားတွင် နေရာယူထားပြီး တိုင်းစစ်ဌာနချုပ်ရုံးသို့ အကြပ်တစ်ယောက်နှင့် အတူသွားရာ ရုံးအနောက်ဘက် ဆူးကြိုးနားတွင် ရဲဘော်တစ်ချို့ နေရာယူထားကြသည်ကို တွေ့ရှိရ၏။ ထိုအတောအတွင်း ဌာနချုပ်ရုံးတောင်ဘက်ရှိ ဆက်သွယ်ရေးရုံးဘက်မှ သေနတ်သံများ ထွက်ပေါ်လာပြီး မကြာမီတွင် ရုံးအနောက်ဘက်အပေါက်မှ ဗြိတိသျှစစ်မစ်ရှင်အရာရှိ မေဂျာဝွ(ဒ်)ရီးက အလံဖြူကိုကိုင်၍ ဇော့ရမ်းလျက် ဗိုလ်ကြီးလွင်၏ နောက်ကလိုက်၍ ထွက်လာကြသည်ကို တွေ့ကြရသည်။

ဗိုလ်ကြီးလွင်က အပစ်အခတ်ရပ်စဲရေး အစည်းအဝေး ပြုလုပ်နေသောကြောင့် သေနတ်များမပစ်ရန် အော်ဟစ်၍ ပြောလေ၏။

မေဂျာဝွ(ဒ်)ရီးက ဗိုလ်ကြီးခင်မောင်ကြီးကို ရုံးထဲဝင်ရန် ပြောသည့်အတွက် ရုံးခန်းထဲသို့ဝင်သွားရာ ဘီအိုင်းတပ်မှ ဗိုလ်မှူးကျော်ဇေနှင့် ဗိုလ်နေဝင်းအပါအဝင် အရာရှိအချို့ကို တွေ့ရှိရလေ၏။

ရုံးခန်းအပြင်တွင် အရာရှိအချို့နှင့်တွေ့၍ စုံစမ်းသောအခါ လက်နက်ချရန် စည်းဝေးနေကြောင်း သိရသည့်အတွက် တပ်စု (၂) စုခေါ်ပြီး ဘီအိုင်းတပ်သို့ ပြန်ခဲ့သည်။

တပ်သို့ရောက်သောအခါ ဗိုလ်ကြီးခင်မောင်ကြီးက အရာရှိများကို အခြေအနေရှင်းပြရာ အရာရှိအားလုံးကပင် လက်နက်မချဘဲ ရရာလက်နက်များယူ၍ လားရှိုးသို့သွားရန် ဆုံးဖြတ်ကြသည်။

ညနေ (၅) နာရီခွဲလောက်တွင် အရာရှိများနှင့် တပ်သားများသည် သယ်ယူနိုင်သည့် ခဲယမ်းမီးကျောက်နှင့် လက်နက်များကို ကားများပေါ်သို့ တင်ဆောင်ပြီး လားရှိုးမြို့သို့ ထွက်ခွာသွားကြ၏။ နောက်တစ်နေ့ ဖေဖော်ဝါရီလ (၂၂) ရက်နေ့ နံနက် (၇) နာရီခွဲလောက်တွင် လားရှိုးသို့ ရောက်လေ၏။

လားရှိုးသို့ ရောက်လျှင်ရောက်ချင်း အရာရှိများနှင့် တပ်သားများစာရင်းကို စစ်ရုံးသို့ပို့ရ၏။ ပါလာသောအရာရှိများမှာ ဗိုလ်မှူးထင်ပေါ်၊ ဗိုလ်ကြီးထွန်းစိန် (မြို့တော်ဝန်ဟောင်း)၊ ဗိုလ်ကြီးဘဖြူ၊ ဗိုလ်ကြီးခင်မောင်ကြီး၊ ဗိုလ်ထွန်းရီ၊ ဗိုလ်ကြီး ကျော်စိန်၊ ဗိုလ်တင်အောင်၊ ဗိုလ်ဖေသန်း၊ ဗိုလ်ချစ်ဆွေ၊ ဗိုလ်ကြီးအောင်ညွန့်တို့ ဖြစ်သည်။

စစ်ရုံးမှညွှန်ကြားချက်အရ တပ်စုလိုက် ပြန်လည်ဖွဲ့စည်းပြီး ပြင်ဦးလွင်သို့ ဖေဖော်ဝါရီလ (၂၃) ရက် နံနက်တွင် ထွက်ခွာသွားရာ ၎င်းနေ့မှာပင် ရေငယ်သို့ ရောက်ကြသည်။

ဖေဖော်ဝါရီလ (၂၄) ရက်နေ့ နံနက် အရုဏ်တက်တွင် ဗိုလ်ကြီးခင်မောင် ကြီးနှင့် ဗိုလ်ထွန်းရီတို့ဦးဆောင်သော တပ်စု (၂) စုက ဘီအီးကုန်းနှင့် မြို့အလယ် ပိုင်းကို ဝင်တိုက်ကြ၏။


ရေငယ်နှင့် ရေချမ်းအိုးရွာများတို့တွင် တိမ်းရှောင်နေသော အရာရှိများ၊ ရဲဘော်များနှင့် သခင်အုံးဖေခေါင်းဆောင်သော အရပ်သားပြောက်ကျားတပ်တို့ သည်လည်း ဘီအီးတပ်နှင့်သွားပေါင်းပြီး ရန်သူများကို တိုက်ကြလေ၏။

ရေငယ်ရွာတွင် တိမ်းရှောင်နေသော အရာရှိများမှာ ဗိုလ်ထွန်းဖေ၊ ဗိုလ် ကြီးကြည်မောင်၊ ဗိုလ်မှူးဟန်ထွန်း၊ ဗိုလ်အုံးလွင်၊ ဗိုလ်ကြီးသိန်းဝင်း၊ ဗိုလ်ကြီး လှဖေ၊ ဗိုလ်ကြီးတင်ချိတ်၊ ဗိုလ်သန်းရွှေတို့ဖြစ်သည်။

## ကေအင်ဒီအိုများ ပြင်ဦးလွင်ကို သိမ်းပိုက်ပြီးနောက် အရပ်သားများလူပ်ရှားခြင်း

ကေအင်ဒီအိုများ ပြင်ဦးလွင်ကို သိမ်းပိုက်ထားစဉ် အရပ်သားများသည် ရာနှင့်ချီ၍ ရရာလက်နက် ဓား၊ လှံများကိုင်ဆောင်ပြီး ဘီအီးတပ်သားများ နောက်က လိုက်လာကြသည်။ ဘီအီးတပ်နေရာကို ပြန်လည်သိမ်းပိုက်လိုက်သောအခါ လက်နက်နှင့် ခဲယမ်းမီးကျောက်များ ရရှိလိုက်ကြသည်။ အချို့ကို အရပ်သား များအား ဝေငှပေးလိုက်သည်။ အရပ်သားများသည် သေနတ်ကိုပင် ကောင်းစွာမပစ် တတ်ဘဲ သေနတ်တကားကားနှင့် လမ်းသလားနေ၍ ရန်သူကပစ်သော ကျည်ဆံ ထိမှန်သောကြောင့် ကျဆုံးသောသူများလည်း မနည်းပေ။ လက်ပစ်ဗုံးများကိုလည်း စနက်တံမပါဘဲ ပစ်သောကြောင့် မိမိတို့သာ ရန်သူ၏လှံစွပ်ထိုး အသတ်ခံကြရ

သည်ကလည်း အများအပြားပင်။ ကတုတ်ကျင်းများထဲတွင် ပုန်းအောင်းနေစဉ် လက်နက်များနှင့် တွေ့သွားသောကြောင့် အစုလိုက်အပြုံလိုက် ပစ်သတ်ခံရခြင်းကလည်း အလောင်းများ ထပ်လျက်ရှိသည်။ အရပ်သားထဲမှ ကျဆုံးသူပေါင်း (၁၉၄၆) ယောက် ရေတွက်၍ပင် ရရှိခဲ့သည်။ ထိုသူများကား မျိုးချစ်စိတ်ဓာတ် ပြင်းထန်စွာဖြင့် တိုင်းပြည်အတွက် အသက်ပေးသွားကြခြင်းဖြစ်ပေသည်။ ထိုသူများအားလုံးကို တစ်ဦးချင်းဖော်ထုတ်၍ ဂုဏ်မပြုနိုင်လင့်ကစား နောင်လာနောက်သားလူငယ်လူရွယ်တို့သိစေရန် ပုဂ္ဂိုလ်အနည်းငယ်ကို ဖော်ပြရမည်ဆိုလျှင် ဆရာဝန်ဦးဘရှင်နှင့် ဆရာဝန်စောဘိုးအောင်တို့ကဲ့သို့ မျိုးချစ်ပုဂ္ဂိုလ်များကလည်း ရေငယ်ရှိ ဘီအီးဌာနချုပ်တွင် ဆေးခန်းဖွင့်၍လည်းကောင်း၊ အိမ်ဆေးခန်းတွင်လည်းကောင်း ဒဏ်ရာရသော ရဲဘော်များကို ကုသပေးခဲ့ကြလေသည်။



ပြင်ဦးလွင်ကို ကရင်များသိမ်းပိုက်ထားစဉ်က တပ်မတော်သားများနှင့် အရပ်သားများကို ဆေးကုသပေးခဲ့သော ဒေါက်တာစောဖိုးအောင်

ကေအင်ဒီအိုများသည် ထုံးဘိုရပ်ကွက် လေ့ကျင့်ရေးတပ်ဘက်မှ တပ် စိတ် (၂) စိတ်ဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ရာ လူငယ်လူရွယ် ယောကျ်ားများသာ ရှိသောကြောင့် ထုံးဘိုရပ်ကွက်ကို ကေအင်ဒီအိုများ သိမ်းပိုက်နိုင်ကြသည်။

## အမျိုးသမီး သူရဲကောင်း

ရန်သူများသည် အမျိုးသမီးများကို စော်ကားမည်အပြုတွင် မချစ်ပို (သူရမချစ်ပို) က ရန်သူများကို လက်ပစ်ဗုံးနှင့် ပစ်သည့်အတွက် ရန်သူ (၃) ယောက် ဒဏ်ရာရပြီး ထွက်ပြေးကြလေ၏။ ရန်သူများက သေနတ်နှင့် ပြန်ပစ်သောကြောင့် မချစ်ပိုဗိုက်တွင် ကျည်ဆံရှပ်မှန်သည်။ မချစ်ပိုသည် ရရှိသော

ဒဏ်ရာဖြင့် ဒေါက်တာဘရှင်၏ ဆေးခန်း၌ တက်ရောက်ကုသနေစဉ် အနာမပျောက်မီ မိမိသဘောအရ ဆေးခန်းမှထွက်ခွာလာပြီး လက်နက်ကိုင်၍ ယောကျ်ားများနှင့်အတူ တိုက်ပွဲများတွင် ဝင်ရောက်တိုက်ခိုက်လေ၏။

တစ်နေ့တွင် ရန်သူတို့က အခဲမကြေဘဲ အိမ်ကိုအလစ်ဝင်ပြီး သေနတ်နှင့်ပစ်သတ်လိုက်လေသည်။ တော်တော်နှင့် မသေသောကြောင့် လူကိုစောင်နှင့်ပတ်ပြီး ရေတွင်းထဲသို့ချခဲ့၏။ (၃) ရက်ကြာမှ အလောင်းပြန်ရသော်လည်း အလောင်းမှာပုပ်သိုးခြင်း မရှိပေ။

ညံတောကွင်းတွင်နေသော ရှမ်းအမျိုးသားတစ်ဦးဖြစ်သူ ခမ်းနိုင်ခေါ် ဦးကျော်ခမ်းသည် ထမင်းနှင့်ဟင်းများကို အိုးကြီးအိုးငယ်များနှင့် ချက်ပြုတ်၍ တပ်များသို့ မိမိကိုယ်ပိုင်ကားနှင့် လိုက်ပို့ခဲ့သည်။ ၎င်းပြင် ကားကြီး (၂) စီးကိုလည်း ပေးထားခဲ့သည်။

## ပြင်ဦးလွင် စစ်မျက်နှာမှ တပ်များဆုတ်ခွာခြင်း

မတ်လ (၆) ရက်နေ့ ညနေစောင်းလောက်တွင် ဘီအီးတပ်ဖွဲ့မှ ရဲဘော်များ ပြင်ဦးလွင်မှ တစ်သုတ်ပြီးတစ်သုတ် ယာယီဆုတ်ခွာလာကြပြီး သတင်းပို့ကြသည်မှာ စုစုပေါင်းတပ်စု (၂) စုခန့်ရှိမည်ဟု ခန့်မှန်းရလေသည်။ တစ်ဝက်လောက်မှာ လက်နက်မပါကြ။ စုံစမ်းကြည့်သောအခါ ဘီအီးတပ်ဖွဲ့တစ်ဖွဲ့လုံး မန္တလေးဘက်သို့ ဆုတ်ခွာသွားကြပြီဖြစ်ကြောင်း၊ တပ်ဖွဲ့တပ်ဆုတ်သွားသောအချိန်တွင် သူတို့မှာ ရှေ့တန်းရောက်နေသောကြောင့် အချိန်မီဆုတ်ခွာခွင့် မရကြောင်း၊ တို့တပ်ဖွဲ့ ဌာနချုပ်သို့ ရောက်သောအခါ မည်သူမှမရှိသည့်အတွက် နောင်ချိုသို့ပြေးလာကြောင်း၊ လမ်းတွင်လည်း ကွန်မြူနစ်များက လက်နက်သိမ်းယူလိုက်သည့်အပြင် စစ်ဝတ်စုံများကိုလည်း ချွတ်ယူလိုက်ကြောင်းနှင့် ပြောပြကြ၏။

ထိုနေ့ညတွင်ပင် အရာရှိများနှင့် တပ်စုမှူးများအားခေါ်ပြီး အစည်းအဝေးပြုလုပ်၍ အခြေအနေကို ရှင်းပြလေ၏။

ပြင်ဦးလွင် စစ်မျက်နှာတွင် တိုက်နေသော ဘီအီးတပ်ဖွဲ့သည် မန္တလေးဘက်သို့ ဆုတ်ခွာသွားပြီဖြစ်၍ ရန်သူနှင့် ထိပ်တိုက်ရင်ဆိုင်ရရန် ရှိတော့ကြောင်း။ ရန်သူက တိုက်ချင်လည်းတိုက်မည်။ မတိုက်ဘဲနေလျှင်လည်း နေမည်။ သို့သော်ကရင်လက်နက်ကိုင်တပ် အနားတွင်ရှိနေသော ကွန်မြူနစ်တို့၏ရန်ကို စိုးရိမ်ရ

ကြောင်း၊ မိမိတို့လက်ရှိ အင်အားအခြေအနေအရ ခံစစ်သာပြုလုပ်နိုင်မည်ဖြစ်ကြောင်း အလစ်မခံရအောင် ကြိုတင်ပြင်ဆင်မှုရှိရန် တပ်စုများကို အောက်ဖော်ပြပါအတိုင်း တာဝန်ပေးလိုက်လေသည်။

ဘီအီးမှတပ်စု (၂) စု လေ့ကျင့်ရေးတပ်စိတ်နှင့် ဆက်သွယ်ရေးတပ်စိတ်တို့ပူးပေါင်းပြီး တပ်စု (၁) စုတို့ကို တပ်ခွဲဖွဲ့စည်းပြီး ဗိုလ်ကြီးထွန်းစိန်(ရန်ကုန်မြူမင်းကြီးဟောင်းကွယ်လွန်) ကို အုပ်ချုပ်စေသည်။ ၎င်းတပ်ခွဲသည် နောင်ချိုနှင့် (၄) မိုင်အကွာ ကျောက်ကြမ်းတွင် ပြင်ဦးလွင်ကားလမ်းနှင့် မီးရထားလမ်း (၂) ခုကိုခွပြီး ခံစစ်ကြောင်းပြင်ဆင်၍ တပ်စွဲထားရန်။

ရှမ်းတပ်စု (၂) စုက နောင်ချိုတောင်ဘက် ကန်ကြီးသွား ကားလမ်းအပါအဝင်ကို ခံစစ်ကြောင်းပြင်ဆင်၍ တပ်စွဲထားရန်။

စစ်ရဲတပ်စု (၂) စုက နောင်ချိုမြောက်ဘက် ဘီအိုစီ၊ မီးရထားဘူတာအပါအဝင်ကို ခံစစ်ကြောင်းပြင်ဆင်၍ တပ်စွဲထားရန်။

ကချင်တပ်စု (၁) စုက အရံတပ်အဖြစ် တာဝန်ယူရန်။

ဘီအီးမှ ကျန်တပ်စိတ် (၂) စိတ်နှင့် ဆက်သားများပေါင်း၍ တပ်စုဖွဲ့ပြီး တပ်ဖွဲ့ဌာနချုပ်ကို ကာကွယ်ရန်။ ၎င်းတပ်စုကို ဗိုလ်အေးမောင်အောက်တွင်ထားရန်။

ခံစစ်ကြောင်းကို နောက်တစ်နေ့ နံနက်စောစောမှစ၍ယူရန်။ ကတုတ်ကျင်းများတူးရန် စသည်ဖြင့် ညွှန်ကြားလိုက်သည်။ အစည်းအဝေးလုပ်နေစဉ် လားရှိုးစစ်ရဲတပ်သို့ တပ်စု (၂) စုအတွက် လက်နက်များ မနက်ဖြန်အရောက် ပို့ပေးရန် တယ်လီဖုန်းနှင့် အကြောင်းကြားလိုက်၏။ ကျွန်တော်တို့တွင် ဆက်သွယ်ရေးမှ ဝိုင်ယာလက်စက်ကြီးတစ်လုံးရှိနေ၍ ရန်ကုန်၊ လားရှိုးစသည်တို့နှင့် အဆက်အသွယ်လုပ်နေကြရသည်။ တာဝန်ခံမှာ ဒုတပ်ကြပ်ခင်ညို (အချက်ပြ ဆက်သွယ်ရေးတပ်၊ ကွယ်လွန်) ဖြစ်၏။

နောက်တစ်ရက်တွင် လားရှိုးစစ်ရဲမှ လက်နက်များရရှိသောကြောင့် လက်နက်မပါသော ရဲဘော်များကို လက်နက်များ တပ်ဆင်ပေးလိုက်သည်။ တပ်ခွဲများတပ်စွဲထားသောနေရာကို နေ့စဉ်သွားရောက် ကြည့်ရလေသည်။ ကတုတ်ကျင်းများကို သင့်လျော်သောနေရာတွင် တူးစေခြင်း၊ ရဲဘော်များကို အားပေးစကားပြောခြင်း၊ လက်ပစ်ဗုံးများဖြင့် မိုင်းထောင်စေခြင်း၊ ခံစစ်၏သဘောကို ရှင်းပြ

ပေးခြင်းများ ပြုလုပ်သောကြောင့် ရဲဘော်များသည် ယုံကြည်မှုရှိလာပြီး စိတ်ဓာတ်မြင့်တက်လာကြလေသည်။

မတ်လ (၁) ရက်နေ့ညနေ (၄) နာရီလောက်တွင် ကေအင်ဒီအိုနှင့် ကွန်မြူနစ်များပေါင်းပြီး ဘန့်ဘွေးနှင့် နောင်ချိုကြား အုံးမခါးရွာတွင် စခန်းချနေကြောင်းနှင့် နံနက်တွင် နောင်ချိုကိုတိုက်ရန် စီစဉ်နေကြောင်း။ အင်အားမှာ တပ်စု (၂) စု ရှိမည်ဖြစ်ကြောင်းနှင့် သတင်းရရှိထားသဖြင့် ဗိုလ်ကြီးထွန်းစိန် (ယခင် ရန်ကုန်မြို့ မြို့မင်းကြီး၊ ဗိုလ်မှူးကြီး–ကွယ်လွန်) တပ်ခွဲမှ တပ်စု (၁) စုကို တိုက်ကင်းလွှတ်လိုက်ရသည်။ အမှောင်ပျိုးသည်နှင့် တစ်ပြိုင်နက် အလစ်တိုက်ရန်လည်း ညွှန်ကြားလိုက်၏။ စစ်ရဲတပ်စု (၁) စုကိုလည်း ခံစစ်ကြောင်းကို အင်အားဖြည့်တင်း ပေးထားလိုက်လေသည်။

တိုက်ကင်းတပ်စုသည် ရန်သူစခန်းချသော နေရာအနီးသို့ နေမဝင်မီရောက်သွားကြလေသည်။ ထိုအချိန်တွင် ရန်သူများသည် အေးအေးဆေးဆေးပင် ချက်ပြုတ်စားသောက်နေကြ၏။ မှောင်စပြုသည်နှင့် တပ်စုက အတင်းဝင်တိုက်ရာ ကရင်များ ခုခံချိန်မရဘဲ ဒဏ်ရာများစွာရရှိပြီး ကစဉ့်ကလျား ထွက်ပြေးကြရလေ၏။ ရန်သူများထံမှ (၃) တန်ကား (၄) စီး၊ ဂျစ်ကား (၁) စီး၊ ဖိုဘင်ကားလေး (၁) စီးနှင့် မော်တော်ဆိုင်ကယ် (၁) စီး ရလိုက်လေသည်။ ကားများပေါ်တွင် လက်နက်ခဲယမ်းမီးကျောက်၊ စစ်စောင်များနှင့် ရိက္ခာများပါလာသည်။ ဖမ်းဆီးမိသော ကားများကို နောင်ချိုသို့ ည (၁၀) နာရီလောက်တွင် မောင်းလာကြရာ ရဲဘော်များအားလုံး ပျော်၍မဆုံးဘဲ စိတ်ဓာတ်လည်း ပိုမို၍တက်ကြွလာကြလေသည်။

အခန်း ( ၇)

## ပြင်ဦးလွင် ကေအင်ဒီအိုများလက်မှ ပြန်လည်သိမ်းပိုက်ခြင်း

ဧပြီလ ဒုတိယအပတ်တွင် အမှတ် (၃) ကချင်တပ်ရင်းသည် နောင်ချိုသို့ ရောက်လာသည်။ ထိုအချိန်တွင် နောင်ချိုသို့ စစ်ရဲတပ်က ထိန်းထားသောကြောင့် အခက်အခဲမရှိဘဲ တပ်စွဲထားလိုက်၏။

ဗိုလ်မှူးချုပ်လဖွန်တန်က ပြင်ဦးလွင် ကရင်လက်နက်ကိုင်တပ်မှ ဗိုလ်မှူးချုပ် စောချစ်ခင်ထံသို့ ဆက်သားလွှတ်ပြီး စာပေးလိုက်ရာ စာပါအကြောင်းများမှာ သွေးထွက်သံယို မဖြစ်လိုသည့်အတွက် လက်နက်ချရန် ဧပြီလ (၁၆) ရက်နေ့ နံနက်တွင် နောင်ချိုသို့လာ၍ ဆွေးနွေးရန် စသည်ဖြင့် ဖော်ပြထားလေ၏။

မန္တလေးမြို့ကို ဧပြီလ (၆) ရက်နေ့က အစိုးရတပ်များက ပြန်လည်သိမ်းပိုက်လိုက်သည့်အတွက် ပြင်ဦးလွင်မြို့ရှိ ကေအင်ဒီအိုများသည် မိတ္ထီလာနှင့် အဆက်ပြတ်သွားခဲ့၏။ နောင်ချိုနှင့် မန္တလေးမှ နှစ်ဘက်ညှပ်ပြီး ပိတ်ထားသောကြောင့် လက်နက်ကိုင်များအနေဖြင့်လိုက်ရန် လမ်းနှစ်လမ်းသာ ရှိတော့သည်။

ပထမလမ်းမှာ လက်နက်ချစေရန်နှင့် ဒုတိယလမ်းမှာ ပြင်ဦးလွင်မှ တောလမ်းခရီးဖြင့် ကျောက်ဂူ၊ ရပ်စောက်၊ လွိုင်ကော်မှ တောင်ငူသို့ သွားရန်ဖြစ်လေသည်။

ဧပြီလ (၁၆) ရက်နေ့နံနက်တွင် ဗိုလ်မှူးချုပ်စောချစ်ခင် ခေါင်းဆောင်သော ကရင်လက်နက်ကိုင်အဖွဲ့သည် နောင်ချိုသို့လာ၍ လက်နက်ချရန် ဗိုလ်ချုပ်လဖွန်တန်နှင့် ဆွေးနွေးကြလေ၏။

ဆွေးနွေးချက်အပေါ် သဘောတူညီချက်များမှာ ယနေ့လက်နက်တိုက်များတွင် လက်နက်များကိုထည့်ထား၍ မနက်ဖြန် စာရင်းနှင့်တကွအပ်ရန်၊ မနက်ဖြန်ပြင်ဦးလွင်မှ ကရင်လက်နက်ကိုင်များ အိမ်ထောင်စုများအပါအဝင် အားလုံးနောင်ချိုသို့ လာရောက်သတင်းပို့ရန်၊ အမှတ် (၃) ကချင်တပ်ရင်းက မနက်ဖြန် ပြင်ဦးလွင်ကို ဝင်ရောက်သိမ်းပိုက်ရန်တို့ ဖြစ်သည်။

ဆွေးနွေးပွဲပြုလုပ်နေချိန်တွင် ကချင်တပ်ခွဲများသည် ပြင်ဦးလွင်အနီး မိုးကြိုးပစ်နှင့် ရေငယ်ရွာများသို့ ချီတက်ပြီး နေရာယူထားလိုက်ကြသည်။

ထို့နောက် ဗိုလ်မှူးချုပ်စောချစ်ခင်နှင့် အဖွဲ့သည် ပြင်ဦးလွင်သို့ ပြန်ရောက်လျှင်ရောက်ချင်း လက်နက်ချရန် အမိန့်ထုတ်လိုက်ရာ အများအပြားသော ကေအင်ဒီအိုတို့သည် အိမ်ထောင်စုများနှင့်အတူ ၎င်းညနေမှာပင် ပြင်ဦးလွင်မှ ကားများဖြင့်ထွက်ခွာ၍ နောင်ချိုသို့ သွားရောက်သတင်းပို့ကြလေ၏။ နောင်ချိုရောက်သောအခါ ဈေးတွင် နေရာချထားပေးလိုက်လေသည်။

လက်နက်မချလိုသော လက်နက်ကိုင် (၃၀၀) ခန့်တို့ကမူ ပြင်ဦးလွင်မှ ရပ်စောက်၊ ရပ်စောက်မှ လွိုင်ကော်သို့ တောလမ်းခရီးမှ ထွက်ခွာသွားကြလေ၏။

ဧပြီလ (၁၇) ရက်နေ့ နံနက်တွင် ကျန်ရှိနေသေးသော လက်နက်ကိုင်များအားလုံး ပြင်ဦးလွင်မှထွက်ခွာ၍ နောင်ချိုသို့ သွားရောက်သတင်းပို့ကြ၏။

နံနက်(၁၁)နာရီ (၄၅)မိနစ်တွင် အမှတ်(၃)ကချင်တပ်ရင်းသည် မော်တာများပစ်ဖောက်ကာ မြို့ထဲသို့ဝင်လာပြီး ပြင်ဦးလွင်ကို သွေးထွက်သံယိုမရှိဘဲ အလွယ်တကူ သိမ်းပိုက်လိုက်လေသည်။

ဧပြီလ (၁၈) ရက်နေ့တွင် တပ်များကို ကျန်ရစ်ခဲ့သော အရာရှိများ၊ ရဲဘော်များနှင့် ပြန်လည်ဖွဲ့စည်းစေပြီး ရုံးများကို ဖွင့်လှစ်စေသည်။ နယ်အရာရှိများကို မှတ်တမ်းရုံးသို့ခေါ်ပြီး အစည်းအဝေး ပြုလုပ်ကြသည်။ နောက်တစ်ရက်နေ့မှစ၍ ရုံးများဖွင့်ရန် ဌာနအကြီးအကဲများကို ညွှန်ကြားလိုက်သည်။

လက်နက်ကိုင်များ ထွက်အသွားတွင် ဆက်သွယ်ရေးတပ်၌ ချုပ်ထားသော ဗိုလ်ကြီးထွန်းကြည်၊ ဗိုလ်မောင်မောင်၊ ဗိုလ်ဖေသိန်းနှင့် အရပ်သားဦးစိုးလှိုင်တို့ကို သတ်သွားကြလေသည်။

နှစ်ပတ်လောက်ကြာသောအခါ နောင်ချိုသို့ လာရောက်လက်နက်ချသော ကေအင်ဒီအိုများနှင့် အိမ်ထောင်စုများကို ပြင်ဦးလွင်သို့ပြန်ခေါ်ပြီး လေ့ကျင့်ရေးတပ် ယခင်နေရာဟောင်းတွင်ပင် ချုပ်ထားလိုက်လေသည်။

အခန်း ( ၈)

## မြင်းခြံကို ကေအင်ဒီအိုများ သိမ်းခြင်း

မန္တလေးရှိ အမှတ် (၃) ကရင်တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး စောဒီတူးအား ပခုက္ကူတွင်ရှိသော ၎င်းတပ်မှတပ်ခွဲကို ပြင်ဦးလွင်သို့ သွားရောက်ခေါ်ယူရန် တာဝန်ပေးလိုက်လေသည်။

ဖေဖော်ဝါရီလ (၁၀) ရက်နေ့တွင် ဒုဗိုလ်မှူးကြီးစောဒီထူးသည် ပြင်ဦးလွင်မှ မန္တလေးသို့ ကားဖြင့်သွား၍ မန္တလေးတွင် တစ်ညအိပ်ပြီး နောက်တစ်ရက် ပခုက္ကူသို့ သင်္ဘောဖြင့်သွားလေ၏။ အစောင့်အဖြစ် တပ်စု (၂) စု ထည့်ပေးလိုက်သည်။ တပ်စု (၁) စုမှာ ရှမ်းတပ်ရင်းမှဖြစ်ပြီး၊ တပ်စု (၁) စုမှာ လေ့ကျင့်ရေးတပ်မှ ဖြစ်သည်။ တပ်စုမှူးတစ်ယောက်မှာ ဘီအီးတပ်မှ ဗိုလ်ကျော်စိန် (ဗိုလ်မှူးအငြိမ်းစား) ဖြစ်သည်။ အစောင့်များသည် သင်္ဘော၏ ဘေးတစ်ဖက်တစ်ချက်တွင်ရှိ တွဲသမ္ဗန်များပေါ်မှ စီးနင်းလိုက်ပါသွားကြ၏။

ဖေဖော်ဝါရီလ (၂၁) ရက်နေ့တွင် ပခုက္ကူတပ်ခွဲသည် မြင်းခြံသို့ လိုက်လာကြသည်။ တပ်ခွဲမှူးမှာ ဗိုလ်ကြီးစောစံထွန်းဖြစ်၏။ သင်္ဘောသည် မြင်းခြံကမ်းသို့ ကပ်သောအခါ ကမ်းပေါ်မှာ သေနတ်များဖြင့် လှမ်းပစ်ကြသည်။

တပ်ရင်းမှူးစောဒီတူးသည် ကမ်းပေါ်မှ မိမိတို့အား သေနတ်ဖြင့်ပစ်ခတ်သည်ကို စဉ်းစား၍မရသည့်အတွက် သင်္ဘောကို အထက် (၅) မိုင်လောက် မောင်းခိုင်းပြီးမှ ကမ်းသို့ဆိုက်ကပ်လေ၏။ ထိုညက အထက်ဆိပ်ကမ်းတွင် အိပ်ကြရ၏။

သဘော်သည် စက်ဆီနည်းနေသောကြောင့် မန္တလေးအထိ မသွားနိုင်ကြောင်း ဆလင်က သတင်းပို့သည့်အတွက် မြင်းခြံအခြေအနေစုံစမ်းရန် လူလွှတ်လိုက်သည်။ မြင်းခြံတွင် စစ်ဝန်ထမ်းတပ်၊ ရဲဘော်ဖြူတပ်များနှင့် မိတ္ထီလာမှပြေးလာသော ချင်းစစ်ရဲတပ်ခွဲ (၁) ခွဲ ရှိကြောင်း။ ချင်းတပ်ခွဲသည် မီးရထားဘူတာရုံအနီးတွင် စခန်းချနေကြောင်း သတင်းပို့လာ၏။

နောက်တစ်ရက် ဖေဖော်ဝါရီလ (၂၃) ရက်နေ့ နံနက် စက်ဆီသွားထည့်ရန် မြင်းခြံဆိပ်ကမ်းသို့ သဘော်ကိုမောင်းခိုင်းသည်။ သဘော်ပေါ်တွင် ကရင်တပ်ခွဲသာ ပါသွားသည်။ အစောင့်တပ်စု (၂) မှာ အထက်ဆိပ်ကမ်းတွင် နေရစ်ခဲ့ကြသည်။

သဘော်သည် မြင်းခြံဆိပ်ကမ်းသို့ ဆိုက်ရောက်သည်နှင့် ကမ်းပေါ်မှစ၍ သေနတ်များဖြင့် ပစ်ကြသည့်အတွက် ကရင်တပ်ခွဲက မော်တာနှင့် ပြန်လည်ပစ်ပြီး ကမ်းပေါ်တက်၍ တိုက်ကြ၏။ ဤအကြိမ်တွင်မူ မြို့ပေါ်အထိ လိုက်တိုက်သည့်အတွက် ရဲဘော်ဖြူများ ကစဉ့်ကလျား ထွက်ပြေးကြရသည်။ ရဲဘော်ဖြူများဘက်မှ (၁၂) ယောက် ကျဆုံးသည်။ မီးရထားဘူတာရုံအနီးတွင် စခန်းချနေသော ချင်းစစ်ရဲတပ်ကိုလည်း ဝိုင်းထား၏။ နောင်နားလည်မှုရရှိကြပြီး တစ်ဦးနှင့်တစ်ဦး မတိုက်ဘဲနေလိုက်ကြသည်။

သဘော်လည်း စက်ဆီများဖြည့်တင်းပြီးဖြစ်၍ ကရင်တပ်ခွဲသည် အထက်ဆိပ်ကမ်းသို့ ပြန်သွားလေ၏။

ထိုနေ့ နေ့လယ်ပိုင်းတွင် ချင်းစစ်ရဲတပ်ခွဲသည် အထက်ဆိပ်ကမ်းသို့ လိုက်လာပြီး အတူနေကြလေသည်။ သို့သော် နေဝင်ဖြိုးဖျတွင် အနီးရှိရွာတစ်ရွာတွင် သွားနေမည်ဆိုပြီး ၎င်းနေရာမှ ထွက်ခွာသွားကြလေသည်။ ၎င်းတပ်ခွဲနှင့် ပါလာသော အရာရှိများမှာ ဗိုလ်ကြီးဆန်ခိုလျံ (ဗိုလ်မှူးအငြိမ်းစား၊ ချင်းဦးစီးဉက္ကဋ္ဌဟောင်း) စစ်ရဲတပ်မှ ဗိုလ်ကယ်(ပ)လို၊ ဗိုလ်ငွန်ဟိုင်းတို့ ဖြစ်ကြ၏။

ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် မိတ္ထီလာမှ ကေအင်ဒီအိုတပ်သည် မြင်းခြံသို့ ရောက်လာ၏။ အင်အား (၄၀၀) ခန့်ရှိလေသည်။ အမှတ်(၁) ကရင်တပ်ခွဲအား သူတို့နှင့်အတူ ပူးပေါင်းရန်နှင့် မိတ္ထီလာကိုလိုက်ခဲ့ရန် ပြောသည့်အတွက် တပ်ခွဲမှူးဗိုလ်ကြီးစောစံထွန်းသည် သဘောတူလက်ခံလိုက်သည်။ ထိုအခါကျမှ တပ်ခွဲသည် ရန်သူဘက်သို့ပါသွား၏။ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးစောဒီတူးသည် သူတို့ဘက်မပါသောကြောင့် အကျယ်ချုပ်ဖြင့် အထားခံနေရ၏။

တပ်ခွဲသည် ကေအင်ဒီအိုတို့နှင့်အတူ မြို့ထဲသို့လိုက်သွားကြပြီး တပ်ရင်းမှူးကို ကေအင်ဒီအိုအစောင့် (၆) ယောက်နှင့်အတူ ထားခဲ့ကာ သင်္ဘောနှင့် မြင်းခြံဆိပ်ကမ်းသို့ လိုက်ခဲ့ရန် မှာကြားသွားသည်။

ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် မြင်းခြံကို ကေအင်ဒီအိုတို့က သိမ်းပိုက်လိုက်လေသည်။

တပ်ရင်းမှူးသည် သူနှင့်အတူပါလာသော အစောင့်တပ်စုမှူးနှစ်ယောက်ကို ခေါ်ပြီး သူလည်း အဖမ်းခံထားရပြီဖြစ်ကြောင်း၊ ယခုမြင်းခြံဆိပ်ကမ်းသို့ သူလိုက်သွားမည်။ ဆိပ်ကမ်းရောက်လျှင် ပစ္စည်းများချပြီး သင်္ဘောကို ပြန်ပို့ပေးမည်။ ၎င်းသင်္ဘောနှင့် မန္တလေးသို့သွားရန် မှာကြားလေ၏။

တပ်ရင်းမှူးသည် သင်္ဘောဖြင့် မြင်းခြံဆိပ်ကမ်းသို့ ထွက်သွားလေသည်။ သင်္ဘောပေါ်မှ ပစ္စည်းများချပြီးသောအခါ သင်္ဘောဆလင်ကို တွဲသမ္ဗာန်များဖြုတ်ထားခဲ့ပြီး အထက်ဆိပ်ကမ်းသို့သွား၍ အစောင့်တပ်စု (၂) စုခေါ်ပြီး မန္တလေးသို့ပြန်ရန် ညွှန်ကြားလေ၏။

သင်္ဘောဆလင်လည်း တပ်ရင်းမှူး ညွှန်ကြားသည့်အတိုင်း အစောင့်တပ်များကို မန္တလေးသို့ တင်ဆောင်ခေါ်သွားလေသည်။ တပ်ရင်းမှူးကြောင့်သာ အစောင့်တပ်များသည် မန္တလေးသို့ ကောင်းမွန်ချောမောစွာ ပြန်ရောက်ကြရလေသည်။

ကေအင်ဒီအိုတပ်သည် နောက်တစ်ရက် ဖေဖော်ဝါရီလ (၂၅) ရက်နေ့တွင် အချို့မီးရထားဖြင့်လည်းကောင်း၊ အချို့မော်တော်ကားများဖြင့်လည်းကောင်း မိတ္ထီလာသို့ ပြန်သွားကြ၏။ ထိုနေ့မှစပြီး မြင်းခြံကို ရဲဘော်ဖြူများက သိမ်းပိုက်အုပ်ချုပ်လိုက်ကြသည်။

ကေအင်ဒီအိုများ မြင်းခြံမှ ထွက်ခွာသွားကြသောအခါ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးစောဒီတူးကို (အားမတ်) ကားဖြင့် ခေါ်သွားကြသည်။ မီးရထားသံလမ်းများကိုလည်း ဖြုတ်၍စီးလာသော ရထားတွဲပေါ်တွင် တင်ဆောင်ယူလာကြသောကြောင့် လမ်းတွင်တစ်ညအိပ်ကြရသည်။ မီးရထားသံလမ်းများကို ဖြုတ်ယူသွားခြင်းမှာ မိတ္ထီလာသို့ မီးရထားများ ခုတ်မောင်းမလာနိုင်ရန် ပြုလုပ်ခြင်းဖြစ်လေ၏။

မိတ္ထီလာသို့ ရောက်သောအခါ ကေအင်ဒီအို အကြီးအကဲများဖြစ်သူ ဦးစောလုံ (ဗြိတိသျှတပ်မတော်မှ ဗိုလ်ကြီးဟောင်း) နှင့် ဒုဗိုလ်မှူးကြီးစောမင်းမောင် (အမှတ် –၁ ကရင်တပ်မှူး)တို့က ဒုဗိုလ်မှူးကြီးစောဒီတူးကို မိတ္ထီလာ စစ်မျက်နှာ

တွင် တပ်မှူးကြီးအဖြစ် တာဝန်ယူရန်ပြော၏။ တာဝန်ယူမည်ဆိုလျှင် ဗိုလ်မှူးကြီး အဆင့်သို့ တိုးပေးမည့်အကြောင်းပြောပြီး ဗိုလ်မှူးကြီးတံဆိပ်များကို စားပွဲပေါ်သို့ ချပေးလေ၏။ ဗိုလ်မှူးကြီးစောဒီတူးက မိမိအနေဖြင့် တာဝန်မယူနိုင်ကြောင်းနှင့် အပြင်းအထန် ငြင်းဆန်သည့်အတွက် အချုပ်ထောင်တွင် ချုပ်ထားလိုက်သည်။ ထိုအချိန်က တိုင်းမှူးဒုဗိုလ်မှူးကြီးမောင်မောင်တို့ကို အောက်ထပ်တွင် ချုပ်ထားပြီး ဗိုလ်မှူးကြီးစောဒီတူးကို အပေါ်ထပ်တွင် ချုပ်ထားလေသည်။

မတ်လ တတိယအပတ်လောက်တွင် ဗိုလ်နေဝင်း မိတ္ထီလာသို့ ရောက်လာလေသည်။ ရောက်လျှင်ရောက်ချင်း ကေအင်ဒီအို အကြီးအကဲများကို ဗိုလ်မှူးကြီး စောဒီတူးအား ပြင်ဦးလွင်တွင်ရှိသော ကရင်အိမ်ထောင်စုများအား အုပ်ချုပ်ရန် ပြင်ဦးလွင်သို့ ပြန်လွှတ်ရမည်ပြောပြီး သူကိုယ်တိုင် အချုပ်ထောင်မှ ထုတ်ခဲ့လေ၏။ ၎င်းနေ့တွင်ပင် သူစီးလာသော စတေရှင်ဝက်ဂွန်းကားနှင့် ပြင်ဦးလွင်သို့ လွှတ်လိုက်သည်။ လမ်းအစောင့်အက်(စ)ကော့အဖြစ် ကချင်တပ်စု (၁) စု ထည့်ပေးလိုက်သည်။

ဗိုလ်မှူးကြီးစောဒီတူးသည် တစ်ချိန်က ဗိုလ်နေဝင်း၏ ကျေးဇူးရှင်ဖြစ်ခဲ့လေသည်။ ဗိုလ်နေဝင်းစစ်တပ်ထဲဝင်ရန် ပြင်ဦးလွင်သို့လာစဉ်က ဗိုလ်မှူး စောဒီတူးသည် တပ်မတော်ပညာရေးကျောင်းတွင် ပညာရေးအရာရှိ ဂျမဒါ(ဗိုလ်လေး) အဆင့်ဖြင့် အမှုထမ်းနေသည်။ ဗိုလ်နေဝင်းသည် စစ်တပ်ထဲသို့ ဝင်ခွင့်မရသည့်အတွက် ဗိုလ်မှူးစောဒီတူးက အိမ်တွင်ခေါ်ထားပြီး (၃) လကျော် ထမင်းကျွေးထားခဲ့သည်။ ၁၀/၂၀ ဘားမားရိုင်ဖယ် ဘင်ခရာအဖွဲ့တွင် နေရာလစ်လပ်သောကြောင့် သွင်းပေးရာ တစ်နှစ်ပြည့်သောအခါ ထိုအချိန်တွင် ဗြူဂါလ်မေဂျာခေါ် ဒုတပ်ကြပ်အဆင့်သို့ ရာထူးတိုးသွားရသည်။ ဘင်ခရာအဖွဲ့တွင် (၂) နှစ်အမှုထမ်းပြီးနောက် အမှတ်(၃)ဘားမားရိုင်ဖယ်တပ်သို့ ရွှေ့ပြောင်း အမှုထမ်းရာ ဒုတိယကမ္ဘာစစ်အတောအတွင်းက ဂျမဒါရာထူးအဆင့်သို့ ခန့်အပ်ခြင်း ခံရလေသည်။

ထမင်းရှင်ဖြစ်ခဲ့သည့်အတွက် ဗိုလ်မှူးကြီးစောဒီတူးကို မိတ္ထီလာသို့ ကေအင်ဒီအိုလက်ထဲမှ ကယ်ဆယ်ပြီး ပြင်ဦးလွင်သို့ ပို့လိုက်ခြင်းပင်ဖြစ်သည်။

အခန်း ( ၉)

## မန္တလေးကို ကေအင်ဒီအိုများ သိမ်းပြီ

မိတ္ထီလာနှင့် ပြင်ဦးလွင်ကို ကရင်လက်နက်ကိုင်များ တိုက်ခိုက်သိမ်းပိုက်သောအချိန်တွင် ဗိုလ်မှူးကြင်သည် ကလောအကြပ်သင်ကျောင်းမှ မန္တလေးသို့ (၃) လက်မ မော်တာသရုပ်ပြအဖွဲ့နှင့် ရောက်ရှိနေလေသည်။

ပြင်ဦးလွင်မှ လက်နက်ကိုင်အဖွဲ့က လက်နက်ချရန် တယ်လီဖုန်းနှင့် ပြောဆိုလာသည်။ နောက်ဆုံးမှာ ပြင်ဦးလွင်လက်နက်ကိုင်အဖွဲ့က ငြိမ်းချမ်းရေးအဖွဲ့လွှတ်လိုက်မည်။ ၎င်းအဖွဲ့နှင့်တွေ့ဆုံ၍ စကားပြန်ရန် ရက်ချိန်းလိုက်၏။

ဖေဖော်ဝါရီလ (၂၂) ရက်နေ့ နံနက်တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ မြို့လူကြီးများကိုခေါ်၍ ငြိမ်းချမ်းရေးအဖွဲ့ကို မန္တလေးသို့စေလွှတ်ရန် အစည်းအဝေးပြုလုပ်လေသည်။

တက်ရောက်ကြသောသူများမှာ ဗိုလ်မှူးချုပ်စောချစ်ခင်၊ ဒုဗိုလ်မှူးကြီးစောလေဒါ၊ ဒုဗိုလ်မှူးကြီးအန်းဂါး၊ ဗိုလ်မှူးစောဒေးဇစ်၊ ဗိုလ်မှူးဥန်လှရိန်၊ ဗိုလ်နော်ဆိုင်း၊ ဗိုလ်မှူးကျော်ဖေ၊ ဗိုလ်ကြီးပီတာအောင်ဝင်းနှင့် အရာရှိအချို့၊ နယ်ဘက်မှ အရာရှိများမှာ လမ်းမင်းကြီးဦးသာဒုတ်၊ နယ်ပိုင်ဝန်ထောက် ဦးထွန်းအုံနှင့် ရဲဝန်ထောက်မစ္စတာဘွတ်တို့ ဖြစ်ကြသည်။

အစည်းအဝေး ဆုံးဖြတ်ချက်များမှာ ငြိမ်းချမ်းရေးအဖွဲ့တွင် နယ်ဘက်မှ ဦးသာဒုတ်၊ ဦးထွန်းအုံ၊ မစ္စတာဘွတ်၊ တပ်မတော်မှ ဗိုလ်ကြီးပီတာအောင်ဝင်းနှင့် ကေအင်ဒီအိုဘက်မှ ဗိုလ်မှူးဌ္ဌန်လှရှိန်တို့ ပါဝင်ရန်ဖြစ်သည်။

အချက်ကြီး (၅) ချက်ကို ငြိမ်းချမ်းရေးအဖွဲ့က တင်ပြရန် ဗိုလ်နော်ဆိုင်းက ပြောလေ၏။ ၎င်းတို့မှာ ...

(၁) မန္တလေးကို မိတ္ထီလာနှင့်ပြင်ဦးလွင်မှ နှစ်ဘက်ညှပ်၍ တိုက်မည် ဖြစ်ကြောင်း။

(၂) ပြင်ဦးလွင်တွင် တိုက်ခိုက်ရေးအင်အားမှာ တပ်ရင်း (၁) ရင်းရှိကြောင်း၊ မိတ္ထီလာတွင်ရှိသော တိုက်ခိုက်ရေးအင်အားမှာ ပြင်ဦးလွင်ထက်များကြောင်း။

(၃) ပြင်ဦးလွင်တွင် လက်နက်ခဲယမ်းမီးကျောက် တပ်ရင်း (၃) ရင်းစာရှိကြောင်း။

(၄) မန္တလေးတပ်များက လက်နက်အသာတကြည်ချရန်။ လက်နက်မချဘဲ ခုခံတိုက်လျှင် သွေးထွက်သံယိုများဖြစ်ပြီး မြို့ပျက်၍ ပြာကျသွားမည်ဖြစ်ကြောင်း။

(၅) လက်နက်ချမချ ယနေ့စကားပြန်ရန် စသည်တို့ဖြစ်သည်။

နိဂုံးချုပ်အနေဖြင့် ဗိုလ်နော်ဆိုင်းက သူတို့တင်ပြချက်ကို လက်မခံလျှင် နောက်တစ်ရက် မန္တလေးကို တိုက်မည့်အကြောင်း သတိပေးလိုက်လေသည်။

အစည်းအဝေး ပြီးလျှင်ပြီးခြင်း ငြိမ်းချမ်းရေးအဖွဲ့သည် မန္တလေးသို့သွားကြလေသည်။

ငြိမ်းချမ်းရေးအဖွဲ့ကို မန္တလေးအဝင်တွင် ဗိုလ်မှူးအေးမောင်ကကြိုပြီး တိုင်းမင်းကြီးအိမ်သို့ ခေါ်သွားလေ၏။

ငြိမ်းချမ်းရေးအဖွဲ့ကို တိုင်းမင်းကြီးအိမ်တွင် မန္တလေးမှ ကိုယ်စားလှယ်များက တွေ့ဆုံကြသည်။

မန္တလေးမှ ကိုယ်စားလှယ်များမှာ တိုင်းမင်းကြီး ဦးချစ်ဆွေ၊ ရဲမင်းကြီး မစ္စတာ ဂျီကလစ်၊ ခရိုင်ရဲဝန်ဦးဘဆန်းနှင့် တပ်မတော်အရာရှိများကို ဦးဆောင်သော ဗိုလ်မှူးကြင်အဖွဲ့တို့ဖြစ်သည်။

ငြိမ်းချမ်းရေးအဖွဲ့က အချက်ကြီး (၅) ချက်ကို တင်ပြလိုက်သည်။ နောက်ဆုံး ဗိုလ်နော်ဆိုင်း၏ သတိပေးစကားကိုလည်း ပြောပြသည်။

ငြိမ်းချမ်းရေးအဖွဲ့သာဆိုသည် တကယ်တော့ ဓားစာခံများသာ ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ကေအင်ဒီအိုများပြောခိုင်းသော စကားများသာ ပြောနေရခြင်း ဖြစ်လေသည်။

ဗိုလ်မှူးကြင်တို့အဖွဲ့က စစ်ရုံးမှ အမိန့်မရဘဲ စကားမပြန်နိုင်ကြောင်း။ မနက်ဖြန်မှ စကားပြန်နိုင်မည်ဖြစ်ကြောင်း အဖြေပေးလိုက်သည်။ ငြိမ်းချမ်းရေးအဖွဲ့သည် ပြင်ဦးလွင်သို့ နေ့ချင်းပင် ပြန်သွားကြ၏။ ပြင်ဦးလွင်သို့ ရောက်သောအခါ ဗိုလ်မှူးကြင်တို့အဖွဲ့ ပေးလိုက်သောအဖြေကို တင်ပြလိုက်လေသည်။

ဖေဖော်ဝါရီ (၂၃) ရက်နေ့တွင် ဗိုလ်မှူးကြင်ခေါင်းဆောင်သော တပ်ပေါင်းစုတပ်ဖွဲ့သည် ပြင်ဦးလွင်ကိုစ၍ တိုက်လေသည်။ တပ်ပေါင်းစုတပ်ဖွဲ့တွင် ဗိုလ်ကြီးတင်ဦး (ကာကွယ်ရေးဦးစီးချုပ်ဟောင်းနှင့် ယခု NLDပါတီ နာယက) အုပ်ချုပ်သော ပြင်ဦးလွင်တပ်ခွဲ၊ ဗိုလ်ကြီးခင်မောင်အုပ်ချုပ်သော ဘီအီးအမ်အီးတပ်၊ ဗိုလ်သင်တန်းကျောင်း၊ မော်တော်ယာဉ်တပ်ခွဲသို့ ပေါင်းထားသောတပ်ခွဲ၊ ဗိုလ်ရဲခေါင်အုပ်ချုပ်သော ရဲဘော်ဖြူ၊ ရွှေဘိုနှင့်စစ်ကိုင်း စစ်ဝန်ထမ်းတပ်များ၊ ဆရာဘသောင်း (ဗိုလ်မှူးဘသောင်းမောင်သုတ) အုပ်ချုပ်သော ကျောင်းသားတပ်တို့ ပါဝင်ကြပြီး စုစုပေါင်းတပ်ခွဲ (၃) ခွဲလောက်ရှိသည်။

ဗိုလ်ကြီးတင်ဦး (ကာကွယ်ရေးဦးစီးချုပ်ဟောင်း ယခု NLD) အုပ်ချုပ်သောတပ်ခွဲက မန္တလေး၊ ပြင်ဦးလွင် မော်တော်ကားလမ်း ညာဘက်မှလည်းကောင်း၊ ဗိုလ်ကြီးခင်မောင်အုပ်ချုပ်သော တပ်ခွဲက ကားလမ်းဘယ်ဘက်မှလည်းကောင်း၊ ဗိုလ်ရဲခေါင်အုပ်ချုပ်သော ရဲဘော်ဖြူများက လမ်းကိုဖြတ်လျက်လည်းကောင်း စစ်ကြောင်း (၃) ကြောင်းဖြင့် ချီတက်တိုက်ခိုက်ကြလေသည်။

ထိုနေ့မှာပင် အနီးစခန်း လေယာဉ်ကွင်းသို့ နံနက် (၁၁) နာရီလောက်တွင် သိမ်းပိုက်လိုက်နိုင်သည်။ သိမ်းပိုက်ပြီးသည်နှင့်ပင် လေယာဉ်နှစ်စီးကို အကောင်းတိုင်း တွေ့ကြရသည်။

ထိုလေယာဉ်ပျံနှစ်စင်းကို တစ်နည်းနည်းဖြင့် ရန်ကုန်သို့ ပြန်သယ်ယူရန် တိုက်တွန်းသော်လည်း ဗိုလ်မှူးကြင်က ဖျက်ဆီးပစ်ရန်သာ အဖန်တလဲလဲ ညွှန်ကြား

သဖြင့် ထိုညမှာပင် ဖောက်ခွဲဖျက်ဆီးပစ်လိုက်ကြရသည်။ လေယာဉ်ပျံအတွင်းရှိ ကျည်နှင့် ခဲယမ်းမီးကျောက်၊ လက်နက်၊ ဓာတ်ဆီ စသည်တို့မှ တောက်လောင် ပေါက်ကွဲမှုမှာ ညသန်းခေါင်အထိ ရပ်စဲသည်ဟူ၍ မရှိတော့ပေ။

ထိုတိုက်ပွဲတွင် တပ်ခွဲမှူး ဗိုလ်ကြီးခင်မောင်ပခုံးတွင် ဒဏ်ရာရရှိသွား၏။ ဒဏ်ရာမကြီးသည့်အတွက် တိုက်ပွဲတစ်လျှောက်လုံး တပ်ခွဲကိုအုပ်ချုပ်ပြီး တိုက်ခိုက် သွားနိုင်၏။

မန္တလေးတပ်ဖွဲ့သည် ဖေဖော်ဝါရီလ (၂၄) ရက်နေ့မှ မတ်လ (၅)ရက် နေ့အထိ ပြင်ဦးလွင်ကို ပြန်လည်သိမ်းပိုက်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့သော်လည်း ကေအင်ဒီအိုတို့သည် လူအင်အား၊ လက်နက်အင်အားကို အသုံးပြု၍ မန္တလေးဘက် စစ်မျက်နှာကို ဖိတိုက်လာသောကြောင့် မန္တလေးတပ်ဖွဲ့သည် အကျအဆုံးများစွာဖြင့် မတ်လ (၅) ရက်နေ့မှစပြီး ညောင်ကားယားသို့ ဆုတ်လာကြရသည်။ ရဲဘော်ဖြူ များလည်း စိတ်ဓာတ်ကျဆင်းပြီး ထိန်းမရသောအခြေအနေသို့ ရောက်ရှိလာ၏။

မန္တလေးအခြေအနေသည် ပိုမိုဆိုးဝါးလာလေသည်။ မိတ္ထီလာဘက်မှ ချီတက်လာသော ရန်သူသည် မြစ်ငယ်အထိ ချီတက်လာပြီး ရှေ့တန်းခံစစ်ကြောင်း ကို စတင်တိုက်ခိုက်လေတော့သည်။ လူအင်အား လက်နက်အင်အား ကောင်းသည့် အပြင် တိုက်ပွဲအတွေ့အကြုံလည်း များခဲ့သည့်အတွက် မြစ်ငယ်တစ်ဖက်ကမ်းမှ မန္တလေးတစ်ဖက်ကမ်းသို့ ခံစစ်ကြောင်းကို ဆုတ်ပေးလိုက်ရသည်။ အဆုတ်တွင် ကားလမ်းတံတားကို ဖျက်ဆီးပစ်ခဲ့လိုက်ရသည်။ သို့သော် မီးရထားလမ်းတံတားကိုမူ မဖျက်ဆီးနိုင်ခဲ့ပေ။

ထိုအချိန်မှာ ပြင်ဦးလွင်မှ ရန်သူတပ်ကလည်း မန္တလေးဘက်သို့ တဖြည်း ဖြည်းဖိ၍ လာနေ၏။ မန္တလေးသည် ရန်သူကဏန်းလက်မကြီး အကြားတွင် ကျရောက်နေပေပြီ။

မြစ်ငယ်စစ်မျက်နှာမှ တပ်များသည် ရန်သူ၏ မော်တာကျည်ဆန်ပစ်ခြင်းကို အလူးအလဲခံရသောကြောင့် စိတ်ဓာတ်ကျဆင်းနေပြီး မြစ်ငယ်မှ တံခွန်တိုင်နှင့် ချမ်းမြသာစည် ခံစစ်ကြောင်းများသို့ ဆုတ်ခွာခဲ့ကြရသည်။ ရန်သူများသည် မြစ်ငယ် မီးရထားတံတားမှ ဖြတ်ကျော်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

မတ်လ (၅) ရက်နေ့တွင် ဗိုလ်မှူးကြင်က ဗိုလ်မှူးထင်ပေါ်ထံသို့ ဆက် သားတစ်ယောက်ဖြင့် စာတစ်စောင် ပေးလိုက်လေသည်။ ၎င်းစာထဲတွင် ဘီအီးတပ်

သည် မန္တလေးတပ်ဖွဲ့နှင့်ပေါင်းရန် ယခုစာရလျှင်ရချင်း မန္တလေးသို့ ဆုတ်ခွာခဲ့ရန် ဖြစ်လေသည်။

ထိုနေ့မှာပင် ဘီအီးဌာနချုပ်ကို ရေငယ်မှရေချမ်းအိုးသို့ ဆုတ်ကြရသည်။

ဘီအီးတပ်သည်လည်း မတ်လ(၆)ရက်နေ့တွင် ရေးချမ်းအိုးမှ ကံကြီးကုန်းသို့ ဆုတ်ရ၏။

ဘီအီးတပ် ကံကြီးကုန်း (ပြင်ဦးလွင်) သို့ ရောက်သောအခါ မန္တလေးတပ်ဖွဲ့သည် မန္တလေးသို့ တောက်လျှောက် ဆုတ်သွားကြလေသည်။

မတ်လ (၇) ရက်နေ့တွင် (၂၁) မိုင်အောက် ကျောက်ကြမ်းသို့ဆုတ်ခဲ့ရာ ရန်သူက ထက်ကြပ်မကွာ လိုက်လာသည်။ ဓီးပင်ကြီးလမ်းခွဲတွင် တပ်စွဲထားသော ဘီအီးတပ်နှင့် ဗိုလ်ကျော်ဇောခေါင်းဆောင်သော ရဲဘော်ဖြူတပ်စုတို့နှင့် ရန်သူတို့နှင့် တိုက်ပွဲဖြစ်ရာ အင်အားချင်းမမျှသည့်အတွက် ဆုတ်ပေးလိုက်ရသည်။ ညနေ (၃) နာရီလောက်တွင် ရန်သူကမော်တာနှင့် အဝေးကပစ်သည့်အတွက် ဗိုလ်ဟော့ခ်ဆင်သည် မော်တာကျည်ဆံ ထိမှန်သောကြောင့် ထိုနေရာတွင်ပင် ကျဆုံးသွားလေ၏။

မတ်လ (၈) ရက်နေ့တွင် ရှေ့တန်းတပ်မျက်နှာကို ထုံးဘိုတွင် နေရာယူထားစေပြီး တပ်ဖွဲ့ဌာနချုပ်ကို ကျောက်မီးအနား သရက်ခြံတွင် ဆုတ်ခဲ့ကြသည်။ ထိုသရက်ခြံတွင် မတ်လ (၁၀) ရက်နေ့အထိ တပ်စွဲထားကြလေသည်။

မတ်လ (၉) ရက်နေ့တွင် မြစ်ငယ်စစ်မျက်နှာအတွက် ရွှေဘို အမှတ် (၈) စစ်ရဲတပ်ရင်းမှ ဗိုလ်မှူးအောင်ညွန့်အုပ်ချုပ်သော တပ်ခွဲ (၂) ခွဲ စစ်ကူရောက်လာလေသည်။ ထိုအချိန်တွင် မန္တလေးတပ်များသည် ထိန်းသိမ်းမရတော့ဘဲ ဖရိုဖရဲ ဆုတ်ခွာသွားနေကြ၏။ ရွှေဘိုစစ်ရဲတပ်သည် တံခွန်တိုင်တွင် တပ်စွဲထားလေ၏။

မတ်လ (၁၀) ရက်နေ့ညပိုင်းတွင် ရန်သူများ ထုံးဘိုရွာသို့ ရောက်နေကြောင်း သတင်းရ၍ ဘီအီးတပ်ကသွားတိုက်ပြီး မောင်းထုတ်လိုက်ရသည်။ ရဲဘော်ဖြူများနှင့် စစ်ဝန်ထမ်းတပ်ရင်းများသည် မည်သူ့ကိုမျှ အသိမပေးဘဲ ၎င်းတို့သတ်မှတ်ထားသော နေရာများမှ ဆုတ်ခွာသွားကြသည့်အတွက် ညတွင်းချင်းပင် ဘီအီးတပ်မှ ကွက်လပ်များကို ဖြည့်လိုက်ရလေသည်။

မတ်လ (၁၁) ရက်နေ့တွင် ဘီအီးတပ်သည် ရွှေဂံဘုရားရွာအထိ ဆုတ်ခဲ့ရသည်။

မန္တလေးမြို့ကို ရန်သူက အရှေ့ဘက်နှင့် တောင်ဘက်မှ နှစ်ဘက်ညှပ်တိုက်ခိုက်လာသည့်အတွက် ဂဏန်းလက်မကြီးသည်လည်း ညှပ်စပြုလာလေသည်။

မြစ်ငယ်စစ်မျက်နှာတွင် တံခွန်တိုင်၌ တပ်စွဲထားသော ရွှေဘိုစစ်ရဲတပ်ကို ရန်သူသည် ပစ်ခတ်အား လူအင်အားနှင့် ဖိတိုက်လာသောကြောင့် ကြာရှည်ခုခံနိုင်စွမ်းမရှိဘဲ စစ်ကိုင်းဘက်သို့ ဆုတ်ခွာသွားရ၏။

ဘီအိုင်းတပ်သည် မြစ်ငယ်စစ်မျက်နှာဘက်မှ တပ်များဆုတ်ခွာသွားခြင်းကို မသိဘဲ ရွှေဂဲဘွားတွင် ခံစစ်ပြင်ဆင်နေရာယူထားရာ ညနေစောင်းမှ ဗိုလ်မှူးအေးမောင်လာပြီး မြစ်ငယ်ဘက်မှတပ်များ စစ်မျက်နှာဘက်သို့ ဆုတ်သွားကြပြီဖြစ်၍ စစ်ကိုင်းဘက်သို့ဆုတ်ရန် ပြောလေ၏။ ဘီအိုင်းတပ်လည်း ထိုနေ့ညနေမှာပင် စစ်ကိုင်းဘက်သို့ ဆုတ်ခွာသွားကြသည်။

ရရှိသောအခွင့်အရေးကို ယူလိုက်သူကား ကွန်မြူနစ်များသာဖြစ်သည်။ ပွဲလန့်ဖျာခင်းဆိုသလို နန်းတွင်းမှအပ မြို့ထဲတွင် နေရာဝင်ယူလိုက်ကြလေသည်။

ကေအင်ဒီအိုသည် အစိုးရတပ်များ စစ်ကိုင်းဘက်သို့ ဆုတ်ခွာသွားပြီဖြစ်၍ နန်းတွင်းကို အလွယ်တကူ သိမ်းပိုက်လိုက်နိုင်သည်။

မတ်လ (၁၁) ရက်နေ့တွင် မန္တလေးမြို့သည် ရန်သူ၏လက်တွင်းသို့ လုံးဝကျသွားလေတော့သည်။

## အခန်း ( ၁၀ )

# မန္တလေးကို ပြန်လည်သိမ်းပိုက်ရန် စီစဉ်ခြင်း

အစိုးရတပ်များ စစ်ကိုင်းဘက်သို့ ဆုတ်ခွာသွားသောအခါ နန်းတွင်းတွင် ကေအင်ဒီအိုတို့နေ၍ မြို့ပေါ်ရပ်ကွက်များတွင် ကွန်မြူနစ်များ နေကြလေသည်။ နန်းတွင်းတွင် လက်နက်ကိုင်များကို အုပ်ချုပ်သူမှာ ဗိုလ်မှူးဥျန်လှရှိန် ဖြစ်သည်။ လက်နက်ကိုင်များထဲတွင် အမှတ် (၃) ကချင်တပ်ရင်းမှ တပ်ခွဲ (၁) ခွဲလည်း ရှိသည်။ အုပ်ချုပ်သူမှာ ဗိုလ်ကြီးစွန်လွတ်လာ ဖြစ်သည်။ ကချင်တပ်ခွဲသည် ဗိုလ်နော်ဆိုင်းနှင့် သာဝတ္တိမှ မိတ္ထီလာသို့လိုက်ခဲ့ရာမှ ယခုမိတ္ထီလာမှတဆင့် မန္တလေးသို့ ရောက်ရှိနေခြင်း ဖြစ်လေသည်။

စစ်ကိုင်းဘက်သို့ လိုက်မလာဘဲ မန္တလေးတွင် ကျန်ရစ်ခဲ့သော စစ်ရဲတပ်၊ စစ်ဝန်ထမ်းတပ်နှင့် ရဲဘော်ဖြူများသည် ဘုန်းကြီးကျောင်းနှင့် အရပ်ထဲတွင် ပုန်းအောင်းနေကြလေ၏။ အချို့လက်နက်များကို ဘုန်းကြီးကျောင်းထဲ၌ပင် ဝှက်ထားကြလေသည်။

ထောက်လှမ်းရေးတပ်စုဖွဲ့စည်းပြီး မန္တလေးသို့ သတင်းစုံစမ်းရန် လွှတ်လိုက်သည်။ မန္တလေးတွင် ကျန်ရစ်ခဲ့သော ရဲဘော်ဖြူများနှင့် ဆက်သွယ်ပြီး အစိုးရတပ်များ ဝင်လာသောအခါ ပါဝင်တိုက်ခိုက်ရန်ကိုလည်း စည်းရုံးခိုင်းလိုက်၏။

တစ်နေ့တွင် နန်းတွင်းတွင်နေသွားသော ကချင်တပ်ခွဲမှ ဗိုလ်ကြီးစွန်လွတ်လာက ဝင်းလိုက်ဦးကျော်ဝင်းနှင့် အရှေ့တိုင်းနို့ဆီ ဦးစောလှတို့ကို ဗိုလ်မှူးကြင်ထံ လွှတ်၍ အစိုးရတပ်နှင့် ပူးပေါင်းလိုသည့်အတွက် ဆွေးနွေးချင်ကြောင်း ပြောခိုင်းလိုက်၏။

ဦးကျော်ဝင်းတို့သည် စစ်ကိုင်းဘက်သို့လာပြီး ဗိုလ်မှူးကြင်ထံ တင်ပြကြရာ ဗိုလ်မှူးကြင်က ဗိုလ်ကြီးစွန်လွတ်လာကို ခေါ်ခဲ့ရန် ရက်ချိန်းလိုက်လေသည်။

ချိန်းသောရက်တွင် ဦးကျော်ဝင်းတို့နှင့်အတူ ဗိုလ်ကြီးစွန်လွတ်လာလည်း လိုက်လာလေသည်။ ဗိုလ်ကြီးစွန်လွတ်လာက နန်းတွင်းတွင် ကေအင်ဒီအို အနည်းငယ်သာရှိကြောင်း ကချင်များသည် စစ်မတိုက်လိုဘဲ မြစ်ကြီးနားကိုသာ ပြန်လိုကြောင်း၊ ထို့ကြောင့် စစ်ကိုင်းဘက်မှ မြစ်ကြီးနားသို့ပြန်ရန် လမ်းဖွင့်ပေးဖို့ တင်ပြလေ၏။

ဗိုလ်မှူးကြင်က စစ်ကိုင်းဘက်မှ မြစ်ကြီးနားသွားရန် လမ်းမပေးနိုင်ကြောင်း၊ အစိုးရတပ်များ မန္တလေးကို ပြန်လည်တိုက်ခိုက်သောအခါ နန်းတွင်းကို တိုက်ခိုက်ခြင်းမပြုဘဲ သုံးဘက်မှ ဝိုင်းထားမည်ဖြစ်ကြောင်း၊ အရှေ့ဘက်တံခါးမှ ပြင်ဦးလွင်သို့ သွားခွင့်ပေးမည်ဖြစ်ကြောင်း၊ ဧပြီလ (၅) ရက်နေ့ နောက်ဆုံးထား၍ နန်းတွင်းမှ ထွက်ခွာရမည်ဖြစ်ကြောင်း၊ ထွက်ခွာနီးတွင် အလံဖြူကို မြို့ရိုးပေါ်တွင် လွှင့်ခဲ့ရမည်ဖြစ်ကြောင်းကို ပြောပြလိုက်သည်။

နံနက် (၉) နာရီမှ စတင်ဆွေးနွေးကြရာ ညနေ (၃) နာရီမှ ပြီးသည်။ နောက်ဆုံး ဗိုလ်ကြီးစွန်လွတ်လာက လက်ခံသဘောတူသွားလေသည်။ စားစရိတ်တွင် ငွေ ၃၀၀၀ဝ လည်း ပေးလိုက်ရသည်။

ထိုအတောအတွင်း ထောက်လှမ်းရေးဘက်မှ ကွန်မြူနစ်အင်အား ဌာနချုပ်ရုံးတပ်စွဲထားသော နေရာများအသေးစိတ်သတင်းကို ရရှိထားလေသည်။ စစ်ကိုင်းဘက်မှ အစိုးရတပ်များ မန္တလေးဘက်သို့ ကူးလာသည့်အခါ မန္တလေးတွင်ရှိသော ရဲဘော်ဖြူများကို ပြန်လည်ဖွဲ့စည်းပြီး လက်လှမ်းမီရာ ကွန်မြူနစ်စခန်းများကို တိုက်ခိုက်ရန်ကိုလည်း စီစဉ်ပြီး ဖြစ်နေလေသည်။

အခန်း ( ၁၁ )

# မိတ္ထီလာ ပြန်လည်သိမ်းပိုက်ခြင်း

မိတ္ထီလာကို ကေအင်ဒီအိုများသိမ်းပိုက်ပြီး တစ်ပတ်လောက်ကြာသောအခါ ဗိုလ်မှူးတင်မောင် (ဗိုလ်မှူးကြီးအငြိမ်းစား၊ ကွယ်လွန်) အုပ်ချုပ်သော အမှတ်(၆) ဘားမားရိုင်ဖယ် တပ်ရင်းမှ တပ်ခွဲ(၂)ခွဲနှင့် ဗိုလ်မှူးဟစ်ချ်ကော့ (ပြည်ပနေထိုင်၊ ကွယ်လွန်) အုပ်ချုပ်သော အမှတ် (၃)ချင်းတပ်ရင်းမှ တပ်ခွဲ(၃) ခွဲ သာစည်သို့ ရောက်လာပြီး တပ်စွဲထားလိုက်ကြလေသည်။

အမှတ် (၆) ဘားမားရိုင်ဖယ် တပ်ရင်းမှ တပ်ခွဲမှူးများမှာ ဗိုလ်ကြီးတင်ဦး (ဝန်ကြီးဟောင်းဗိုလ်မှူးကြီး) နှင့် ဗိုလ်ကြီးချစ်မောင် (ဗိုလ်မှူးအငြိမ်းစား၊ ကွယ်လွန်) တို့ဖြစ်သည်။ အမှတ် (၃) ချင်းတပ်ရင်းမှ တပ်ခွဲမှူးများမှာ ဗိုလ်ကြီးကောဘီချတ္တရီး (ကွယ်လွန်)၊ ဗိုလ်ကြီးလျှင်ဇွတ်နိုင် (ကွယ်လွန်)၊ ဗိုလ်ကြီးအွန်ပွန်း (ကွယ်လွန်) တို့ဖြစ်သည်။ ဗိုလ်ကြီး ကောဘီချတ္တရီးသည် မတ်လ (၃) ရက်နေ့တွင် ရန်သူ၏မော်တာကျည်ဆံ ထိမှန်သောကြောင့် သာစည်တိုက်ပွဲတွင် ကျဆုံးသွားလေသည်။ ၎င်း၏နေရာတွင် ဗိုလ်ကြီးဘာဂတ်ဗဟာဒူးစူဘား (ကွယ်လွန်) က တာဝန်ယူအုပ်ချုပ်လေသည်။ သာစည် တပ်ဖွဲ့တစ်ခုလုံးသည် “ဆန်း”တပ်ဖွဲ့ဟု အမည်တွင်ခဲ့လေ၏။

မိတ္ထီလာကို ပြန်လည်သိမ်းပိုက်ရန် တိုက်စစ်တစ်ကြိမ် ဆင်နွှဲကြရာ မြို့ထဲအထိပင်ရောက်၏။ သို့သော် ခဲယမ်းမီးကျောက် အမြောက်အများကုန်သည့်အတွက် ဆက်၍တိုက်စစ်မဆင်နိုင်တော့ပေ။ ထို့ကြောင့် သာစည်တွင် ခံစစ်အခိုင်အမာပြင်ဆင်ပြီး တပ်စွဲထားကြလေသည်။

ကေအင်ဒီအိုများသည် မန္တလေး၊ ပြင်ဦးလွင်နှင့် မိတ္ထီလာမှရရှိသော ခဲယမ်းမီးကျောက် စစ်ဝတ်တန်ဆာများကို မီးရထားများဖြင့် တောင်ငူသို့ပို့ရန်ဖြစ်သော်လည်း၊ သာစည်မှ အစိုးရတပ်များက အသေအလဲ ခုခံတိုက်ခိုက်သောကြောင့် မီးရထားဖြင့် ပစ္စည်းများပို့ခြင်းကို လက်လျှော့လိုက်ရလေ၏။

ရန်သူတို့ မိတ္ထီလာမှ ထွက်ခွာမသွားမီ နေ့စဉ်လိုလို သာစည်ကိုသိမ်းပိုက်ရန် တိုက်စစ်ဆင်သော်လည်း အကျအဆုံးများစွာနှင့် ပြန်လည်ဆုတ်ခဲ့ရ၏။ သာစည်တိုက်ပွဲတွင် ဒဏ်ရာရခဲ့သော ရန်သူများကို ပြင်ဦးလွင် စစ်ဆေးရုံသို့ ပို့ပေးရသည်မှာလည်း မနည်းလှပေ။

သာစည်ကို မိတ္ထီလာရှိ ရန်သူတပ်နှင့် တိုက်၍မရသောကြောင့် ဗိုလ်နော်ဆိုင်းနှင့် ပြင်ဦးလွင်မှ လက်ရွေးစင် ကေအင်ဒီအိုများ မိတ္ထီလာသို့ ဆင်းသွားကြသည်။ လက်ရွေးစင်တပ်ကို အမှတ် (၃) ကရင်တပ်ရင်းမှ ဗိုလ်မှူးစောအောင်ဘွဲ့က အုပ်ချုပ်လေသည်။ သို့သော် လက်ရွေးစင်တပ်သည်လည်း အကျအဆုံးများစွာနှင့်ပင် ဆုတ်ခဲ့ရပြန်သည်။

ထိုအချိန်တွင် မန္တလေးကို အစိုးရတပ်များက သိမ်းပိုက်လိုက်သောကြောင့် ရန်သူတို့သည် မိတ္ထီလာတွင် ဆက်လက်နေထိုင်ရန် မဖြစ်တော့ပေ။ ထို့ကြောင့် သာစည်ကိုလက်လျှော့ပြီး သယ်နိုင်သလောက် ခဲယမ်းမီးကျောက်နှင့် အခြားစစ်ပစ္စည်းများကို ကားများဖြင့် တောင်ငူသို့ပို့၍ မိတ္ထီလာမှ ထွက်ခွာသွားကြလေသည်။

မိတ္ထီလာမှ ထွက်ခွာမသွားမီ မယူနိုင်သော ခဲယမ်းမီးကျောက်များကို မီးရထားတွဲများပေါ်တင်ပြီး မီးရထားကို သာစည်ဘူတာသို့ လူမပါဘဲ ခုတ်မောင်းလွှတ်လိုက်၏။ ခဲယမ်းမီးကျောက်များကိုလည်း မီးရှို့လွှတ်လိုက်သည့်အတွက် သာစည်ဘူတာဝင်းသို့ ရောက်သောအခါ ပေါက်ကွဲကုန်ကြသည်။

(မိတ္ထီလာရှိ အမှတ် (၃) ချင်းတပ်ရင်းသည် တင့်ကားပစ် အမြောက်တပ်ကို ပြန်လည်ဖွဲ့စည်းပြီးခါစ ဖြစ်သောကြောင့် တပ်ရင်းတွင် (၆) ပေါင်ဒါ အမြောက် (၂) လက်နှင့် ကျည်ဆံများ၊ (၃) လက်မမော်တာနှင့် ကျည်ဆံအမြောက်အမြား

ရှိနေ၏။ ကေအင်ဒီအိုတို့က အမြောက်နှင့် မော်တာကျည်ဆံများကို ကားများနှင့် သယ်ယူရန် ကားနှင့်ခတ်ဆီ အခက်အခဲရှိသောကြောင့် မီးရထားနှင့် သယ်ယူရန် ကြိုးစားအားထုတ်ခြင်း ဖြစ်ပေ၏။ ရန်ကုန်စစ်မျက်နှာအတွက် ခဲယမ်းမီးကျောက် အမြောက်အမြားလိုအပ်နေရာ ရန်ကုန်စစ်မျက်နှာတွင် တိုက်နေသော ရန်သူတပ် များသည်လည်း သူတို့တွင်ရှိသော အရံကျည်ဆံများပင် အချို့သုံးပြီးဖြစ်နေပါ၍ သူတို့၏ တစ်ခုတည်းသောမျှော်လင့်ချက်မှာ မိတ္ထီလာမှသာ ဖြစ်လေ၏။ ထို့ကြောင့်လည်း အသက်ပေါင်းမြောက်မြားစွာပေးပြီး သာစည်ကိုတိုက်ခြင်းဖြစ်၏။)

ရန်သူများ ထွက်ခွာအသွားတွင် တိုင်းမှူးဗိုလ်မှူးကြီးမောင်မောင်၊ ဗိုလ်မှူး ဒေါ်ဆင်၊ ဗိုလ်မှူးစောမြသိန်း၊ ဗိုလ်မှူးဘာကယ်ရ်၊ ဗိုလ်လူမင်း၊ ဗိုလ်ရဲမြင့်၊ ဗိုလ်ထွန်းအုံတို့ကိုပါ ခေါ်ဆောင်သွားကြသည်။

မိတ္ထီလာကိုမူ မတိုက်ရဘဲ ပြန်လည်ရရှိလေသည်။

မိတ္ထီလာကို ပြန်လည်သိမ်းပိုက်ပြီး တစ်ပတ်လောက်ရှိသောအခါ မိတ္ထီလာမှ ဗိုလ်ကြီးတင်ဦးတပ်ခွဲနှင့် ဂေါ်ရခါးတပ်ခွဲတို့ကို ပဲခူးစစ်မျက်နှာတွင် တိုက်ခိုက်ရန် ရန်ကုန်သို့ ပို့လိုက်ရသည်။

အခွင့်အရေးကို စောင့်နေသော ရဲဘော်ဖြူတို့သည် မိတ္ထီလာတွင် အစိုးရတပ် အင်အား နည်းသွားကြောင်းသိသည်နှင့် မိတ္ထီလာကိုဝိုင်းထားပြီး တိုက်စစ်ဆင်ကြ တော့သည်။

ထိုအချိန်တွင် မိတ္ထီလာတွင် တိုက်ခိုက်နိုင်သော အင်အားမှာ တပ်ခွဲ(၃) ခွဲလောက်သာ ရှိသည်။ ရဲဘော်ဖြူများဘက်မှ ၃၀၀၀ လောက်နီးနီး ရှိလေ၏။

မိတ္ထီလာမှ စစ်ကူတောင်းသည့်အတွက် မန္တလေးတပ်ဖွဲ့မှ ဗိုလ်ကြီးခင်မောင် အုပ်ချုပ်သောတပ်ခွဲကို အနီးစခန်းလေယာဉ်ကွင်းမှ လေယာဉ်ဖြင့် မိတ္ထီလာသို့ ပို့ပေးလိုက်ရသည်။ ထိုတပ်ခွဲတွင် မော်တော်ယာဉ်တပ်မှ ဗိုလ်ပါချွန်ဂါး အုပ်ချုပ် သော တပ်စု (၁) စု၊ ဗိုလ်သင်တန်းကျောင်းမှ တပ်စု (၁) စုနှင့် ဘီးအီးတပ်မှ တပ်စု (၁) စုတို့ ပါသွားသည်။

ဗိုလ်ကြီးခင်မောင်တပ်ခွဲသည် မိတ္ထီလာရောက်လျှင်ရောက်ချင်း ရဲဘော်ဖြူ များကို တရကြမ်းဝင်တိုက်သည့်အတွက် ရဲဘော်ဖြူများ ဆုတ်ခွာထွက်ပြေးရလေ၏။

အခန်း ( ၁၂ )

## ဗိုလ်မှူးတင်မောင် (သိပ္ပံမှူးတင်) ပြောသော ပြင်ဦးလွင်နှင့် ကေအင်ဒီအို

"ပြင်ဦးလွင် ကရင်မဝင်မီလေးလခန့်တွင် ကျွန်တော် ပြင်ဦးလွင်က အိုတီအက်စ်၌ အင်ဂျင်နီယာနည်းပြအဖြစ် အမှုထမ်းနေစဉ် မတော်တဆမှု ဖြစ်ပါသည်။ ကွန်မြူနစ်တို့ ရန်မူမည့်စာရင်းတွင်ပါနေ၍ ပွိုင့် ၃၂ ပစ်စတိုယမ်းထိုး၊ အန္တရာယ်ခလုတ်ဖွင့်၍ မော်တော်ဆိုင်ကယ်စီးစဉ် လဲ၍ ကျည်ထွက်ကာ ပေါင်ရင်းမှ ဗိုက်တွင်းဝင်သွားပါသည်။ သုံးလခန့် ခွဲစိတ်ကုသ၍ မသေဖြစ်ပါ။ ယနေ့တိုင် ကျည်ဆံမှာ ခါးတွင်း၌ ရှိပါသေးသည်။




သူရမချစ်ပို၏ အလောင်းကို ရေတွင်းထဲမှ ပြန်လည်ဆယ်ယူပြီး၊ သင်္ဂြိုဟ်ပေးခဲ့သော ဘီအိုင်တပ်မှ ဗိုလ်မှူးတင်မောင် (သိပ္ပံမှူးတင်)

ဆေးရုံမှဆင်းပြီး မကြာမီ ပြင်ဦးလွင် ကရင်ဝင်ပါသည်။ ထိုနေ့တွင် အိုတီအက်စ် ကျောင်းအုပ်မရှိပါ။ မိတ္ထီလာ၌ ကရင်အဖမ်းခံနေရပါသည်။ နည်းပြဖြစ်၍ ကျွန်တော်တပ်လက်ကိုင်မရှိ။ ကရင်ဝင်ကြောင်း သိသည်နှင့် ကျွန်တော် သံချောင်းမွှေခေါက်ပြီး သရုပ်ပြတပ်စု

အား (ကျွန်တော့်တပ်မဟုတ်) မည်သူ့အမိန့်မျှမယူဘဲ ကျွန်တော်ကိုယ်တိုင် ကျောက်တောင်ပေါ်သို့ ခံစစ်တင်ခဲ့ပါသည်။

ဂျပန်သင်ပေးလိုက်သည့် စစ်ပညာအရ High Ground အမြင့်နေရာကို တက်ယူခြင်းဖြစ်သည်။ ထို့ပြင် မြို့ဦးစေတီထိပ်ပေါ် ကိုယ်တိုင်တက်၍ ဘရင်း သေနတ်တင်ပြီး သေနတ်သမားအား လာသူရန်သူဟူသရွေ့ ပစ်မိန့်ပေးခဲ့ပါသည်။ မြို့ဦးစေတီမှဆင်းပြီး ကျောက်တောင်ပေါ်တက်ရာ တပ်သားတစ်ဝက်မှာ ကချင် စစ်ဗိုလ်နှင့် ကရင်ဘက်တောခိုကြပါသည်။ တောင်မှဆင်း၍ခေါ်ရာ ဘုရားပေါ်မှ ဘရင်းနှင့်ပစ်၍ ကျွန်တော်ဆုတ်ခဲ့ရသည်။ တောင်ပေါ်ပြန်တက်သောအခါ ကျန် တစ်ဝက်မှာလည်း မရှိတော့ပေ။ ကျောင်းအုပ်ချုပ်သူမှခေါ်၍ လက်နက်ချခိုင်းသည်။ တပ်အများမှာ မနာခံဘဲ တိမ်းရှောင်ကြသည်။ ကျွန်တော့်မှာ ဒုကျောင်းအုပ်နှင့် အတူ ကေအင်ဒီအိုတို့၏ အဖမ်းခံရသည်။



ပြင်ဦးလွင် ကရင်လက်နက်ကိုင်များသိမ်းပိုက်စဉ် အဖမ်းခံခဲ့ရသော ဗိုလ်မှူးတင်မောင် (သိပ္ပံမှူးတင်) မေမြို့ချစ်ဆွေနှင့်အတူ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ စာဆိုနေ့အခမ်းအနားတွင် တွေ့မြင်ရပုံ

ကေအင်ဒီအိုများ ဆုတ်သွားသောအခါ ကျွန်တော်တို့အရာရှိ ဖမ်းထားသူ များကို ထားခဲ့သည်။ လွတ်သည့်နေ့တွင် ကားတစ်စင်းနှင့် ကေအင်ဒီအိုထားခဲ့သော အချုပ်စခန်းမှ ရဲဘော်များ အရပ်သားများကို သော့ဖွင့်လွတ်ပေးခဲ့သည်။ ဗဟို အင်ဂျင်နီယာတပ်တွင် မည်သူမျှမရှိ။ ကေအင်ဒီအိုကို ခုခံတိုက်ခိုက်သည့်တပ်အဖြစ် ထွက်သွားကြကာ မန္တလေး၌ ဘီအီးတပ်အဖြစ် တိုက်ခိုက်နေကြသည်။ အချုပ်ထွက်

ဘီအီးတပ်သားများ ပုန်းအောင်းနေသော ဘီအီးတပ်သား စုစုပေါင်း ၁၀၀ ခန့်နှင့် ဘီအီးစကွပ်ဒရွန် B.E Squadron ဟူ၍ဖွဲ့ကာ ပြင်ဦးလွင်–မန္တလေးတွင် ကေအင်ဒီအို ဖောက်ခွဲခဲ့သော တံတားများကို ကျွန်တော် ဦးဆောင်ပြင်ရပါသည်။ အကြီးဆုံးမှာ နားတောင်းကျချောင်း တံတားဖြစ်၍ ပေ ၁၁၀ ဘေလီတံတားကို ၇ ရက်နှင့် အပြီးဆောက်ပေးနိုင်ခဲ့ပါသည်။

ပြင်ဦးလွင်ကို ကေအင်ဒီအိုသိမ်းရာတွင် ဘီအီးတပ်မှ ခေါင်းဆောင်ပြီး စွမ်းစွမ်းတမံ ခုခံခဲ့သည်။ ထိုစဉ်တွင် ရဲဘော်တစ်ဦး၏ဇနီးမှာ ကေအင်ဒီအိုတပ်များ အကြောင်း ရဲဝံ့စွာ ကိုယ်တိုင်ကင်းထောက်မှု ပြုခဲ့သည်။ ကေအင်ဒီအိုများ သိသွားသောအခါ သတ်ပြီး ရေတွင်း၌ချခဲ့သည်။ ကေအင်ဒီအိုလက်မှလွတ်ပြီး တပ်ပြန် ဖွဲ့သောအခါ မချစ်ပို (သူရမချစ်ပို) ၏အလောင်းကို ဆယ်ယူပြီး ကျွန်တော်ဦးစီး၍ သူ့ရဲကောင်းအဖြစ် စစ်အခမ်းအနားဖြင့် ကျွန်တော် ဂူသွင်း သင်္ဂြိုဟ်ခဲ့ပါသည်။ ထိုပွဲသို့ အရပ်ဘက်၊ စစ်ဘက်အရာရှိကြီးများကို ကျွန်တော် ဖိတ်ကြားခဲ့ပါသည်။

ကရင်ဝင်သည့်နေ့၌ မိမိလက်ကိုင်တပ် ကိုယ်ပိုင်တပ်မရှိသော အင်ဂျင်နီယာ နည်းပြတစ်ဦးအနေနှင့် မြို့ဦးစေတီပေါ် ဘရင်းတင်ခြင်း၊ ကျောက်တောင်ပေါ် ခံစစ်ကိုယ်တိုင်တက်တင်ခြင်းဟူသည့် တုံ့ပြန်ချက်များကို ကျွန်တော် ယနေ့တိုင် စိတ်ကျေနပ်လျက် ရှိပါသေးသည်။ မတော်တဆ သေနတ်လွတ်ကျပြီးမှန်၍ ဗိုက်ခွဲ ကုသကာ ဆေးရုံဆင်းကာစ နာလန်ထကာစ၌ အပြေးအလွှား ခံစစ်နေရာယူနိုင်ခဲ့ သည်ကိုလည်း ကျေနပ်သည်။ ထိုအချိန်ထိ ကျွန်တော်တိုက်ပွဲဝင်ခဲ့ဖူးခြင်း မရှိပါ။ အရေးပေါ်သောအခါ တိုက်ပွဲဝင်ရန် အသင့်ဖြစ်နေခဲ့မိသည်မှာ စစ်ပညာသင်ပေး လိုက်သော ဆရာသမားတို့၏ ကျေးဇူးပင်ဖြစ်ပါသည်။ ကျောက်တောင်မှဆင်း လာပြီး နောက်ဆက်တွဲဖြစ်ရပ်များ၌ ကျွန်တော်ဆုံးဖြတ်ပိုင်ခွင့် မရှိခဲ့သည်ကို ယနေ့တိုင် စိတ်မကောင်း ဖြစ်ရပါသေးသည်။”


အခန်း ( ၁၃ )

## ပြင်ဦးလွင်နှင့် မန္တလေးမြို့များကို ကေအင်ဒီအိုလက်မှ ပြန်လည်သိမ်းပိုက်ခဲ့ပုံ ဒုဗိုလ်မှူးကြီးဘဖြူပြောကြားပုံ

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒုတိယဗိုလ်မှူးကြီးမောင်မောင် အဖမ်းခံရပြီးနောက်တွင် Mandalay Forces Commander အဖြစ် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်လက်အောက်ရှိ တပ်များကို ကွပ်ကဲခဲ့သူမှာ ဗိုလ်မှူးကြင်ပင် ဖြစ်သည်။ ၎င်းသည် မန္တလေးမြို့ကို ဗိုလ်မှူးဘဖြူနှင့်အတူ တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီးနောက် ရှမ်းပြည်တောင်ပိုင်း တောင်ကြီးမြို့အနီး ကရင်မရေထွက် တစ်ဝိုက်၌ဖြစ်ပွားသောတိုက်ပွဲတွင် ကျဆုံးခဲ့ရသည်။ ပြင်ဦးလွင်နှင့် မန္တလေးမြို့များအား ပြန်လည်သိမ်းပိုက်ခဲ့ပုံများကို ဒုတိယဗိုလ်မှူးကြီး ဘဖြူ(အငြိမ်းစား)က အောက်ပါအတိုင်း အကျဉ်းချုပ်ပြောပြခဲ့သည်။

"၁၉၄၉ ခုနှစ်တွင် ကျွန်တော်သည် ဗိုလ်မှူးအဆင့်ဖြင့် ပြင်ဦးလွင်ရှိ ဘီအီး Burma Engineers တပ်တွင် တပ်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ကျွန်တော်၏လက်အောက်တွင် ဗိုလ်ထင်ပေါ်နှင့် ဗိုလ်ကျော်ဇေတို့ ရှိခဲ့သည်။ ဗိုလ်နော်ဆိုင်းဦးစီးသော ကရင်၊ ကချင် ပူးပေါင်းအဖွဲ့သည် မိတ္ထီလာမှ

လေယာဉ်ပျံ တစ်စင်းအား ဖမ်းဆီး၍ စစ်ရုံးချုပ်မှ အရာရှိများဟန်ဆောင်ကာ အနီးစခန်း လေယာဉ်ကွင်းသို့ ရောက်လာခဲ့သည်။ ၎င်းအဖွဲ့သည် ပြင်ဦးလွင်တွင်ရှိ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အား သိမ်းပိုက်၍ ပြင်ဦးလွင်တွင်ရှိကြသော တပ်ဖွဲ့များအား လက်နက်ချခိုင်းသည်။ အချို့တပ်များ လက်နက်ချခဲ့ကြပြီး အချို့တပ်များ ပတ်ဝန်းကျင်သို့ ရှောင်တိမ်းခဲ့ကြသည်။ ကျွန်တော်ဦးဆောင်သော ဘီအီးတပ်သည် လက်နက်မချဘဲ အင်အားစုစည်း၍ ရေငယ်ဘက်သို့ ဆုတ်ခွာခဲ့ပါသည်။ ရေငယ်တွင် တပ်ခွဲတစ်ခွဲဖွဲ့စည်း၍ ကျွန်တော်ဦးဆောင်ပြီး လားရှိုးမြို့သို့ ချီတက်ခဲ့ပါသည်။ လားရှိုးရောက်လျှင် လေယာဉ်ကွင်းအား ဦးစွာသိမ်းပိုက်ခဲ့ပါသည်။ ထိုသို့သိမ်းပိုက်ပြီး ဘီအီးတပ်မှ အရာရှိပါသည့် လေယာဉ်သာ ဆင်းသက်ခွင့် ပြုမည်ဖြစ်ကြောင်း ပြင်ဦးလွင်ကဲ့သို့ မဖြစ်စေရအောင် စီမံခဲ့သည်။ ထိုအချိန်တွင် လေယာဉ်ကွင်း၌ ဘီအမ်ပီ (B.M.P) လေယာဉ်တစ်စင်းသာရှိပြီး လေယာဉ်မောင်းသူများမှာ မျက်နှာဖြူ (အင်္ဂလိပ်) များ ဖြစ်ပါသည်။ ကျွန်တော်တို့ ဗိုလ်ထင်ပေါ်အား ၎င်းလေယာဉ်ဖြင့် ရန်ကုန်သို့ သွားရောက်ရန်နှင့် ရန်ကုန်ရောက်လျှင် ဗိုလ်ချုပ်နေဝင်းထံ သွားရောက်သတင်းပို့ရန် စီမံဆောင်ရွက်ခဲ့သည်။ မျက်နှာဖြူလေယာဉ်မောင်းများက ဗမာစစ်ဗိုလ်အား မတင်ဆောင်နိုင်ကြောင်း ငြင်းဆိုသဖြင့် ကျွန်တော်က မျက်နှာဖြူ လေယာဉ်မောင်းအား သေနတ်ဖြင့်ချိန်၍ ဗိုလ်ထင်ပေါ်အား ရန်ကုန်သို့ပို့ရန် အတင်းအဓမ္မခိုင်းမှ လေယာဉ်မှူးများသည် ဗိုလ်ထင်ပေါ်အား လေယာဉ်ပေါ် တင်၍ ရန်ကုန်သို့ ထွက်ခွာသွားခဲ့သည်။ ကျွန်တော်သည် ကျွန်တော့်တပ်ခွဲနှင့် အတူ လားရှိုးမြို့တွင် ဗိုလ်ဖေအောင်ဦးစီးသည့် ယူအမ်ပီ (U.M.P) (Union Military Police) တပ်ခွဲနှင့် ပူးပေါင်းနေခဲ့ပါသည်။ နောက်တစ်နေ့တွင် ရန်ကုန်သို့ သွားရောက်ခဲ့သော ဗိုလ်ထင်ပေါ်သည် လေယာဉ်ဖြင့် လားရှိုးသို့ ပြန်လည် ရောက်ရှိလာပြီး ဗိုလ်ချုပ်နေဝင်းထံမှ ညွှန်ကြားချက် ယူဆောင်လာခဲ့သည်။ ယင်းညွှန်ကြားချက်တွင် တပ်များစုစည်း၍ ပြင်ဦးလွင်နှင့် မန္တလေးအား ပြန်လည် တိုက်ခိုက်သိမ်းပိုက်ရန် ပါရှိခဲ့သည်။ ဗိုလ်မှူးစောအံ့၏ တပ်များလည်း လားရှိုးသို့လာမည်ဟု သိရသော်လည်း မတွေ့ရှိရပါ။ ကျွန်တော်သည် ကျွန်တော့် တပ်ခွဲနှင့်အတူ နောက်တစ်နေ့တွင် လားရှိုးမှရေငယ်သို့ ပြန်လည်ချီတက်ပါသည်။



ဗိုလ်ကျော်ထွန်းတင် (စစ်ရဲ)ဦးဆောင်သောတပ်ဖွဲ့၊ မန္တလေးကိုသိမ်းပိုက်ထားသော ကရင်များလက်မှ ပြန်လည်သိမ်းပိုက်ခဲ့ပြီးနောက် မန္တလေးနန်းတွင်း သို့ အရှေ့ဖက်တံခါးမှ ဝင်လာစဉ်

ရေငယ်မှ အဖွဲ့နှင့်ပေါင်း၍ ပြင်ဦးလွင်သို့ ဝင်ရောက်တိုက်ခိုက်ပါသည်။ ဤသို့တိုက်ခိုက်ရာတွင် မြို့တွင်း၌ ပုန်းအောင်းနေသော ရဲဘော်များကလည်း ဝိုင်းဝန်းတိုက်ခိုက်ကြပါသည်။ ထိုသို့ တိုက်ခိုက်ရာတွင် ဘီအီးတပ်မှ ထမင်းချက်ရဲဘော်လှမောင်၏ဇနီး မချစ်ပိုသည် ယောကျ်ားနည်းတူ လိုက်လံတိုက်ခိုက်ပါသည်။ မချစ်ပိုသည် အံ့ပွားများပါပြီး စွမ်းသည်ဟု ပြောကြပါသည်။

လက်ပစ်ဗုံးများကို ခါးတွင်ပတ်ပြီး ကေအင်ဒီအိုများအား လိုက်လံတိုက်ခိုက်သည်ဟု သိရပါသည်။ ပြင်ဦးလွင်တွင် ကေအင်ဒီအိုနှင့် ၎င်း၏ဩဇာခံများ၊ ကေအင်ဒီအိုများ ထိန်းသိမ်းထားသူအပါအဝင် တစ်ထောင်ကျော် နှစ်ထောင်ရှိသဖြင့် ဘယ်လိုမှ တိုက်ခိုက်၍မရပါ။ တိုက်မရ၍ အနီးစခန်းဘက်သို့ ဆုတ်ခွာခဲ့ရပါသည်။

အနီးစခန်းမှတစ်ဆင့် ကျွန်တော်တို့ မန္တလေးသို့ ဆုတ်ခွာလာခဲ့ပါသည်။ ထိုအခါတွင် ကေအင်ဒီအိုများက မန္တလေးမြို့အား သိမ်းပိုက်ထားပြီး ကွန်မြူနစ်များကလည်း အချို့နေရာတွင် ရုံးဖွင့်၍ အုပ်ချုပ်နေကြပါသည်။ အချို့နေရာများတွင် ရဲဘော်ဖြူများက အုပ်ချုပ်နေကြပါသည်။ နေရာအတော်များများကတော့ ကေအင်ဒီအိုများ သိမ်းပိုက်ထားပါသည်။ ကျွန်တော်တို့သည် စစ်ကိုင်းသို့ ချီတက်ပြီး မန္တလေးအား ပြန်လည်တိုက်ခိုက် သိမ်းပိုက်နိုင်အောင် တပ်များပြန်လည်စုစည်းခဲ့ပါသည်။ တပ်များစုစည်းရာတွင် ဗိုလ်မှူးကြင်တို့အဖွဲ့လည်း ရောက်ရှိလာပါသည်။ ကရင်ဖမ်းခြင်းမှ ထွက်ပြေးလွတ်မြောက်လာသူ ဗိုလ်မှူး ထွန်းစိန်


တို့လည်း တွေ့ရပါသည်။ ရဲဘော်ဖြူများက မိမိတို့တပ်မတော်နှင့် ပူပေါင်းပြီး ကေအင်ဒီအိုကို တိုက်မည်ဟု ပြောလာပါသည်။ ကွန်မြူနစ်တွေကတော့ ကေအင်ဒီအိုကို မတိုက်နိုင်ဟု ပြောပါသည်။

မန္တလေးမြို့ကို ပြန်တိုက်ရန် စီစဉ်သောအခါ ဗိုလ်မှူးကြင်နှင့် အဖွဲ့က အင်းဝတံတားမှတစ်ဆင့် အမရပူရ၊ ၎င်းမှ မန္တလေးသို့ ဝင်တိုက်ရန် စီစဉ်ပါသည်။ ကျွန်တော်တို့တပ်ဖွဲ့သည် စစ်ကိုင်းမှ မင်းကွန်းသို့ ချီတက်ပါသည်။ မင်းကွန်းမှ ဧရာဝတီမြစ်ကို ဖြတ်ကူးပြီးနောက် မတ္တရာမြို့၏အောက် ပိုဝရွာသို့ ရောက်ရှိလာပါသည်။ ပိုဝရွာမှ မန္တလေးဘက်သို့ ချီတက်ပြီး မန္တလေးတောင်ကို တိုက်ခိုက်သိမ်းပိုက်ပါသည်။ မန္တလေးတောင်ကို တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ၎င်းမှတစ်ဆင့် မြင်းပြိုင်ကွင်းကိုဖြတ်ပြီး နန်းတွင်းသို့တိုက်ပါသည်။ ကေအင်ဒီအိုများသည် နန်းတွင်းအရှေ့ပေါက်မှထွက်ပြီး ပြင်ဦးလွင်ဘက်သို့ ဆုတ်ခွာသွားပါသည်။ ဗိုလ်မှူးကြင်တို့ကလည်း အမရပူရဘက်မှ တိုက်၍လာပါသည်။ မန္တလေးနာရီစင် အနီးရောက်ရှိရာတွင် မန္တလေးမြို့သူ မြို့သားများက ပန်းစည်းများဖြင့် ကြိုဆိုကြောင်း သိရပါသည်။ တပ်မတော်အနေနှင့် မန္တလေးတစ်မြို့လုံးကို ပြန်လည်သိမ်းပိုက်ခဲ့ပါသည်။



မန္တလေးကို ကေအင်ဒီအိုများလက်မှ သိမ်းပိုက်ရန် အစိုးရတပ်ပေါင်းစုံမှ ဝင်ရောက်လာစဉ် နာရီစင် အနီး ချီတက်လာပုံ

ဤသည်မှာ မန္တလေးနှင့် ပြင်ဦးလွင်တို့၏ သောင်းကျန်းမှုခေတ်ကာလက ဖာတ်ကြောင်းမှန်ပင် ဖြစ်ပေသည်။ ဗိုလ်မှူးဘဖြူ ပြောပြသည့် တိုက်ပွဲများမှ စွန့်စွန့်စားစား တိုက်ခိုက်သွားခဲ့သော


သူရမချစ်ပိုရရှိခဲ့သော သူရဘွဲ့တံဆိပ်

မျိုးချစ်များ၏ သူရဲကောင်းပီသသော သမိုင်းဇာတ်ကြောင်းများမှာလည်း အောက်မေ့ဖွယ်ရာ ဖြစ်ပေသည်။ နိုင်ငံတော်အစိုးရ ပြည်ထဲရေးဌာနမှ ၁၉၆၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော ၁၉၄၉ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ် သင်္ဂဟ၊ အဆောင်အယောင် ဘွဲ့တံဆိပ်များဖြင့် ချီးမြှင့်ခြင်းခံရသူများ၏ အမည်စာရင်းတွင်လည်း ပြင်ဦးလွင်တိုက်ပွဲများ၌ ပါဝင်ခဲ့သော ဘီအီးတပ်မှ ထမင်းချက် တပ်သားလှမောင်၏ ဇနီးအမည်ကိုလည်း ဖော်ပြထားသည်ကို တွေ့ရပေသည်။ "သူရ" စွမ်းရည်ဘွဲ့စာရင်း အမှတ်စဉ် (၄၄) တွင် မချစ်ပို (ကွယ်လွန်သူ) ထုံးဘိုရပ် ပြင်ဦးလွင်ဟု ဖော်ပြထားပေသည်။ တိုက်ပွဲတွင် ရှုပ်ရှုပ်ရှက်ရှက် တိုက်ခိုက်ပြီးနောက် ကျဆုံးခဲ့ရသူ အာဇာနည်အမျိုးသမီး တစ်ဦးအား ဂုဏ်ပြုချက်ပင် ဖြစ်ပေသည်။

အခန်း ( ၁၄ )

## လားရှိုးကို ပြန်လည်သိမ်းပိုက်ခြင်း

ဝန်ကြီးချုပ်ဦးနုသည် မြစ်ကြီးနားသို့သွားကာ ကချင်လူကြီးများကို စည်းရုံးပြီး ဗိုလ်မှူးကြီးလဇွန်တန် (ယခုဗိုလ်မှူးကြီး အငြိမ်းစား) ကို ကချင်တပ်ရင်းများအား ဦးဆောင်စေပြီး လားရှိုးကို ပြန်လည်သိမ်းပိုက်ပေးရန် ပြောလိုက်လေ၏။

တဖန် ဗိုလ်မှူးကြီးလဇွန်တန်က အရာရှိများကို အရာရှိရိပ်သာသို့ ဖိတ်ခေါ်ပြီး မိမိတို့သည် တိုင်းပြည်အပေါ် သစ္စာရှိရမည်။ အစိုးရကို ပုန်ကန်သူမှန်သမျှ မိမိတို့၏ ရန်သူသာဖြစ်သည်။ မိမိတို့၏တာဝန်မှာ ရန်သူကိုတိုက်ရန်ဖြစ်သည်။ အရာရှိများသည် စိတ်ဇဝေဇဝါဖြစ်ရန်မလို။ ယခုရောက်ရှိနေသော အရာရှိများသည် စစ်တိုက်လိုစိတ်ရှိမရှိ သိချင်ကြောင်းပြောပြီး အရာရှိများအားလုံးကို တန်းစီလိုက်လေ၏။

အရာရှိများ တန်းစီပြီးသောအခါ ဗိုလ်မှူးကြီးက အရာရှိများကို သတိဟု အမိန့်ပေးလိုက်လေ၏။ ထို့နောက် စစ်တိုက်လိုသောအရာရှိများ ရှေ့တစ်လှမ်းတက်ဟု အမိန့်ပေးရာ အရာရှိများအားလုံး ရှေ့သို့ တစ်လှမ်းတက်ကြလေ၏။ တဖန် စစ်မတိုက်လိုသောအရာရှိများ နောက်တစ်လှမ်းဆုတ်ဟု အမိန့်ပေးပြန်ရာ တစ်ယောက်မျှ နောက်မဆုတ်ဘဲ နေကြလေ၏။

ဗိုလ်မှူးကြီးက "ဒီလိုဆိုရင် သဘက်ခါ လားရှိုးချီတက်မယ် အားလုံးကို အဆင့်သင့်လုပ်ထား" ဟု ပြောပြီး ပြန်လွှတ်လိုက်သည်။

ထိုအချိန်က လားရှိုးတွင် ရဲဘော်ဖြူအမည်ခံ ရောင်စုံလက်နက်ကိုင်တို့ ကြီးစိုးမင်းမူနေကြခိုက် ဖြစ်လေသည်။

မတ်လကုန်ခါနီးတွင် အမှတ် (၃) ကချင်တပ်ရင်းကို ဗိုလ်မှူးကြီးလဇွန်တန် ခေါင်းဆောင်၍ လားရှိုးသို့ ချီတက်ကြလေသည်။ တပ်မှူးမှာ ဒုဗိုလ်မှူးကြီး ဇော်ဂမ်း (ယခုကွယ်လွန်) ဖြစ်လေ၏။

အမှတ် (၃) ကချင်တပ်ရင်းသည် လားရှိုးသို့ချီတက်လာစဉ် ဗိုလ်ကြီးစစ်အုံ (ယခု ဗိုလ်မှူးကြီးအငြိမ်းစား နမ္မတူမိုင်း) သည် ရန်ကုန်မှ လားရှိုးသို့ ရောက်လာပြီး ရှမ်းများကို သိန္နီစော်ဘွားကြီး (ထိုအချိန်က အထူးတိုင်းမင်းကြီးစဝ်ဟုန်ဖ ယခု ကွယ်လွန်)၏ အကူအညီဖြင့် စည်းရုံး၍ လက်နက်များ တပ်ဆင်ပေးလေ၏။ ရှမ်းတပ်ဖွဲ့တွင် ပြင်ဦးလွင် ရှမ်းတပ်ရင်းမှ ပြေးလာသော တပ်သားများ၊ စစ်ရဲများ၊ ရှမ်းရဲများနှင့် အရပ်သားများ ပါဝင်ကြလေသည်။

ဗိုလ်ကြီးစစ်အုံခေါင်းဆောင်သော လက်နက်ကိုင်ရှမ်းတပ်ဖွဲ့က ရောင်စုံလက်နက်ကိုင်တို့ကို ပြန်လည်တိုက်ခိုက်နေစဉ် အမှတ်(၃) ကချင်တပ်သည် လားရှိုးသို့ ဝင်လာသည်။ ခုခံမှု အနည်းငယ်သာရှိပြီး လားရှိုးကို ပြန်လည် သိမ်းပိုက်လိုက်၏။

ထို့နောက် နယ်အရာရှိများကိုခေါ်ပြီး နောက်တစ်ရက်မှစ၍ အလုပ်လုပ်ကြစေရာ မြို့ပေါ်တွင် အေးအေးဆေးဆေးနှင့် နဂိုအခြေအနေအတိုင်း ပြန်ဖြစ်လာပြီး စည်ကားလာတော့သည်။



ပြင်ဦးလွင် ကေအင်ဒီအိုလက်မှ ပြန်လည်သိမ်းပိုက်ခဲ့သော ဗိုလ်မှူးချုပ်လဇွန်တန်

လားရှိုးသိမ်းပြီး တစ်ပတ်လောက်အကြာတွင် ဝန်ကြီးချုပ်ဦးနု လားရှိုးသို့ ရောက်လာပြန်သည်။ စစ်ရဲတပ်သည် စည်းကမ်းမရှိဘဲ ထိန်းသိမ်းမရ တပ်ပျက်ကြီးလို ဖြစ်နေသည့်အတွက် လောလောဆယ် စစ်ရဲတပ်ကို ပြန်လည်ဖွဲ့စည်းရန် လိုအပ်သောကြောင့် အမှတ်(၃) ကချင်တပ်ရင်းမှူးကို ဒုစစ်ရဲချုပ်ခန့်ပြီး ဗိုလ်မှူးကြီးရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်လေသည်။

ဗိုလ်မှူးနော်တောင်းကို အမှတ် (၁) ကချင်တပ်ရင်းမှူးခန့်၍ ဒုဗိုလ်မှူးကြီးရာထူးသို့ တိုးမြှင့်ပေးလိုက်သည်။

ဗိုလ်မှူးကြီးလဇွန်တန်ကို ဗိုလ်မှူးချုပ်ရာထူးသို့ တိုးမြှင့်ပေးလိုက်ပြီး ပြင်ဦးလွင်ကို ဆက်လက်တိုက်ခိုက် သိမ်းပိုက်ရန် ညွှန်ကြားလေ၏။

အခန်း ( ၁၅ )

# တောင်ကြီးကို ကေအင်ဒီအိုသိမ်းခြင်းနှင့် ဗိုလ်မှူးကြင် ကျဆုံးခြင်း

၁၉၄၉ ခုနှစ်၊ ဩဂုတ်လ (၁၁) ရက်နေ့တွင် ကေအင်ဒီအိုများ တောင်ကြီးမြို့ကို သိမ်းပိုက်လိုက်သည်။

၁၉၄၉ ခုနှစ်တွင် ဗိုလ်မှူးကြင်သည် တောင်ကြီးကို ပြန်လည်သိမ်းပိုက်ရန်အတွက် ဗိုလ်မှူးသောင်းကြည်တို့နှင့်အတူ အစောင့်တပ်သား အနည်းငယ်ဖြင့် တောင်ကြီးသို့ ယာဉ်တန်းဖြင့် တက်သွားကြသည်။

တောင်ကြီးတက်သော ကားလမ်းတွင် တစ်ဆစ်ချိုး ကွေ့သောနေရာများသည် ချုံခိုတိုက်ခိုက်ရန် အလွန်ကောင်းသော နေရာများဖြစ်သည်။ တက်လာသောတပ်များကို မလွတ်တမ်းပစ်နိုင်သည်။

တောင်ပေါ်သို့ ရောက်ခါနီး တစ်ဆစ်ချိုးကွေ့ ရောက်သောအခါ ရန်သူကနစ်ဖက်ညှပ်ပြီး တရစပ်ပစ်ပါတော့သည်။ ဗိုလ်မှူးကြင်မှာ ပထမပစ်လိုက်သောအချိန်မှာပင် ကျည်ဆံထိမှန်ပြီး မှောက်လျက်လဲကျသွားသည်။ ဗိုလ်မှူးသောင်းကြည်နှင့် လိုက်ပါလာသော တပ်သားတို့မှာလည်း ပြန်ပစ်ရန် အချိန်မရဘဲ လမ်းတစ်ဖက်ချောက်ထဲသို့ လှိမ့်ချလိုက်သောကြောင့် ရန်သူ၏ကျည်ဆံမှ လွတ်မြောက်သွားခြင်းဖြစ်သည်။ ချောက်ကလည်း ပေ (၈၀) လောက်နက်ပါသည်။ ဗိုလ်မှူးကြင်၏အလောင်းကို ကောက်ရန်မလွယ်တော့ပါ။

## ၅ ယောက်မြောက် မ ပ ခ တိုင်းမှူး ဗိုလ်မှူးကြီးဘရိတ် တောင်ကြီးမြို့ကို ပြန်လည်သိမ်းပိုက်

ဗိုလ်မှူးကြင် ကျဆုံးပြီးနောက် ဩဂုတ်လ (၃၀) ရက်နေ့တွင် ဗိုလ်မှူးကြီး ဒီအေဘရိတ် ပြင်ဦးလွင်တွင် မပခ တိုင်းသို့ ပြောင်းလာသည်။

ဗိုလ်မှူးကြီးဘရိတ်သည် တောင်ကြီးမြို့အား ပြန်လည်သိမ်းပိုက်ရန် ထိုးစစ်ဆင်ခဲ့ရာ ၁၉၄၉ ခုနှစ်၊ နိုဝင်ဘာလ (၁၉) ရက်နေ့တွင် ကေအင်ဒီအိုလက်မှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။

အခန်း ( ၁၆ )

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးကြီးမောင်မောင်နှင့် အရာရှိများ လွတ်မြောက်လာပုံ

ကေအင်ဒီအိုများသည် မိတ္ထီလာကို အစိုးရတပ်က သိမ်းခဲ့သော်လည်း မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးကြီးမောင်မောင်နှင့် အရာရှိများအား လွှတ်ပေးခြင်းမရှိဘဲ တောင်ငူကေအင်ဒီအိုများထံသို့လည်းကောင်း၊ ၁၉၅၀ ပြည့်နှစ်၊ မတ်လ ၁၉ ရက်နေ့တွင် တောင်ငူမြို့ကို အစိုးရတပ်များ ပြန်လည်သိမ်းပိုက်ခဲ့သော်လည်း သူတို့သိမ်းပိုက်ထားသည့် တောင်ငူနှင့် မော်ချီးလမ်းပေါ်ရှိ ရေသိုးကြီးစခန်းသို့ ခေါ်ဆောင်သွားပြီး ဆက်လက်ချုပ်နှောင်ခဲ့ပြန်သည်။

၁၉၅၁ ခုနှစ်၊ ဇွန်လ ကုန်ခါနီးလောက်တွင် အမှတ် (၅) ဗမာ့သေနတ်ကိုင်တပ်ရင်းမှ လက်ရွေးစင် တပ်မတော်သားများနှင့် ဒေသခံသစ္စာရှိ ကရင်အရပ်သားများ၊ ရန်ကုန်ဘဆွေ (စာရေးဆရာ) (မှတ်ချက်။ ရန်ကုန်ဘဆွေသည် ဖက်ဆစ်တော်လှန်ရေးကာလ၊ မြစ်ဝကျွန်းပေါ်တွင် ဗိုလ်မှူးကြီးမောင်မောင်နှင့် အတူလက်တွဲပြီး ဖက်ဆစ်ဂျပန်တို့အား တော်လှန်ခဲ့သူ) ဦးစီးသော တော်လှန်ရေးရဲဘော်များနှင့်အတူ ရေသိုးကြီးစခန်းအား ဖွတ်အတင်းဝင်ရောက်တိုက်ခိုက်ခဲ့ရာ တိုင်းမှူး ဗိုလ်မှူးကြီးမောင်မောင်၊ ဗိုလ်မှူးသိန်းဒုတ်၊ ဗိုလ်မှူးစောမြသိန်း၊

ဗိုလ်ကြီးထွန်းအုံ၊ ဗိုလ်ကြီးရဲမြင့်၊ ဗိုလ်ကြီးလှဘော်၊ ဗိုလ်ကြီးဗိုလ်ကူးတို့အား ကယ်တင်နိုင်ခဲ့သည်။

ရေသိုးကြီးစခန်းကို တပ်မတော်က သိမ်းပိုက်ခဲ့စဉ် လွတ်မြောက်ခြင်းမရှိခဲ့သော ဗိုလ်ကြီးဒေါ်ဆင်၊ ဗိုလ်မှူးဘာကယ်၊ ဗိုလ်ကြီးလူမင်း၊ ဗိုလ်ကြီးတယ်ရီဖေသိန်းတို့ကို ကေအင်ဒီအိုများက သံတောင်အနီး ဘောဂလိခေါ် ကရင်စခန်းသို့ ခေါ်ဆောင်သွားပြီး ဆက်လက်ချုပ်နှောင်ခဲ့သည်။

ထိုစဉ် တောင်ငူမှ ဗမာ့သေနတ်ကိုင်တပ်ရင်း (၃)၊ အမှတ်(၇) ခြေလျင်တပ်ရင်းတို့မှ လက်ရွေးစင်တပ်မတော်သားများသည် ဘောဂလိစခန်းကို အတင်းဝင်ရောက် စီးနင်းရာတွင် ဗိုလ်ကြီးဒေါ်ဆင်အပါအဝင် အရာရှိနှစ်ဦးစလုံး ကေအင်ဒီအိုများ လက်ချက်ဖြင့် ကျဆုံးခဲ့ရလေတော့သည်။

အခန်း ( ၁၇ )

# ဗိုလ်မှူးကြီးဟောင်း တင်မောင် (မြတ်ထန်) ပြောသော ဗိုလ်နော်ဆိုင်း

ကေအင်ဒီအိုတို့သည် ပြင်ဦးလွင်ကို သိမ်းပိုက်လိုက်ကြပါပြီ။

မိတ္ထီလာကျဆုံးသည့်နေ့က ခရီးသည်တင် ယူဘီအေလေယာဉ်ပျံတစ်စီးသည် အခြေအနေကိုမသိသဖြင့် မိတ္ထီလာကွင်းသို့ ဆင်းခဲ့သည်။ ထိုလေယာဉ်ကို ကေအင်ဒီအိုတို့က အသာတကြည် သိမ်းလိုက်ကြသည်။ ထိုလေယာဉ်မောင်းသူသည် မျက်နှာဖြူလူမျိုးဖြစ်သည်။ သူ့ကို အကျပ်ကိုင်ကြသည်။ ထို့နောက် ထိုလေယာဉ်တွင် ကေအင်ဒီအိုတပ်သားအပြည့် လိုက်ပါကြ၍ ပြင်ဦးလွင်အနီးစခန်းသို့ သက်ဆင်းကြသည်။ ထိုအဖွဲ့ကို ခေါင်းဆောင်သူကတော့ ကချင်စစ်ဗိုလ် ဗိုလ်နော်ဆိုင်းပင် ဖြစ်သည်။

ထိုကွန်မန်ဒို စစ်ဆင်ရေးကလေးသည် ခက်မယောင်နှင့် လွယ်လှပါသည်။ လွယ်လွန်းသဖြင့်လည်း မည်သူကမျှ မမျှော်လင့်မိကြ။ ထိုသို့ မမျှော်လင့်မိကြသဖြင့် ပြင်ဦးလွင်သည် ကေအင်ဒီအိုတို့လက်သို့ သေနတ်တစ်ချက် မပစ်ဖောက်ရဘဲလျက် ကျဆင်းခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော့်အနေဖြင့်ကတော့ ထိုစစ်ဆင်ရေးကို အကြံရသူ စီစဉ်သူကိုပင် ချီးကျူးမိပါသည်။ ထိုလေယာဉ်ပျံသည် ချောင်းထဲသို့ ရောက်ရှိလာသည်။ ထိုလေယာဉ်ပျံကို ရလိုက်လျှင် တစ်ထောင်ချင်းအတွက်မျှပင်

အခွင့်အရေးကောင်းတစ်ခုကို မြင်လိုက်သော မြင်နိုင်စွမ်းရှိသော ဦးနှောက်ကို ရန်သူပင်ဖြစ်ပါစေ မလေးစားဘဲ မနေနိုင်ပါ။

သို့ရာတွင် ထိုအကြံအစည်သည် ဗိုလ်နော်ဆိုင်းထံမှ စတင်သည်ဟုဆိုပါက ကျွန်တော်များစွာ အံ့သြရပါလိမ့်မည်။ ဗိုလ်နော်ဆိုင်းကို ကျွန်တော်အသင့်အတင့် သိသည်။ ၁၉၄၆ ခုနှစ် ပြင်ဦးလွင်တွင် ဖွင့်လှစ်ခဲ့သော တပ်ခွဲမှူးသင်တန်းသို့ သူသည် သုံးလကြာမျှ ကျွန်တော်တို့နှင့်အတူ တက်ရောက်ခဲ့ဖူးသည်။

တောင့်ခိုင်၍ အရပ်ပုပု၊ ဂင်တိုဟုခေါ်ရမည့် ကိုယ်လုံးကိုယ်ထည်၊ မျက်လုံး ပြူးပြူး တိုက်ပွဲလေ့ကျင့်ရေးတို့တွင် တပ်ခွဲမှူး တပ်ရင်းမှူးတို့၏ အကူရဲဘော် တာဝန်ကိုသာ လိုလိုချင်ချင် ထမ်းဆောင်တတ်သူ၊ ထိုတပ်မှူးတို့၏ ရှေ့မှတက်ကာ သူ၏ဓားကြီးဖြင့် လမ်းထွင်သူ၊ တောရှင်းပေးသူ၊ ထို့ထက်ကြီးမားသော တာဝန် တို့ကို ခေါင်းတခါခါဖြင့် အကျောက်အကန် ငြင်းပယ်တတ်သူ၊ အမှန်တကယ် လည်း ထိုတာဝန်တို့ကို ထမ်းရွက်နိုင်စွမ်းမရှိသူ၊ ထိုသို့သော ဗိုလ်နော်ဆိုင်းကို ကျွန်တော်သည် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ဤသို့ရိုးသားစွာ မြင်ခဲ့ပါသည်။ သို့ရာတွင် သူသည် တပ်စုမှူးကောင်းတစ်ယောက် ဖြစ်နိုင်သည် ဆိုသည်ကိုတော့ လက်ခံရပါမည်။ ထိုသို့ နှလုံးရည်အားဖြင့် ချို့တဲ့သော်လည်း ဗိုလ်နော်ဆိုင်းသည် လက်ရုံးရည်နှင့် ပြည့်ဝသူဖြစ်ပါသည်။ စစ်ကြီးအတွင်းက ဗြိတိသျှစစ်တပ်တွင် သတ္တိပြောင်မြောက်စွာဖြင့် အမှုထမ်းခဲ့သည်။ ထို့ကြောင့် "ဘီဂျီအမ်" ဟူသော သူရဲကောင်းတံဆိပ်ဖြင့် ချီးမြှင့်ခြင်း ခံရသူဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ပြင်ဦးလွင်သို့ လေယာဉ်ဖြင့်သွားရောက်၍ သိမ်းပိုက်သည့် စစ်ဆင်ရေးကို မည်သူကကြံစည်သည်ဖြစ်စေ ထိုစစ်ဆင်ရေးကို ထိုဗိုလ်နော်ဆိုင်းက ခေါင်းဆောင်ခဲ့ခြင်းသည် ထိုစစ်ဆင်ရေးမျိုးနှင့် များစွာမှ အကိုက်ညီဆုံးသောသူ ဖြစ်ပါသည်။

ဗိုလ်နော်ဆိုင်းနှင့်အဖွဲ့ အနီးစခန်းလေယာဉ်ကွင်းသို့ ဆင်းလိုက်ကြသောအခါ ထိုကွင်းကို စောင့်ရှောက်ရန် တာဝန်ကျနေသောတပ်စုသည် အစိုးရတပ်၏ဝတ်စုံ၊ အစိုးရတပ်၏ တံဆိပ်အမှတ်အသားတို့ကို ဆင်ယင်ထားသော ထိုအဖွဲ့ကို မိမိတို့ ဘက်သားဟု အထင်ရှိရာ ထိုအတိုင်းပင် ကြည့်နေမိကြသည်။ ကေအင်ဒီအိုတို့သည် လေယာဉ်ပေါ်မှ အေးဆေးစွာဆင်းခဲ့ကြပြီး ထိုအစောင့်၏ လက်နက်များကို သိမ်းလိုက်သောအခါ ကျောချမှ ဓားပြမှန်းသိလိုက်ကြပါသည်။

ထို့နောက် ဗိုလ်နော်ဆိုင်းတို့သည် မြို့တွင်းသို့ ဟန်မပျက်ဝင်ခဲ့ကြ၍ ထိုစဉ်က ပြင်ဦးလွင်တွင် အများအပြားရှိနေကြသော ကရင်အမျိုးသား လက်နက်ကိုင်တပ်သားတို့နှင့် ပူးပေါင်းလိုက်ကြကာ မြို့ကို အလွယ်တကူ သိမ်းလိုက်ကြခြင်းဖြစ်သည်။ ထိုမျှလွယ်ကူလှပါသည်။

ထို့ကြောင့် ပြင်ဦးလွင်ကျပြီဆိုသည့်သတင်းကို ကြားကြရသောအခါ မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်သွားကြသည်။ ကျွန်တော့်မှာတော့ တွေးမိတိုင်း မကျေမနပ် ဖြစ်နေမိသည်။ ကျွန်တော်သေသေချာချာ မှတ်မိပါသည်။ မိတ္ထီလာ မကျမီကလေးတွင် ရန်ကုန်သို့ နောက်ဆုံးပို့ခဲ့သော ကြေးနန်းတွင် မိတ္ထီလာလေယာဉ်ကွင်း လုံခြုံမှုမရှိပုံ တိတိကျကျဖော်ပြ အစီရင်ခံခဲ့သည်။ ထိုကြေးနန်းကို ရန်ကုန်မှ မရရှိခဲ့သောကြောင့်ပေလား။ ရလျက်နှင့် လေယာဉ်သို့ အချိန်မီအကြောင်းမကြားနိုင်ခဲ့၍ပေလား။

မည်သို့ပင်ဖြစ်စေ ပြင်ဦးလွင်ကျဆုံးခဲ့ရခြင်းသည် သမိုင်း၏ အကျည်းတန်လှသော အခန်းတစ်ရပ်အဖြစ် ကျန်ရစ်ခဲ့ပါပြီ။ သို့ရာတွင် ထိုသို့သော စဉ်းစားမည်ဆိုပါက နောင်တစ်ခေတ်ပြုစုမည့် သမိုင်းစာအုပ်ကြီးတွင် ထိုသို့ အကျည်းတန်လှသည့် စာမျက်နှာတွေသည် အတော်ပင်များပြားပါလိမ့်မည်။

## ဗိုလ်နော်ဆိုင်း

ဗိုလ်နော်ဆိုင်းသည် ကချင်လူမျိုးဖြစ်သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီ စစ်ထဲဝင်ရန် ပြင်ဦးလွင်သို့ ရောက်ရှိလာသည်။ ပြင်ဦးလွင် ပညာရေးတပ်သို့ ဝင်ရောက်ခွင့်မရရှိသဖြင့် ထိုစဉ်က ပညာရေးကျောင်းမှ ဗိုလ်စောစီထူးက ဗိုလ်နော်ဆိုင်းအား နေအိမ်တွင်ခေါ်ထားပြီး (၃) လခန့် ကျွေးမွေးစောင့်ရှောက်ခဲ့သည်။

တပ်ထဲဝင်ရောက်ခွင့် မရသေးသော ဗိုလ်နော်ဆိုင်းအား တပ်ထဲဝင်ရန် အခွင့်ရေးပေါ်လာသဖြင့် ၁၀/၂၀ ဘားမားရိုင်ဖယ်တပ်သို့ သွင်းပေးခဲ့သည်။ (၂) နှစ်ခန့်အကြာတွင် ဒုတပ်ကြပ်အဆင့်ဖြင့် ဘင်ခရာတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။

ထို့နောက် ဒုတိယကမ္ဘာစစ်အတွင်းမှာပင် ကချင်ရိုင်ဖယ်တပ်သို့ ပြောင်းခဲ့ရပြီး ထိုမှတဆင့် မြန်မာပြည်မြောက်ဖျားဒေသ ဂျပန်တို့လက်အောက်မှ လွတ်

မြောက်ရန် ထိုးစစ် စစ်ဆင်ရေးလုပ်လာသော ဗြိတိသျှတပ်မှ ဗိုလ်ချုပ်ဝင်းဂိတ် တပ်သို့ ပြောင်းရွှေ့ခံရပြီးနောက် ဂျပန်တပ်၏နောက်တန်းကို ထိုးဖောက်ဝင်ရောက် တိုက်ခိုက်ခဲ့ရာတွင် ထူးချွန်သဖြင့် (ဘီဂျီအမ်) သူရဲကောင်းတံဆိပ် ချီးမြှင့်ခြင်း ခံခဲ့ရလေသည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် အမှတ် (၁) ကချင်သေနတ်ကိုင် တပ်ရင်းတွင် ဗိုလ်ကြီးအဆင့်ဖြင့် ပျဉ်းမနားတွင် တာဝန်ကျသည်။ ပျဉ်းမနားတွင် ရန်သူမိတ်ဆွေ မခွဲခြားဘဲ ပစ်ခတ်သတ်ဖြတ်ခြင်း၊ ရွာများမီးရှို့ခြင်းတို့ကို ပြုလုပ်လာသဖြင့် ဗိုလ်နော်ဆိုင်းအား စုံစမ်းစစ်ဆေးပြီး စစ်ခုံရုံးတင်မည်အပြုတွင် ကေအင်ဒီအိုများက ပျဉ်းမနားမြို့ကို သိမ်းပိုက်သောအခါ ဗိုလ်နော်ဆိုင်းနှင့် သူ၏နောက်လိုက်များက ကေအင်ဒီအိုနှင့် ပူးပေါင်းပြီး တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဗိုလ်နော်ဆိုင်းသည် ကေအင်ဒီအိုတို့နှင့်အတူ အထက်မြန်မာပြည်ရှိ မန္တလေးနှင့် ပြင်ဦးလွင်အပါအဝင် မြို့အတော်များများကို သိမ်းပိုက်ခဲ့လေသည်။

နောက်ဆုံး ပြင်ဦးလွင်မှ ဆုတ်ခွာပေးပြီးနောက် ဗိုလ်နော်ဆိုင်းသည် ရှမ်းပြည်နယ်နှင့် နယ်စပ်ရှိ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ဆက်သွယ်ပြီး ဗမာပြည်စစ်ရေးတာဝန်ခံ ဖြစ်လာသည်။ နယ်စပ်ဒေသ တိုက်ပွဲဆင်နွှဲနေစဉ် ရှေ့တန်းစစ်မျက်နှာတွင် နာမကျန်းဖြစ်ပြီး ကွယ်လွန်ခဲ့လေသည်။

အခန်း ( ၁၈ )

## ပြင်ဦးလွင်သမိုင်းအတွက် အမှတ်တရ တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့နေ့ ဖေဖော်ဝါရီ ၂၄ ရက်

၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်နေ့တွင် ပြင်ဦးလွင်မြို့ ကေအင်ဒီအို များ သိမ်းပိုက်လိုက်သည့်အခါ ပြင်ဦးလွင်အင်ဂျင်နီယာတပ်ဖွဲ့မှ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများအားလုံးကို ဗိုလ်မှူးထင်ပေါ် (ကွယ်လွန်)နှင့် ဗိုလ်ကြီး ဘဖြူ (နောင်သောအခါ ဗိုလ်မှူးကြီး–ကွယ်လွန်) တို့ ခေါင်းဆောင်ပြီး လားရှိုးဘက်သို့ ချာစစ်ဆင်ခဲ့သည်။ ထို့နောက် အရာရှိစစ်သည်များ ပြန်လည်စည်းရုံးပြီး ရသမျှ လက်နက် ခဲယမ်းမီးကျောက်များနှင့် ပြင်ဦးလွင်ကို သိမ်းပိုက်ထားသည့် ကေအင် ဒီအိုများကို ၁၉၄၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၃) ရက်နေ့မှစပြီး ပြန်လည်တွန်းလှန် တိုက်ခိုက်ခဲ့သည်။

ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် တပ်မတော်အင်ဂျင်နီယာ (ယခု တပ် မတော် နည်းပညာတက္ကသိုလ်) မှ မြို့တွင်း (မန္တလေး–လားရှိုးလမ်းမကြီးတစ် လျှောက်) လမ်းတစ်လျှောက်၊ မြို့မရပ်ရှင်ရုံအထိ တစ်မြို့လုံးနီးပါး ပြန်လည် သိမ်းပိုက်ခဲ့ပြီးနောက် မြို့တွင်းတိုက်ပွဲများကို ဆက်လက်ဆင်နွှဲခဲ့သည်။ ထိုနေ့ကို အကြောင်းပြု၍ တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့သည်။

ကေအင်ဒီအိုများသည် အမှတ်(၂) လေ့ကျင့်ရေးတပ်နေရာမှ အခိုင်အမာတပ် စွဲထားပြီး တပ်မတော်အင်ဂျင်နီယာတပ်ကို စိန်ပြောင်းများဖြင့် နေ့စဉ်လိုလို ပစ်ခတ် တိုက်ခိုက်ခဲ့သည်။

တပ်မတော်အင်ဂျင်နီယာတပ်မှ ကေအင်ဒီအိုတို့အား ပြန်၍တိုက်ခိုက်ရန် ပစ်မှတ်ရှာရန် အခက်အခဲရှိနေချိန်တွင် တပ်မတော်အင်ဂျင်နီယာတပ်မှ တပ်ကြပ်လှမောင်၏ဇနီး ထောက်လှမ်းပေးမှုကြောင့် ကေအင်ဒီအိုများကို နှိမ်နင်းနိုင်ခဲ့သည်။

## တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့မှ နိုင်ငံတော်အတွက် စွမ်းဆောင်ခဲ့မှုအရ ရရှိခဲ့သော ဘွဲ့တံဆိပ်များ

သူရဘွဲ့ရရှိသူ (၅) ဦး (သူရမချစ်ပိုအပါအဝင်) တပ်မတော် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်ရရှိသူ သူရဲကောင်းမှတ်တမ်းဝင် (၁၃၀) ဦး၊ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူ (၅၃) ဦး၊ ဂုဏ်ထူးဆောင်တံဆိပ် (၂၅) ဦး၊ စွမ်းဆောင်မှုဆိုင်ရာ ဘွဲ့တံဆိပ် (၇) ဦး စသည်တို့ ဖြစ်ပါသည်။

## တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းများ

စစ်ဆင်ရေးလမ်း အမျိုးအစား (၇) မျိုး၊ လမ်းပေါင်း (၂၀၇) ခု၊ မိုင်အားဖြင့် (၅၀၈၅) တာဝန်ယူ ဖောက်လုပ်ပေးခဲ့သည်။ ပြည်သူ့အကျိုးပြုလုပ်ငန်းများအနေနှင့် ရန်ကုန်–မန္တလေး အမြန်လမ်းမကြီး မိုင်အရှည် (၁၇၁) မိုင်၊ လေယာဉ်ကွင်း (၅) ကွင်း ဆောက်လုပ်ပေးခြင်း၊ လေယာဉ်ပြေးလမ်း မီးဆင်ပေးခြင်း၊ နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် နေပြည်တော်တည်ဆောက်ရာတွင် အဓိကအခန်းမှ ပါဝင်ဆောင်ရွက်ခဲ့သည်။

## ဘီအီးတပ်မှသည် တပ်မတော်အင်ဂျင်နီယာကျောင်း

၁၉၄၅ ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင် လေ့ကျင့်ရေးအင်ဂျင်နီယာတပ်ရင်းဟုလည်းကောင်း၊ ၁၉၅၂ ခုနှစ်တွင် ဗဟိုအင်ဂျင်နီယာတပ်ဟုလည်းကောင်း၊ ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် တပ်မတော်အင်ဂျင်နီယာကျောင်းဟု အဆင့်ဆင့် အမည်ပြောင်းခဲ့သည်။

ယခု တပ်မတော်အင်ဂျင်နီယာ သင်တန်းကျောင်းမှာ ယခင်အမှတ် (၂) လေ့ကျင့်ရေးတပ်နေရာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

# ဘီအီးရေတံခွန်နှင့် ပြင်ဦးလွင်

ယခု ပွဲကောက်ရေတံခွန်ကို ဒုတိယကမ္ဘာစစ်မတိုင်မီက ပြင်ဦးလွင်မြို့ အခြေစိုက်ဗြိတိသျှတို့၏ ဟမ်းရှားယားတပ် (Hamshire) ကို အစွဲပြု၍ ဟမ်းရှားယားရေတံခွန် (Hamshire Fall) ဟု အမည်ပေးခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ဘားမားအင်ဂျင်နီယာတပ် (ဗဟို အင်ဂျင်နီယာတပ်) မှ တပ်မတော်သားများက ပွဲကောက်ရေတံခွန်ကို အများ ပြည်သူ အပန်းဖြေအနားယူနိုင်ရန် တပ်မှူးများဖြစ်သော ဗိုလ်မှူးကြီးဘဖြူ၊ ဗိုလ်မှူးတင်မောင် (သိပ္ပံမှူးတင်)၊ အထူးသဖြင့် ဘီအီးတပ်ရင်းမှူး ဒုဗိုလ်မှူးကြီး သိန်းဝင်းလက်ထက် (၁၉၆၂–၁၉၇၂)ခုအတွင်း၌ အင်ဂျင်နီယာတပ်သားများကို စာတွေ့ရော လက်တွေ့ပါ သင်သည့်အနေဖြင့် ရေတံခွန်၌ ကြိုးတံတားတည် ဆောက်စေခြင်း၊ ပြည်သူများ အပန်းဖြေအနားယူနိုင်ရန် နားနေဆောင်များ တည် ဆောက်ခြင်း၊ ရေတံခွန်သို့ ဆင်းသည့်ကားလမ်း အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာနိုင်ရန် ပြေပြစ်ချောမွေ့အောင် ပြုပြင်ခဲ့သည်သာမက ရေငယ်ရွာနှင့် မိုးကြိုးပစ်ရွာများကိုလည်း ရွာသူရွာသားများ သွားလာလွယ်ကူစေရန်အတွက် လမ်းများ ဖောက်လုပ်ပေးခဲ့သည်။ ဒုဗိုလ်မှူးကြီးမျိုးမြင့်နှင့် ယနေ့ တပ်မတော် အင်ဂျင်နီယာ သင်တန်းကျောင်းတပ်မှူး ဒုဗိုလ်မှူးကြီးအေးလွင်၊ ဒုဗိုလ်မှူးကြီး သန်းဦး (အရာရှိနည်းပြချုပ်) အထိ ပွဲကောက်ရေတံခွန်ကို အစဉ်တစိုက် သာယာ လှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ခဲ့သဖြင့် ယနေ့ ဆိုလျှင် ကမ္ဘာလှည့်ခရီးသည်များအပါအဝင် ပြည်တွင်းပြည်ပမှ ဧည့်သည်များ နေ့စဉ်လိုလို စည်ကားစွာ လာရောက်အပန်းဖြေ အနားယူလျက်ရှိသည်။

## ကျေးဇူးတင်ရမည့် ပုဂ္ဂိုလ်

ဘီအီးတပ်ရင်းမှူး ဒုဗိုလ်မှူးကြီးသိန်းဝင်းလက်ထက်တွင် ပြင်ဦးလွင်မြို့ စိမ်းလန်းသာယာလှပစေရန် သစ်ပင်များစွာ စိုက်ပျိုးခြင်း၊ ဘီအီးရေတံခွန်တွင် ဂဲလောင်ချောင်းရေစီးဆင်းမှုကို ပိုမိုလှပအောင် အဆင့်ဆင့်ပြုပြင်ခြင်းအပြင် ကန်တော်ကြီးရေအား တိမ်ကောခမ်းခြောက် မသွားစေရေးအတွက်လည်း ဗိုလ်မှူး ကြီးအယ်လ်ခွန်နောင်နှင့်အတူ ကန်တော်လေးတူးဖော်ကာ ကန်တော်ကြီးရှိ ရေများကို ထိန်းထားခဲ့သည်။ တစ်ဖန် ဗဟိုအင်ဂျင်နီယာတပ်မှူး ဒုဗိုလ်မှူးကြီး

မျိုးမြင့် လက်ထက်တွင်လည်း ဗဟိုအင်ဂျင်နီယာတပ်မှ အရာရှိ၊ အရာခံ၊ တပ်သားများသာမက မိသားစုများပါမကျန် လမ်းများဖောက်လုပ်ခြင်း၊ မြေနေရာများ ရှင်းလင်းခြင်း၊ ရေတံခွန်ပေါ်လွင်စေရန် ပြုပြင်ဆောင်ရွက်ခြင်း၊ ပွဲကောက်ကျေးရွာသို့ ရာသီမရွေး သွားလာနိုင်စေရန် လမ်းကို စစ်သည်အင်အားနှင့် စက်ယန္တရားများသာမက ပွဲကောက်ကျေးရွာသူ၊ ကျေးရွာသားများပါ စုပေါင်း၍ ဖောက်လုပ်ခဲ့သည်။

## ပြင်ဦးလွင် သန့်ရှင်းသာယာလှပရေးနှင့် ဗဟိုအင်ဂျင်နီယာတပ်

တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ပြင်ဦးလွင်သန့်ရှင်းလှပရေးအတွက် ဗဟိုအင်ဂျင်နီယာတပ်က တာဝန်ယူခဲ့သည်။ မြို့တွင်းသန့်ရှင်းရေးအတွက် အမှိုက်သိမ်းခြင်းလုပ်ငန်းများအထိ ဆောင်ရွက်ခဲ့ရာတွင် ဂလိုင်ခေါက်အမှိုက်သိမ်းခြင်းစနစ်ကို စတင်တီထွင်ခဲ့သည်။ ထို့ပြင် မြို့တွင်း ၁၀ နေရာ၌ ကလေးသူငယ်များ အန္တရာယ်ကင်းစွာ ကစားနိုင်ရန်အတွက် ကလေးကစားကွင်းများကို ဖော်ထုတ်ပေးခဲ့သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် အစိုးရလက်ထက်တွင် ပွဲကောက်ရေတံခွန်တွင် လူရည်ချွန် အပန်းဖြေစခန်း၊ ဆရာ၊ ဆရာမများ အနားယူစခန်း၊ စံပြလုပ်သားများ နားနေစခန်း စသည်ဖြင့် ဖွင့်လှစ်ပေးခဲ့ရာတွင် တပ်မတော်အင်ဂျင်နီယာတပ်မှ တပ်မတော်သားများက အစစအရာရာ လိုလေသေးမရှိအောင် ကူညီစောင့်ရှောက်ခဲ့ပါသည်။

## ပြင်ဦးလွင်မြို့နှင့် ယခင်ဘီအီးတပ်
## (ယခုတပ်မတော်အင်ဂျင်နီယာကျောင်း) နောက်ခံသမိုင်း

၁၉၄၆ ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်နေ့မှ (၂၄) ရက်နေ့အထိ ဗိုလ်ချုပ်အောင်ဆန်းသည် ပြင်ဦးလွင်မြို့ရှိ တပ်များကို စစ်ဆေးရန်ရောက်ရှိခဲ့သည်။

ထိုရက်များတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ပြင်ဦးလွင်မြို့ရှိ ဘားမားအင်ဂျင်နီယာတပ် (Burma Engineer) သို့ လာရောက်ပြီး စစ်ရေးပြကွင်း၌ မြန်မာရဲဘော်များအား မိန့်ခွန်းစကား ပြောကြားသည်။ ထိုစဉ်က ဘားမားအင်ဂျင်နီယာတပ်ကို မြန်မာအရာရှိများနှင့် ဗြိတိသျှအရာရှိများက ပူးတွဲအုပ်ချုပ်လျက်ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းစကားပြောကြားရာတွင် ဗြိတိသျှစစ်အရာရှိများ ဘေးတွင်ရှိနေသည်။

ဗိုလ်ချုပ်အောင်ဆန်းက မြန်မာရဲဘော်များအား မိန့်ခွန်းပြောကြားရာတွင်...

"ရဲဘော်တို့ ရဲဘော်တို့ကို သူတို့က နှိမ်လိမ့်မယ်။ ဘာမှစိတ်မပျက်ကြနဲ့။ ခွဲရှိကြပါ။ အဆင်းရဲခံကြပါ။ လွတ်လပ်ရေးဆိုတာ ခွဲရှိမှရတယ်။ လွတ်လပ်ရေးမရမချင်း အဆင်းရဲခံကြပါ" စသည်ဖြင့် ပြောကြားသွားသည်။

## ဘားမားအင်ဂျင်နီယာတပ်ဖွဲ့

ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားသွားသော ဘားမားအင်ဂျင်နီယာဆိုသည်မှာ မြန်မာနိုင်ငံလွတ်လပ်ရေးမရမီက ပြင်ဦးလွင်အထွက် ရေချမ်းအိုးရွာထိပ်တွင် မဒရပ်စ်ဆပ္ပါးမိုင်းနားတပ်အမည်ဖြင့် သန္ဓေတည်ခဲ့သည်။ ဆပ္ပါးမြေတူးခြင်း (ခံစစ်)မိုင်းနား မိုင်းကို အသုံးပြုခြင်း မိုင်းထောင်သောတပ်ဟု အဓိပ္ပာယ်ရသည်။

## ဘားမားဆပ္ပါးမိုင်းနားတပ်

မြန်မာနိုင်ငံကို အင်္ဂလိပ်နယ်ချဲ့တို့ သိမ်းပိုက်ပြီးနောက် အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ် တွဲဖက်ခဲ့သည်။ ၁၉၃၇ ခုနှစ်သို့ရောက်သော် မျိုးချစ်မြန်မာခေါင်းဆောင်များက မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံမှခွဲထုတ်ပြီး သီးခြားနိုင်ငံအဖြစ် တောင်းဆိုတိုက်ပွဲဝင်ခဲ့ရာ ၁၉၃၇ ခုနှစ်တွင် အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံမှ ခွဲထုတ်ပေးခဲ့ရလေသည်။

၁၉၃၇ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ မန္တလေးမြို့တွင် စတင်၍ ပြန်တမ်းဝင်အရာရှိအဆင့်ရှိ မြန်မာအမျိုးသား ဂျမဒါဘသိန်းနှင့် မြန်မာအမျိုးသား (၁၃) ယောက်ပါဝင်သည်။ အမှတ် (၁) စစ်မြေပြင် အင်ဂျင်နီယာတပ်ခွဲ (ဘားမားဆပ္ပါးမိုင်းနား) ကို စတင်ဖွဲ့စည်းခဲ့သည်။

ထိုသို့ မြန်မာနိုင်ငံသားများပါဝင်သော ဘားမားဆပ္ပါးမိုင်းနား တပ်ဖွဲ့ဝင်များသည် ပထမကမ္ဘာစစ် (၁၉၁၄ ခုနှစ်) အတွင်း မက်ဆိုပိုတေးမီးယားနှင့် အာဖဂန်နစ္စတန်စစ်ပွဲတွင် ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်ခဲ့သည့်အတွက် မက်ဆိုပိုတေးမီးယားတံဆိပ်နှင့်အလံကို ဂျမဒါဘသိန်းတို့အား ဂုဏ်ပြုလက်ဆောင်အဖြစ် ပေးအပ်ခြင်းခံခဲ့ရသည်။ (ယနေ့အထိ ပြင်ဦးလွင်တပ်မတော် အင်ဂျင်နီယာကျောင်းတွင် ထိန်းသိမ်းပြသထားလေသည်။)

# နိဂုံး

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိခဲ့သည်။

ပြင်ဦးလွင်ဆိုလျှင် ကေအင်ဒီအိုလက်ချက်ကြောင့် တစ်လ အတွင်း မြို့သူမြို့သားပေါင်း (၁၉၄၆) ကျော် သေကြခဲ့ရသည် အထိ ပြည်တွင်းစစ်ဒဏ်ကို လူလုကြီးခံစားခဲ့ရသည်။

ထို့ကြောင့် ပြင်ဦးလွင်၌ ဖြစ်ပွားခဲ့သော တိုင်းရင်းသား အချင်းချင်း ဖြစ်ပွားခဲ့သည့် ဝမ်းနည်းဖွယ်ရာ ပဋိပက္ခအနိဋ္ဌာရုံမျိုး မြန်မာနိုင်ငံအတွင်း နောင်တွင် မည်သည့်အခါမှ မဖြစ်စေတော့ပဲ၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်စွာဖြင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်ကြပါမည်။

မြန်မာနိုင်ငံအတွင်း ထာဝရငြိမ်းချမ်းရေး အပြည့်အဝ အမြန်ဆုံးရပါစေ။

**မေမြို့ ချစ်ဆွေ**

■